
# ဟောင်နှင်းဆွေ
# မိုးပြိုလက်သီး



ပထမအကြိမ်
၁၉၉၀၊ ဖေဖော်ဝါရီလ
စာမူခွင့်ပြုအမှတ် ၁၈/၉၀{၁}
မျက်နှာဖုံးနှင့်ရေးခွင့်ပြုအမှတ် ၀၀၁/၉၀{၁}

| | |
|---|---|
| တန်ဖိုး | ကျပ်သုံးဆယ့်နှစ်တိတိ |
| အုပ်ရေ | ၁၀၀၀ အုပ် |
| မျက်နှာဖုံးပန်းချီ | မျိုးသန့်အောင် |
| ကာလာခွဲ | ပေါက်စီ(သန်းစိုး) |
| မျက်နှာဖုံးရိုက် | သမီးနှင့်သား |
| ပုံနှိပ်သူ | ဦးရွှေစိုး {၀၃၀၅၅} |

သမီးနှင့်သားပုံနှိပ်တိုက်
၄၀•ဝတ်ကျောင်းလမ်းရေကျော်၊ရန်ကုန်

| | |
|---|---|
| ထုတ်ဝေသူ | မောင်နှင်းဆွေ(မြ၀၉၈၃)<br>ပန်းလက်ဆောင်စာပေ<br>၃၃၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊<br>ရန်ကုန်မြို့။ |


# ပေါ်နှင်းဆွေ

မိုး ဖြိ လက် သီး

သိုင်းဘာသာပြန် အသစ်စက်စက် ဒုတိယတွဲ(ဇာတ်သိမ်း)

## အခန်း (၃၄)

စားသောက်ဖွယ်ရာများ အသင့်ချထားပြီးဖြစ်သည်။

အစိမ်းကြော်၊ ဘဲဥကြော်၊ မုန့်ဆီကြော်၊ အသားအချင်နှင့် ပဲဆန်ပြုတ်အိုးအပြင် အရက်အိုးတစ်အိုးလည်း ပါဝင်နေလေသည်။

အရက်က အိုးတစ်ဝက်ခန့်သာရှိသည်။
ဟင်းလျာက သာမန်ဟင်းလျာများသာဖြစ်သည်။
ချစ်နီးယိုက အားလုံးကိုဖြုံးကြည့်ကာ....

'ဒီတစ်နပ်တော့ ကျုပ်ငွေချေယူပါ့မယ်၊ အားလုံးတစ်ထောင့်ငါးရာပဲကျတယ်'

သူသည် အားပါးတရဖြုံးနေသည်။

အမြတ် မည်မျှယူစေကာမူ စားသောက်သူက ဝိုင်ခံမည်သာ ဖြစ်သည်။

ထိုအချက်ကို ချိစိန်းယိအလည်း ကောင်းစွာနားလည်နေပေသည်။

ရှောက်မာက ကျန်းလုံကျိ ဘက်လှည့်ကာ....

'ခင်ဗျား ဘယ်တုန်းကငွေတွေရခဲ့လို့ အခုလိုကျွေးမွေးဖို့ စိတ်ကူးနေတာလဲ'

ထိုအခါ....

ကျန်းလုံကျိ ပြုံးရင်း....

'ဟိုငနဲမြန်မြန်သွားစေချင်လို့ ငါဝင်နှောင့်လိုက်တာ'

သူကား ရှမ်းရှမ်းကို အလျင်စလိုပြုစုစောင့်ရှောက်ချင်နေသူ ဖြစ်သည်။

ရှောက်မာက ဘာမျှမပြောတော့။

သူသည် ကျန်းလုံကျိအကြောင်း ကောင်းကောင်းသိလေသည်။

ကျန်းလုံကျိသည် မိန်းမသားများအပေါ် လွယ်လွယ်နှင့် အရူးအမူးတတ်သူမဟုတ်။

အထူးသဖြင့် ငယ်ရွယ်သူတို့အပေါ် အရူးအမူးတတ်သူ မဟုတ်။





မိန်းကလေးများအပေါ် အရူးအမူးခဲလှသည်။

ယခု...

ကျန်းလုံကျိသည် အသက်ကြီးရင့်နေပြီဖြစ်သည်။

လူအိုတစ်ယောက်က မိန်းမငယ်လေးတစ်ယောက်အပေါ် အရူးအမူးမိပါက အန္တရာယ်များလှသည်ဟု ဆိုရမည်။

သို့သော်...

ရှောက်မာအား သူတို့ကိစ္စကို ဂရုမစိုက်။

သူသည် သူတစ်ပါးကိစ္စကို စွက်ဖက်ချင်ပါက ဝင်ရောက်စွက်ဖက်တတ်ပြီး မစွက်ဖက်ချင်ပါကလည်း မသိသလိုနေတတ်သည်။

ရှောက်မာသည် နေရာတကာစပ်စုသည်ဆိုသော်လည်း သူတစ်ပါး၏ ကိုယ်ရေးကိုယ်တာကို စွက်ဖက်လေ့မရှိ၊ သူ့ရှေ့တွင် မတရားမှုတွေ့လျှင်သာ ဝင်ရောက်စွက်ဖက်တတ်သူ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ကျန်းလုံကျိကို လေးစားကြည်ညိုဖွယ်ကောင်းသည်ဟု ရှောက်မာခံယူထားသည်။

သို့သော်...

သူ၏စိတ်ရင်းကိုမူ ထုတ်ဖော်၍ပြောမည်မဟုတ်။

ရှမ်းရှမ်းအား အိမ်ခန်းထဲသို့ထမ်းခေါ်လာပြီဖြစ်သည်။
အိမ်ခန်းသည် ငှက်လှောင်အိမ်ထက်ကျယ်ပုံမရ။
ရှမ်းရှမ်းသတိလစ်နေဆဲပင်။

'တဆယ်တော့ ကျင်းကျင်းတို့ညီအစ်မက ရှမ်းရှမ်းကို ပြုစုစောင့်ရှောက်ထားသင့်သည်။
သို့သော်....

သူတို့ညီအစ်မနှစ်ယောက်စလုံးက မောမောနှင့် အိပ်ပျော်သွားကြလေပြီ။

ကျန်းလုံကျိကမအိပ်၊ ခုတင်ခေါင်းရင်းတွင်ထိုင်လျက် ရှမ်းရှမ်းကို တရမလပ်ပြုစုလျက်ရှိသည်။

ဝေါယာဥ်ထဲမှသူမမှာသည် ဝေါယာဥ်ထဲတွင်ရှိနေဆဲပင်။

သူတို့သည် ဝေါယာဥ်ကို အကျယ်ဆုံးအခန်းထဲပို့ထားလေသည်။

'ကျွန်မမစောင်လေးက ဝေါယာဥ်ထဲကဆင်းလို့မရဘူး၊ လေစိမ်းတိုက်ရင် ပိုဆိုးသွားနိုင်တယ်'

နန်းနန်းသည် အထက်ပါအတိုင်း ပြောခဲ့၏။

စင်စစ်....

အိမ်ထဲသို့ လေစိမ်းမဝင်နိုင်၊





အိမ်က အဆောင်ကြီးမဟုတ်သော်လည်း လုံခြုံမှုတော့ရှိသည်။

ရှောက်မာသည် ခုတင်ထက်တွင် လှဲရုံသာရှိသေးသည်။

ချက်ချင်းထထိုင်လိုက်၏။

သူသည် တစ်ယောက်ယောက်နှင့် စကားပြောလိုစိတ် ရှိသောကြောင့်ပင်။

ကျန်းလုံကျိက ရှောက်မာနှင့်စကားပြောလိုစိတ်ရှိပုံမရ။

သို့ဖြင့်....

ရှောက်မာက ချန်ဖဲ့ဖိအား သွားရောက်ရှာသည်။

အထမ်းသမားအားလုံးသည် နောက်ဖေးရှိ တဲအိမ်ထဲတွင် နေနေကြသည်။

ထို့ကြောင့်....

ရှောက်မာတို့လူစုသည် တစ်ယောက်တစ်ခန်း ရနေကြခြင်းဖြစ်သည်။

အခန်းအားလုံးက ဟောင်းနွမ်းနေသည်။
ခုတင်အားလုံးလည်း၊ အဟောင်းပင်။
ခုတင်ပေါ်တွင် ဖျာအဟောင်းတစ်ချပ် ခင်းထားလေသည်။

ချန်ဖဲ့ဖီသည် ခုတင်ထက်တွင်လဲလျောင်းရင်း ရှောက်မအား စိုက်ကြည့်လိုက်သည်။

ကိစ္စရှိ၍ရောက်လာမှန်းသိသော်လည်း ချန်ဖဲ့ဖီက လုံးဝ မေးမြန်းခြင်းမပြုဘဲ ရှောက်မအပြောကိုသာ စောင့်နေလေသည်။

ရှောက်မက ခုတင်ဘေးတွင်ချထားသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

ထို့နောက်....

'ဒီတစ်ခေါက်တော့ ကျုပ်ကြောင့် ခင်ဗျားပါ ချောက်ပေါက် တိုးနေရပြီ'

ရှောက်မက စကားစသည်။

'သူတစ်ပါးကို ချောက်ထဲချတဲ့နေရာမှာ မင်းကအတော်ဆိုးပါပဲ'

ချန်ဖဲ့ဖီက ပြန်ပြောလိုက်သည်။

ရှောက်မ ပြုံးသည်။

သူ့အပြုံးက မဲ့ပြုံး။

'ခင်ဗျား ကျုပ်ကိုအပြစ်မတင်မှန်း သိတယ်၊ ဒါပေမယ့် ကျုပ်ကိုယ်တိုင်က နောင်တရသလိုဖြစ်လာပြီ'

'မင်းက နောင်တရတယ် ဟုတ်လား'





ချန်ဖဲ့ဖီက မယုံကြည်နိုင်သလိုမေးသည်။

ရှောက်မသည် သူ့အလုပ်လုပ် နောင်တရတတ်သူ မဟုတ်ပေ။

သူလုပ်သည့်အလုပ်များကလည်း အမှားပါခဲ့လှ၏။

အမှားပါခဲ့လျှင်လည်း သူတစ်ပါးကိုကူညီ၍ မှားခြင်းမျိုးသာ ဖြစ်သည်။

သူစပ်စုတတ်သည်ကလည်းတစ်မျိုး။ သူ့ရှေ့တွင် မဟုတ်တမ်းတရား ဖောက်ထားနေသည်ဟုထင်သော အဖြစ်မျိုးတွင်သာ စပ်စုတတ်ခြင်းဖြစ်သည်။

ရှောက်မ ချန်ဖဲ့ဖီ၏အမေးကို ခေါင်းညိတ်ကာဖြေလိုက်သည်။

ထို့နောက်....

ဆက်ပြင်းတစ်ချက်ရှူကာ....

'ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က ချောက်ထဲကျနေပေမယ့် ကျုပ်ကိုယ်တိုင် ဘာလုပ်နေတယ်၊ ဘာအတွက်လုပ်နေတယ်ဆိုတာ သိတာမဟုတ်ဘူး'

'တို့က လူမမာတစ်ယောက်ကို စောင့်ရှောက်နေတာ၊ ဒီတောင်ကိုကျော်ဖို့ အကာအကွယ်ပေးနေတာ၊ ဒုက္ခရောက်နေသူကို အကာအကွယ်ပေးတာတော့ တို့မမှားနိုင်ဘူး'

ချန်ပဲ့ဖီအ ပြောသည်။

'ဒါတော့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်'

'ဖြစ်ကောင်းဖြစ်နိုင်တယ်ဆိုတာက ချွင်းချက်ရှိတယ်၊ တို့လုပ်တာ မှားကောင်းမှားနိုင်သလား'

'ဒါလဲ သေသေချာချာမသိဘူး၊ ဒါပေမယ့် စဉ်းစားစရာတော့ရှိတယ်၊ ဒီလူမမာက ဘယ်သူလဲ၊ ဘာဖြစ်လို့ မျက်နှာကိုတောင် အမြင်မခံဝံ့တာလဲ လူမြင်မှာကိုကြောက်နေတာလား၊ ဒါတွေက စဉ်းစားစရာဖြစ်နေတယ်၊ နောက်ဆုံးပြောရရင် ဒီလူတကယ်ပဲ နေမကောင်းဖြစ်နေသလား၊ အကြောင်းတစ်ခုခုကြောင့် ကျုပ်တို့ကိုလှည့်စားနေသလားဆိုတာ ပြောရခက်နေတယ်'

'ဒါတွေက မင်းစခဲ့တဲ့ကိစ္စတွေပဲ'

'ဟုတ်တယ်၊ ကျုပ်သံသယဖြစ်နေတာကိုပဲ ပြောတာပေါ့'

ချန်ပဲ့ဖီအ ရှောက်မှာကိုစိုက်ကြည့်လိုက်၏။

'အလျှင်းဟုန်းက မင်းဟာ လူတစ်ဘက်သားအပေါ် မယုံသင်္ကာစိတ်တွေ မထားတတ်ပါဘူး၊ ခုမှ မယုံသင်္ကာစရာတွေ ပြောလာပါလား၊ မင်းရဲ့စိတ်ဓာတ်က ဘယ်လိုပြောင်းလဲလာတာလဲ'





'စောစောကပဲ ပြောင်းလဲလာတာပေါ့'
'စောစောကပဲ ဟုတ်လား'

'ဟုတ်တယ်၊ ခင်ဗျားနဲ့ပုကျန့် အပြိုင်ကျဲတုန်းက ဝေါ်ယာဉ်နောက်မှာ လူရိပ်တစ်ရိပ် လှုပ်ရှားသွားသလိုပဲ'

'ဟုတ်လား၊ ဘယ်သူလဲ'

ချန်ပဲ့ဖီက ရှောက်မာကို မျက်လုံးပြူးကြီးနှင့်ကြည့်ကာ မေးသည်။

'သေသေချာချာ မမြင်လိုက်ရဘူး'

'မင်း ဘယ်တုန်းက မျက်ဆန်းဘာဝ ရောက်သွားရတာလဲ'

ချန်ပဲ့ဖီအ မေးသည်။

အဆင့်မြင့်သိုင်းသမားများသည် အလွန်မျက်စိရှင်၍ နားပါးသူများဖြစ်သည်။

လူတစ်ယောက်ကို လှစ်ခနဲ တွေ့လိုက်ရသည်နှင့် မြင်ဖူးသူဆိုပါက ထိုသူ မည်သူမည်ဝါဖြစ်သည်ကို ပြောနိုင်သည်။

'ကျုပ်မျက်စိက ခင်ဗျားထက်မညံ့ပါဘူး၊ ဒါပေမယ့် အဲဒီလူက အတော့်ကိုမြန်တယ်၊ ကျုပ်မြင်ဖူးတဲ့ လူထဲကလို့ ဟုတ်မယ်မထင်ဘူး'

ရှောက်မာအပြန်ပြောလိုက်သည်။

'အဲဒီလူက တစ္ဆေ သရဲထက်မြန်အလား'

'ခင်ဗျားက တစ္ဆေ သရဲတွေ့ဖူးလို့လား၊ ကျုပ်အထင်တော့ အဲဒီတစ္ဆေ သရဲထက်မြန်တယ်၊ ဒီလိုလူကို ကျုပ်နောက်တစ်ခါ ကြည့်ချင်သေးတယ်'

'မင်း ဝေါယာဉ်ထဲက လူကို ကြည့်ချင်တယ်ပေါ့'

'ဘာကိုဆိုလိုတာလဲ'

'ငါ့စကားရှင်းပါတယ်၊ မင်းမြင်လိုက်တဲ့လူဟာ ဝေါယာဉ်ထဲက လူပျော့ပေါ့'

'ခင်ဗျားအထင်မသိုးဘူး၊ အခုဆိုရင် အားလုံးအိပ်နေကြပြီ နန်နန်ကတော့ အခန်းထဲမှာရှိချင်ရှိနေမယ်'

'သူရှိနေရင် မင်းဘယ်လိုလုပ်မလဲ၊ သူ့ကို ပ့ထုတ်လို့ရမလား'

ချန်ဖဲ့ဖိုက မေးသည်။

'ကျုပ်တို့ အကြမ်းနည်းနဲ့လုံးရင်လဲ သုံးရလိမ့်မယ်၊ ဝေါယာဉ်လိုက်တာကို အမှတ်မထင်လှန်ကြည့်လိုက်မယ်၊ နောင်ခါလာနောင်ခါချေးပေါ့'

ချန်ဖဲ့ဖိုကျ စဉ်းစားသကဲ့သို့ ငြိမ်သက်နေ၏။

ပြီးတော့မှ....

'မင်း အကယ်သွားမှာလား'

'ကျုပ်ဒီတီထဲလုပ်သင့်တယ်ထင်ရင် လုပ်တယ်လေ'

ရှောက်မာက ပြောလိုက်၏။

ရှောက်မာအကြောင်းကို ချန်ဖဲ့ဖိုကလည်း သိ၏။

ရှောက်မာက ဇွတ်တရွတ်သမား။





ဒေါ်သကြီးသူ။

ဒေါ်သကြီးသော ရှောက်မာဟုပင် နာမည်ရခဲ့၏။

သူမှန်သည်ထင်လျှင် ရှောက်မာ ဘာလုပ်ဖို့မှ ဝန်မလေးတတ်။

ချန်ဖဲ့ဖို ခုံပေါ်ထက်မှ ရုတ်တရက်ထထိုင်လိုက်၏။

တစ်ချိန်တည်းမှာပင်....

'မသွားတဲ့လူက ခွေးဝဲစားပဲ'

ဟု ပြောလိုက်၏။

ထိုအခါ ရှောက်မာကလည်း....

'ဟုတ်တယ်၊ ခွေးဝဲစားပဲ'

ဟု ပြန်ပြောလိုက်လေသည်။

## အခန်း (၄၅)

ငြိမ်းချမ်းခရေး ညှို့ရိပ်ဆာခတွင် စုစုပေါင်း၍ အခန်းရှစ်ခန်း ရှိလေသည်။

အကြီးဆုံးအခန်းသည် အရှေ့ဘက်တွင်ရှိသည်။
ပြတင်းပေါက် သုံးပေါက်ရှိသည်။
ပြဘင်းပေါက်များ ပိတ်ထားသည်။
ပျဉ်ချပ်ပြားကိုပင် စက္ကူညှပ်၍ ပိတ်ထားသည်။
ရှောက်မာအ ပြဘင်းပေါက်တံခါးကို ညင်သာစွာခေါက် လိုက်၏။
တုံ့ပြန်သံ ထွက်မလာချေ။
ချန်ဖဲ့ဖိအ ဝါးခြမ်းပြားတစ်ခုကိုရှာပြီး ရေဆွတ်လိုက် သည်။





ဝါးခြမ်းပြားဖြင့် ပျဉ်ကြားမှ စက္ကူကို ထိုးလိုက်၏။

ဝါးခြမ်းပြားအာ ရေဆွတ်ထားသဖြင့် အသံလုံးဝ ထွက်မလာပေ။

ယခုကိစ္စသည် သူတို့အတွက် သိပ်အပန်းမကြီးလှပါချေ။

သူတို့သည် သူယုတ်မာများ မဟုတ်ကြသလို သူတော်ကောင်းများလည်း မဟုတ်ကြ။

အိပ်ခန်းကို သပ်သပ်ရပ်ရပ် လှည်းကျင်းထားပြီး ဖြစ်သည်။

စောင်အသန့်လဲထားသည်။
သို့သော် ခုတင်ပေါ်တွင် လူမရှိ။
နန်းနန် အခန်းထဲတွင်မရှိ။
ဝေါယာဉ်ကို အခန်းအလယ်တွင် ချထား၏။
ဝေါယာဉ်အတွင်း တိတ်ဆိတ်ငြိမ်သက်နေသည်။

ရှောက်မာနှင့်ချန်ဖဲ့ဖိသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

တိုင်ပင်ကြသည့်သဘောပင်။

နှစ်ယောက်သား တစ်စုံတစ်ရာကို သဘောတူသကဲ့သို့ ခေါင်းညိတ်လိုက်ကြသည်။

ထို့နောက် သူတို့သည် ရှေ့သို့ပြေးတက်လာရာ ဝေါယာဉ်ပေါ်မှ လိုက်ကာကို ဖယ်လိုက်၏။

သူတို့၏လက်များ တစ်မုဟုတ်ချင်း အေးစက်တောင့်တင်းသွားသကဲ့သို့ ထင်လိုက်ရ၏။

ဝေါယာဉ်ထဲတွင် လူမရှိ။

ဝေါယာဉ်သည် အလွတ်ဖြစ်နေသည်။

သူတို့သည် ဝေါယာဉ်အလွတ်အတွက် စွန့်စွန့်စားစား တိုက်ခိုက်သကဲ့သို့ ဖြစ်သွားခဲ့ရလေပြီ။

တစ်ခုတော့ စဉ်းစားစရာရှိနေသည်။

အကယ်၍ ဝေါယာဉ်ထဲတွင် တစ်စုံတစ်ယောက် လိုက်ပါလာခြင်း မရှိပါက ချောင်းဆိုးသံသည် မည်သည့်နေရာမှပေါ်ထွက်လာသနည်း။

အကယ်၍ ဝေါယာဉ်ထဲမှလူသည် နာမကျန်းဖြစ်နေပါက ယခု ဘယ်ရောက်နေသနည်း။

ထိုအချက်သည်လည်း စဉ်းစားစရာပင်။

'စောစောက မင်းမြင်ခဲ့တယ်ဆိုတဲ့ အရိပ်ဟာ တစ္ဆေပဲဖြစ်လိမ့်မယ်'

ချန်ပဲ့ဖိုက ပြောသည်။





ရှောက်မာ လက်သီးဆုပ်ထားမိသည်။
အံကိုလည်း တင်းတင်းကြိတ်ထားမိသည်။

'ဒါပေမယ့် ကျုပ်တို့ဟာ တစ္ဆေမတစ်ယောက်နဲ့ တွေ့ခဲ့တာ အမှန်ပဲ'

'နန်နန့်ကို ပြောနေတာလား'

'ဟုတ်တယ်၊ တစ္ဆေမတစ်ယောက် ဖြစ်ရုံတင်မကဘူး၊ မြွေခွေးမတစ်ယောက်လဲ ဖြစ်တယ်'

ရှောက်မာက ခံပြင်းစွာ ပြောသည်။
'ဖြစ်နိုင်တယ်'

ချန်ပဲ့ဖိုက ရှောက်မာ့စကားကို ထောက်ခံလိုက်၏။

ရှောက်မာက....

'သူ ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာ ခင်ဗျားစဉ်းစားမိရဲ့လား'

ချန်ပဲ့ဖို ခေါင်းခါလိုက်သည်။

'ငါတော့ ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး၊ မင်းရော ဘယ်လိုတွေးမိလို့လဲ'
ရှောက်မာသည်လည်း ခေါင်းခါရသည်ပင်။
'ကျုပ်လဲ ဘာမှမစဉ်းစားတတ်ဘူး'

'ဒီလိုဆို တို့အခန်းထဲ ပြန်အိပ်ဖို့ကောင်းတယ်၊ မသိချင်ယောင်ဆောင်နေဘာက ပိုကောင်းလိမ့်မယ်'

ရှောက်မာ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ မကြာခင် အဖြေပေါ်လာမှာပေါ့'

'ဒါပေါ့ကွာ၊ အမြီးဖွက်ထားတဲ့ မြွေခွေးဟာ အချိန်တန်ရင် အမြီးပြန်ပေါ်လာမှာပေါ့'

သူတို့သည် စက္ကူကိုရှာပြီး ပျဉ်ချပ်ကြားတွင် နေသားတကျ ပြန်ညှပ်လိုက်သည်။

ထို့နောက် အပြင်သို့ တိတ်တဆိတ် ပြန်ထွက်ခဲ့၏။

ရှောက်မာ သူ့အခန်းသို့ တန်းပြန်သည်။

အခန်းတံခါးဖွင့်လိုက်ရုံနှင့် ရှောက်မာ မျက်လုံးပြူးသွားရတော့၏။

အခန်းထဲတွင် လူရှိနေသည်။

ခုတင်ပေါ်တွင် ဖျာစုတ်မရှိတော့ပါ။

ခုတင်ပေါ်တွင် ဖျာစုတ်အစား ဖြူစင်သော အိပ်ရာခင်းခင်းထား၏။

ခြုံစောင်ကလည်း လန်ရှင်း၏။

နန်းနန်းသည် စောင်ပါးပါးကို ခြုံလျက် ခုတင်ပေါ်တွင် ထဲ လျောင်းနေသည်။





လှဲရင်း ရှောက်မာကို မော့ကြည့်သည်။

သူမမျက်လုံးအစုံမှာ အရက်သောက်ထားသူ၏ မျက်လုံးများကဲ့သို့ ရီဝေနေသည်။

ရှောက်မာသည် နန်းနန်းရောက်နေသည်ကို မသိကျိုးကျွံပြုထား၏။

အထဲရောက်သည်နှင့် အပေါ်အင်္ကျီကို ချွတ်လိုက်၏။

'စောစောတုန်းက ရှင်ဘယ်သွားနေသလဲ'

နန်းနန်းက မေးသည်။

ရှောက်မာက နန်းနန်းမေးသည်ကို မဖြေဘဲ ပြန်မေးလိုက်သည်။

'မင်းက ကိုယ့်အခန်းထဲမှာ မနေဘဲ ဘာလာလုပ်တာလဲ'

'လစ်ယောက်တည်း အိပ်လို့မပျော်လို့ပါ'

'ငါတော့ အိပ်လို့ပျော်တယ်'

ရှောက်မာက ခပ်တည်တည် ပြန်ပြောလိုက်၏။

နန်းနန်းက မျက်နှာချိုသွေးကာ...

'ရှင် တော်တော်စိတ်ဆိုးနေတယ် မဟုတ်လား၊ ဘယ်သူ့ကို စိတ်ဆိုးတာလဲ'

'ဆိုးချင်တဲ့သူကို ဆိုးတာပေါ့'

ရွှောက်မာက ဘုတောသည်။

နန်းနန်းက....

'ရှင် ချန်ဖဲ့ပိ အရေခွံနွှာပစ်မှာ ကြောက်နေသလား'

'သူက အရေခွံနွှာရင် ငါက လက်သီးစာကျွေးမှာပေါ့၊ သူ ငါ့အရေခွံကို ခွာလို့မရဘူး'

'ဒါပေမယ့် သူဟာ ငါ့မိတ်ဆွေကောင်းပါ၊ ငါ့အကြောင်း သူသိတာလို သူ့အကြောင်း ငါသိတယ်၊ သူဟာ ငါခေါ်လို့ ပါလာတာပါ'

'ဒါပေမယ့် ကျွန်မထင်တာကတော့ ရှင်ဟာ သူ့ကို ကြောက်နေသလိုပဲ'

'ဘာကြောင့် ဒီလိုပြောရတာလဲ'

'သူက အလားတူနှုန်းက ပြောထားတယ်လေ၊ ယောက်ျားတွေက အမျိုးသမီးတွေကို မထိရမကိုင်ရလို့ စည်းကမ်း ချမှတ်ထားတယ်'

'ဒီတော့ ဘာဖြစ်သလဲ'

'ဒီစည်းကမ်းကို ရှင်က လိုက်နာနေတယ်'

'ငါ့မှာ စည်းကမ်းလိုက်နာတဲ့အကျင့် ဘယ်တုန်းကမှ မရှိဘူး၊ ငါဟာ စည်းကမ်းမဲ့မဲ့ နေလာတာချည်းပဲ'





နန်းနန်းက ရယ်မောလိုက်သည်။

'ဒါတောင် ရှင် ကျွန်မကို မတို့ဝံ့ မထိဝံ့ဘူး မဟုတ်လား'

သည်တစ်ခါတော့ ရွှောက်မာက ရယ်လိုက်သည်။

'မင်း အဲဒီလိုထင်နေသလား'

'အမှန်ပေါ့ရှင်'

ရွှောက်မာ ရယ်မြဲရယ်နေ၏။

'ဒါတွေ ထားပါလေ၊ ချန်မဲ့ဖိက ယောက်ျားတွေက အမျိုးသမီးတွေကို မထိနိုင်လို့သာ ပြောထားတယ်၊ အမျိုးသမီးတွေက ယောက်ျားတွေကို မထိရဘူးလို့ မပြောထားပါဘူး၊ အခု ကျွန်မက ရှင့်ကို ထိမယ်၊ ချန်ဖဲ့ဖိ သိတော့ရော ရှင် အပြစ်လွတ်ပါတယ်'

ပြောပြောဆိုဆို နန်းနန်းက ရွှောက်မာ၏ ရင်ခွင်ထဲ တိုးဝင်လာသည်။

သူမတစ်ကိုယ်လုံးမှာ ပူနွေးနေ၏။

နှုတ်ခမ်းသားများက တဆတ်ဆတ် တုန်နေသည်။

စင်စစ် ရွှောက်မာသည် နန်းနန်းကို တွန်းဖယ်ပစ်လိုက်ချင်သည်။

သို့သော် ချက်ချင်း စိတ်ကူး ပြောင်းသွားသည်။
အလိမ်ခံရသူသည် အောင့်သက်သက် ခံရမြဲ။
ထည့်တော့ ရှောက်မာ ကလဲ့စားပြန်ချေမည်ဟု စိတ်ကူးသည်။

သူမကို အယုံသွင်းပြီး မေးမည်ဟု အကြံရသည်။
အတန်ကြာသောအခါ ရှောက်မာက....
'ဝေါယာဉ်ထဲမှာ ဘာဖြစ်လို့ လူမရှိတာလဲ'
ဟု မေးလိုက်၏။

မေးပြီးမှ သူ့စကားကျသွားမှန်း သိလိုက်သည်။

စကားကျသွားတော့မှ နှုတ်ရှိမရတော့။

ရှောက်မာ ဘာမှ မတတ်နိုင်တော့ပြီ။

သို့သော် ထူးဆန်းသည်က နန်းနန်းသည် သူ့အမေးစကားအတွက် အံ့သြပုံမရ။

နန်းနန်းက မထင်မှတ်သော မေးခွန်းကို ပြန်မေးသည်။

'ကျွန်မ မောင်လေးနဲ့ တွေ့ချင်နေတယ် မဟုတ်လား'

'တွေ့ချင်ပေမယ့် တွေ့မှ မတွေ့ရဘဲ'

ရှောက်မာက စကားကျသွားသည့်အတူတူ မေးတော့ဟု သဘောထားဖြင့် ပြောလိုက်၏။





'ကျွန်မမောင်က ရှင် သွားကြည့်တဲ့ ဝေါယာဉ်ထဲမှာ မရှိလို့ မတွေ့ရတာပေါ့'

'သူ ဘယ်ရောက်နေသလဲ'

'သူက ကျွန်မအခန်းထဲက ဝေါယာဉ်ထဲမှာ၊ ကျွန်မမောင်က အသည်းအသန် ဖြစ်နေတယ်လေ၊ ကျွန်မအနေနဲ့ ဂရုမစိုက်လို့ ဘယ်ဖြစ်ပါမလဲ'

ရှောက်မာ ဘာမှ မပြော။

ခပ်ယဲ့ယဲ့ ပြုံးလိုက်၏။

နန်းနန်းက ဆက်၍ ပြော၏။

'ကျွန်မ ဝေါယာဉ်အလွတ်ကို အကျယ်ဆုံး အခန်းထဲမှာ ချိတ်ထားတယ်၊ သူ့ကိုတော့ ကျွန်မ အခန်းထဲမှာ ခေါ်ထားတယ်၊ ကျွန်မ ဒီမလာခင် သူ့ကို စောင့်ရှောက်ဖို့ ကျောင်းကျောင်းတို့ ညီအစ်မကို တာဝန်ပေးထားလိုက်တယ်'

ရှောက်မာ ပြုံးမြဲပြုံးနေ၏။

'ရှင် မယုံဘူးလား'

ရှောက်မာက ပြုံးနေဆဲပင်။

'ကောင်းပြီ၊ ကျွန်မ ရှင့်ကို သူ့ဆီ ခေါ်သွားမယ်' ပြောရင်း နန်းနန်းက ခေါက်ခနဲ ထထိုင်လိုက်သည်။

နန်းနန်းအ ရှောက်မာကို လိမ်မပြောပါချေ။
သူမ၏ အခန်းထဲတွင် ဝေါယာဉ်တစ်စီး ရှိနေသည်။
ဝေါယာဉ်ထဲတွင် လူရှိနေသည်။
နန်းနန်းက ဝေါယာဉ်မှ ယင်းလိပ်ကို လှန်ပြလိုက်သောအခါ ရှောက်မာသည် ဝေါယာဉ်ထဲမှလူကို မြင်တွေ့လိုက်ရလေတော့သည်။



အခန်း (၃၆)

ဝေါယာဉ်ထဲတွင် ကျွန်းသစ်ရေ အပြည့်ခင်းထားလေသည်။

အချမ်းဆုံးရာသီ ဖြစ်စေကာမူ လူတစ်ယောက်သည် ထိုမျှ များပြားသော ကျွန်းသစ်ရေပေါ်တွင် လဲလျောင်းနေပါက တစ်ကိုယ်လုံး ပူလောင်လာမည်သာ ဖြစ်၏။
သို့သော် ထိုလူမှာ ချမ်းနေသေးသည်။
ထိုသူသည် လူငယ်တစ်ယောက် ဖြစ်၏။

သို့သော် သူ့မျက်နှာမှာ သွေးရောင်မဲ့လျက် ဖြူရော်ရော် ဖြစ်နေသည်။
ထို့ပြင် တဆတ်ဆတ် တုန်နေသည်။

သူသည် အသက်ငယ်သေးသော်လည်း မျက်ခုံးမွေးနှင့်ဆံပင်မွေးများ ကျွတ်နေပြီ ဖြစ်၏။

အသက်ရှူပုံကလည်း လုံ၊ဝ အားရစရာမရှိ၊

မည်သူမဆို သူ့ကို အသည်းအသန် နာမကျန်းဖြစ်နေသည့် လူမမာတစ်ယောက်ဟု ထင်မည်သာ ဖြစ်သည်။

ရှောက်မာအလည်း ထိုအတိုင်းပင် ထင်မှတ်နေသည်။

ထို့ကြောင့် ရှောက်မာသည် အတော်ပင် စိတ်မကောင်းဖြစ်သွားရသည်။

'အဲဒါ ကျွန်မ မောင်ပဲပေါ့၊ နာမည်က နန်ကျိုယင်လို့ခေါ်တယ်'

နန်နန်က ပြောသည်။

ရှောက်မာသည် လူငယ်ကို ငုံ့ကြည့်၍ ပြုံးပြချင်သော်လည်း ပြုံးမရ ဖြစ်နေ၏။

သူသည် လူငယ်ကို အတော် သနားကရုဏာ သက်နေမိသောကြောင့်ပင် ဖြစ်၏။

'တို့ကို ဒီတောင်ကျောင်းနိုစ်အောင် စွန့်စွန့်စားစား လိုက်ပို့မယ့် ရှောက်မာဆိုတာ သူပဲပေါ့'

နန်ကျိုယင်သည် အာစအားမှ မပြောသော်လည်း ရှောက်မာကို ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်နေသည်။





ထိုနောက် လက်တစ်ဘက်ကို ဆန့်ထုတ်လိုက်သော ရှောက်မာ၏လက်ကို ဆုပ်ကိုင်လိုက်၏။

'ကျေးဇူးတင်ပါတယ်'

ပါးစပ်မှလည်း ကျေးဇူးတင်စကား ပြောလာ၏။

သူ့အသံက တိုးညင်းလှ၏။

အားပျော့လှ၏။

လေသံသဲ့သဲ့မျှကိုသာ ကြားရသည်။

သူ၏လက်က ပိန်ခြောက်ပြီး အေးစက်နေသည်။

လူသေလက်နှင့်ပင် တွေ့နေသလား ထင်မှတ်ရ၏။

နှစ်သိမ့်စကား ပြောချင်သော်လည်း မည်သို့ပြောရမည်မှန်း မသိ ဖြစ်နေလေသည်။

လူမမာသည် ချောင်းတဟွတ်ဟွတ် ဆိုးနေပြန်၏။

ချောင်းဆိုးလွန်းသဖြင့် မျက်ရည်များပင် ကျလာသည်။

ရှောက်မာပင်လျှင် လူမမာကို သနားကရုဏာ သက်စာ မျက်ရည်ကျလုမတတ် ဖြစ်လာသည်။

စိတ်ကို မနည်းတင်းထားရ၏။

ရှောက်မာသည် ဒေါသကြီးတတ်သူတစ်ယောက် ဖြစ်သော်လည်း စိတ်ရင်းက ကြင်နာတတ်သည်။

ညှာတာတတ်သည်။

အားနည်း၊ ချိနဲ့သူကို ကူညီတတ်သည်။

ထို့ကြောင့် သူသည် သိုင်းလောကတွင် ဒေါ်သကြီးဆော ရှောက်မာဟု နာမည်တွင်သကဲ့သို့ ကရုဏာလက်သီးရှင်ဟုလည်း နာမည်တွင်ခဲ့ခြင်း ဖြစ်၏။

နောက်ဆုံး ရှောက်မှာအား အသံကို ဖျစ်ညှစ်ထုတ်ကာ အား ပေးလိုက်သည်။

'ဘာမှ အားမငယ်ပါနဲ့၊ ကိုယ့်ကိုယ်ကိုလဲ ဂရုစိုက်ပါ၊ တို့ကလဲ ဓာတ်နိုင်တဲ့ဘက်က အပြည့်အစ ကူညီမှာပါ'

လူမှမာက အားယူ၍ ပြုံးလိုက်သည်။
တစ်စုံတစ်ခု ပြောရန်လည်း ဟန်ပြင်လိုက်သည်။

သို့သော် ဘာမှ မပြောဖြစ်ဘဲ မျက်စိတဖြည်းဖြည်း မှိတ် သွားး၏။

နန်းနန်းက ယင်းလိပ်ကို ပြန်ချထားလိုက်သည်။
ရှောက်မာက အခန်းထဲမှ ချာခနဲ လှည့်ထွက်လာ၏၊
မကြာပါ....
ရှောက်မာထံသို့ နန်းနန်း ရောက်လာသည်။
ရှောက်မာ၏ မျက်လုံးအစုံမှာ နီရဲနေသည်။
'ငါ့အာ ဝက်ပဲ'
ရှောက်မာက ပြောသည်။





'ဝက်မဟုတ်ပါဘူး'
နန်းနန်းက ညင်သာစွာပြောသည်။
'ဟုတ်တယ်၊ ဝက်'

ရှောက်မာက ထပ်ပြောသည်။

နန်းနန်းကပြုံးလျက်....

'ရှင်က ဝမှမဝတဲ့ ဘယ်ဝက် ဟုတ်ပါ့မလဲ'

'ငါ့က ပိန်တဲ့ဝက်၊ ဘာမှမစဉ်းစား ဘူး၊ စားစားဖို့ပဲ သိ တယ်'

ရှောက်မာကပြောရင်း သူ့ပါးစပ်ထူ ပြန်ရိုက်ရန် ဟန်ပြင် လိုက်၏။

သို့သော် နန်းနန်းက အချိန်မီဆွဲ လိုက်သည်။

နန်းနန်းသည် ရှောက်မာ၏ရင်ခွင် ထဲ မျက်နှာအပ်လျက်...

'ရှင် ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်မ သိပါတယ်၊ ကျွန်မလဲ စိတ်မကောင်းပါဘူး၊ ဒါပေမယ့်....'

နန်းနန်းစကားသံ ပြတ်သွားသည်။
နန်းနန်း ရှောက်မာကို မော့ကြည့်လိုက်၏။
သူမ၏မျက်လုံးများက တစ်စုံတစ်ရာ ကို မျှော်လင့်စောင့် စာနေကြောင်း သိသာနေသည်။

'ဒါပေမယ့် ဘာဖြစ်သလဲ'

နန်းနန်း စကားပြတ်သွားသဖြင့် ရှောက်မှာက မေးသည်။

'ဒီအခက်ကို ချောချောမောမော ကျော်ဖြတ်နိုင်အောင် ကျွန်မတို့ကို လုပ်ပေးနိုင်မယ်ဆိုရင်....'

'လုပ်မပေးနိုင်ဘူးဆိုရင် ငါ့ကိုယ်ငါ သတ်သေလိုက်မယ်'

ရှောက်မှာက ဖြတ်ပြောလိုက်၏။

သူ့အသံက မာန်ပါနေသည်။

ဒေါသသံသည်၊ ပါနေသည်။

ကရုဏာနှင့်ယှဉ်သော ဒေါသပင် ဖြစ်ပေလိမ့်မည်။

'ဒီအခက်ကို ကျော်ကိုကျော်နိုင်ရမယ်၊ ဘယ်လိုရန်သူမျိုး လာလာ ချေမှုန်းပစ်ရမယ်၊ မင်း ဘာမှစိတ်ပူစရာ မလိုဘူး'

ရှောက်မှာက မာန်ပါပါဖြင့် ဆက်၍ပြောသည်။
'ကျွန်မ အားကိုးပါတယ်'

နန်းနန်း၏လက်နှစ်ဘက်က ရှောက်မှာ၏လည်ပင်းကို ညင်သာစွာ သိုင်းယှက်သွားသည်။

နန်းနန်း့နှုတ်ခမ်းအစုံမှာ ရှောက်မှာ၏ရင်ပြင်နှင့် ထိစပ်နေသည်။

နန်းနန်း၏လက်များက အေးစက်နေသည်။





နှုတ်ခမ်းကလည်း အေးစက်နေသည်။
သူမ ဘာကြောင့် ယခုကဲ့သို့ ဖြစ်နေရသနည်း။
ရှောက်မှာ စဉ်းစားမရ။
'မင်း စိတ်ဆိုးနေတယ် မဟုတ်လား'
ရှောက်မှာက မေးလိုက်သည်။
'အင်း....'
'ငါ့ကို စိတ်ဆိုးနေတယ် မဟုတ်လား'
'မဟုတ်ပါဘူး'
'ဒါဆိုရင် ဘယ်သူ့ကို စိတ်ဆိုးနေတာလဲ'

'အခန်းထဲမှာ စောင့်ဖို့ သေသေချာချာ မှာထားလျက်နဲ့ သူ့ကို ဂရုမစိုက်ဘူး၊ လူရိပ်လူယောင်တောင် မတွေ့ရဘူး'

အခန်းထဲတွင်မူ လူမမာတစ်ဦးတည်းသာရှိကြောင်း ရှောက်မှာ သတိရလိုက်၏။

ကျင်းကျင်းတို့ ညီအစ်မ၏ အရိပ်အယောင်ကို မတွေ့ရပေ။
သူတို့သည် အခန်းထဲမှ ထွက်မသွားသင့်ပါ။

လူမမာကို ဂရုစိုက်သင့်သည်။

'အရေးအကြောင်း ရှိရင်တောင် နှစ်ယောက်စလုံး ထွက်မသွားသင့်ဘူး၊ တစ်ယောက်ယောက်ကတော့ ရှိနေသင့်တယ်'

နန်းနန်းက ဆက်၍ပြောသည်။
'သူတို့ မကြာခင် ပြန်လာမှာပါ'

ရှောက်မာအေ နှစ်သိမ့်လိုက်သည်။
သို့သော်....
ကျောင်းကျောင်းတို့ ညီအစ်မမှာ ပြန်မလာကြ၊
ဘယ်ထွက်သွားသည်မသိ၊
ရှောက်မာတို့ ညှော်ရိပ်သာအနှံ့ ရှာကြသည်။
လူရိပ်လူယောင်ကိုပင် မတွေ့ရ။
ကျောင်းကျောင်းတို့ ညီအစ်မသာ မဟုတ်ပါ။
လောက်ဖိအပေါ် ပျောက်ချင်းမလှ ပျောက်နေလေသည်။



## အခန်း (၃၇)

နေမွန်းတည့်ချိန် ဖြစ်၏။

ရာသီဥတုက သာယာနေသည်။

တစ်ခါတစ်ရံ စိမ်ထူထပ်နေသည်။

နေရောင်သည် ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ ဖြာကျလာသည်။

နေရောင်ခြည် အလင်းတန်းများက ချွန်ပဲ့ပ၏ မျက်နှာပေါ်သို့ ထိုးကျနေ၏။

ကျွန်းလုံကျီသည် ပြတင်းပေါက်နားတွင် ထိုင်ငိုင်နေသည်။

သူတို့အားလုံး စောင့်မျှော်နေကြသည်။

သူတို့သည် ပျောက်ချင်းမလှ ပျောက်နေသော လောကဖြ နှင့် ကျင်းကျင်းတို့ ညီအစ်မကို စောင့်မျှော်နေကြခြင်း ဖြစ် သည်။

သို့သော်...

ဘာသတင်းမှ မရ။

အနီးဝန်းကျင် ရှာဖွေ၍လည်း မတွေ့။

'ဒီလူ မှုမှန်ဘူးဆိုတာ ကျုပ် အစောကြီးကတည်းက ပြော ခဲ့တယ်'

ချန်ဖဲ့ဖ ိက ဒေါသဖြင့် ပြောသည်။

'ကျင်းကျင်းတို့ ညီအစ်မကို လိမ်ခေါ်သွားတဲ့သူက သူ ဟုတ်ပါဘူး'

ရှောက်မာက ပြောသည်။

'ဘာမဟုတ်ရမှာလဲ'

'လောက်ဖိမှာ ဒီလိုအရည်အချင်းမျိုးမှ မရှိတာဘဲ၊ သူတို့ ညီအစ်မကလဲ ဒါလောက်မအဘူး'

ရှောက်မာက ပြောရင်း မတ်ဘတ်ထရပ်လိုက်၏။

ပြီး ရှက်ချင်း မြန်ထိုင်လိုက်သည်။

ထို့နောက်...





'ပေါင်တံလှလှ မိန်းမလေးကို ခင်ဗျား ထတိရဲသေး သလား'

ချန်ဖဲ့ဖ ိ ရုက်ချင် သတိရသွားသည်။

ထိုမျှ ပေါင်တံလှသော အမျိုးသမီးမှာ ရှားမှရှားထဲက ဖြစ်သည်။

မည်သည့်ယောကျ်ားမဆို တစ်ကြိမ်မြင်ရုံနှင့် စွဲသွားသည်အထိ မှတ်မှတ်သားသား ရှိသွားမည်သာဖြစ်၏။

'သူတို့သိသွားရင် သူတို့က အချိန်မရွေးကြိုဆိုမယ်လို့တောင် ပြောသွားသေးတယ်'

ရှောက်မာက ဆက်ပြောသည်။

အမှန်ပါပင်။

သူမက ယင်းသို့ ပြောနေချိန်မှာပင် သူမ၏ ပေါင်တံလှလှကို တမင်ဆက်ဆက်ပေါ်အောင် လုပ်ခဲ့သေးသည်။

နန်နန်က ဆက်ပြင်းချသည်။

ပြီးမှ...

'ဒီဟာမှက တအယ့်ကို ညှိခတ်ပါတယ်၊ ကျွန်မသာ ယောကျ်ားဆိုရင် သူ့ဆီ သွားမိမှာပဲ'

အမျိုးသမီးကို လောက်ဖိ ညည်သို့မည်ပုံ ကြည့်ခဲ့ကြောင်း သူတို့အားလုံး သတိရနေဆဲပင်။

ထို့ပြင် အခြားမိန်းကလေးတစ်ယောက်က ကျင်းကျင်းတို့ ညီအစ်မအားပေါ် မည်သို့မည်ပုံ ဆက်ဆံခဲ့သည်ကိုလည်း သတိရလျက် ရှိကြသည်။

၎င်းတို့သည် အကြမ်းနည်းကို မသုံးပါ။

သို့သော်—

သူတို့သုံးသောနည်းသည် အကြမ်းနည်းထက် ကြောက်စရာကောင်းသည်ကိုလည်း အားလုံးသိရှိထားကြ၏။

'အမှန်ဆိုရင် ကလေးကက်ဖ်တို့ဟာ ကိုယ့်စိတ် ကိုယ်ထိန်းနိုင်မှာ မဟုတ်ဘူးဆိုတာ သိဖို့ကောင်းတယ်'

ရှောက်မအေး ပြောသည်။

ချန်ဖဲ့ဖအား....

'ငါကတော့ သောက်ဂရုမစိုက်ပါဘူး'

'ဘာကိုလဲ'

'သူတို့သုံးယောက် လျှော့သွားတော့လဲ ဘာမှ ဖြစ်မသွားပါဘူး'

'ဘာလဲ ခင်ဗျားက သူတို့သုံးယောက်ကို ဒီအတိုင်းပဲ ပစ်ထားခဲ့မှာလား'

'မင်းက သူတို့ကို လိုက်ရှာချင်တယ်ပေါ့'





'ဟုတ်တယ်'

'မရှာသင့်ဘူး'

'ဘာဖြစ်လို့'

'ဘယ်လောက် အချိန်ကုန်မယ်ဆိုတာ ခန့်မှန်းလို့ရတာမှ မဟုတ်ဘူး၊ မင်းအား ဗီထောင်ကို မကျော်ချင်တော့ဘူးလား'

ချန်ဖဲ့ဖအား မေးလိုက်သည်။

ရှောက်မာ ပါးစပ်ပိတ်သွားတော့သည်။

ထိုအချိန်တွင်....

'ခစ်....ခစ်....ခစ်'

ရယ်သံတစ်သံအား ရုတ်တရက် ပေါ်လာသည်။

ရယ်သံနှင့်အတူ မိန်းမအလှတစ်ယောက် အခန်းထဲသို့ ယိုင်တီယိုင်ထိုး အသွင်ဖြင့် လျှောက်ဝင်လာသည်။

မိန်းကလေးသည် အသက်လည်း ငယ်၏။

လှလည်းလှ၏။

ကိုယ်ပေါ်တွင် ဂုန်နီအိတ်ဖြင့် ချုပ်ထားသော အင်္ကျီကို ဝတ်ထားသည်။

အင်္ကျီပေါ်တွင် သွေးများ ပေကျံနေသည်။

သို့သော် မိန်းကလေးအား တခစ်ခစ် ရယ်လျက် ရှိသည်။

ဒဏ်ရာရသည့် လက္ခဏာ လုံးဝမရှိ။

သူမသည် ပျော်ရွှင်စွာ ရယ်ရင်း အားလုံးအား နှုတ်ဆက်လိုက်၏။

မိတ်ဟောင်းဆွေဟောင်းများအား နှုတ်ဆက်သည့်ဟန်မျိုးဖြင့် နှုတ်ဆက်လိုက်ခြင်း ဖြစ်၏။

မည်သူ့အပေါ်ကိုမျှ ရန်လိုသည့်ဟန်မျိုးလည်းမရှိ။

ထို့နောက် မိန်းမလေးသည် ကြိတ်၍ သက်ပြင်းချလေတော့သည်။

သူမသည် ဝံပုလွေ ဂိုဏ်းသားတစ်ဦးပင်။

ကိုယ်ဘဝကိုယ် မမေ့နေသော ရှင်ပျော်ပျော် ဝံပုလွေ လိုမဟုတ် ညှို့ဓာတ်ပါသော ဝံပုလွေမတစ်ဦး ဖြစ်နေသည်။

မိန်းမလေးသည် အားလုံးကို အရှိအသေပေးပြီး ရှောက်မှာ ပေါင်ပေါ်တွင် ထိုင်ချလိုက်သည်။

ထို့နောက်မှ ရှောက်မှာ၏ မျက်နှာကို ပွတ်သပ်နေသည်။
'ရှင် တော်တော် ချောတာပဲ၊ ကျွန်မ ရှင့်ကို သဘောကျတယ်'

အမှန်ပင် ရှောက်မှာသည် ချောမောသော လူငယ်တစ်ယောက် ဖြစ်သည်။





အသက်သုံးဆယ် ပြည့်ခဲ့ပြီ ဖြစ်သော်လည်း ရှောက်မှာ၏ ရုပ်သွင်မှာ အသက်ထက် နုပျိုနေသည်။

မိန်းမလေး၏ အပြုအမူအပေါ် နှီနှီနှောကစားတော့ မကျေနပ်လှပေ။

သို့သော် ဘာမှဝင်ရောက်ပြောဆိုခြင်းမရှိ။

မိန်းမလေးကိုသာ စိုက်ကြည့်နေ၏။

ရှောက်မှာလည်း မိန်းမလေး၏ အပြုအမူနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ငြင်းဆန်ခြင်းမပြု အလိုက်သင့် ငြိမ်သက်နေသည်။

အတန်ကြာမှ....

'မင်း ဒဏ်ရာရသလား'

မေးလိုက်သည်။
'ဟင့်အင်း၊ ဒဏ်ရာမရပါဘူး'
'ဒါဆိုရင် ဒီသွေးတွေက ဘယ်နေရာက ပေလာတာလဲ'

ရှောက်မှာက မိန်းမလေးကိုယ်ပေါ်မှ သွေးကို ကြည့်ကာ ပြောလိုက်၏။

'ဒါ သွေးမဟုတ်ဘူး၊ အသားက ထွက်လာတဲ့ အရည်တွေ'
'အသားက ထွက်လာတဲ့ အရည်ဟာ သွေး မဟုတ်ဘူးလား'

'မဟုတ်ပါဘူး၊ မယုံရင် ဒီမှာကြည့်ပါလား'

မိန်းမလေးက သူမ၏ အင်္ကျီကို လှန်ပြသည်။

မမျှော်လင့်သော မြင်ကွင်းကြောင့် ရှောက်မာ ထိတ်လန့်တုန်လှုပ်သွား၏။

မိန်းကလေး၏ အသားအချို့မှာ ပဲ့ရွဲ့နေ၏။

သွေးသံရဲရဲလည်း ဖြစ်နေ၏။

'အဲဒါ ဘာဖြစ်တာလဲ'

'ကျွန်မကို အချစ်စမ်းလိုက်တာလေ၊ ရှင်ကရော စမ်းချင်သေးသလား'

ပြောပြီး မိန်းမလေးက ရယ်နေ၏။

ရှောက်မာက မိန်းကလေး၏ မေးစေ့ကို လက်သီးနှင့်ပင့်ထိုးလိုက်၏။

'ခွပ်...'

'အား...'

မိန်းမလေး အရုပ်ကြိုးပြတ် လဲကျသွား၏။

'အမှန်တော့ ငါ ဒီလိုမလုပ်ချင်ပါဘူး၊ တခြားနည်းလမ်းလည်း ငါ့မှာ မရှိဘူး'

ရှောက်မာက ပြောလိုက်၏။

စင်စစ် မိန်းမလေးမှာ ရူးကြောင်ကြောင် ဖြစ်နေသည်။





ဒဏ်ရာသည်း ရထား၏။

ထို့ကြောင့် ရှောက်မာက လေ့လာလေ့သယ် ဝေဒနာ သက်သာစေသောနည်းလမ်းကို အသုံးပြုလိုက်ခြင်းဖြစ်၏။

ထိုအချိန်တွင် ချီစိန်းယီ ရောက်လာ၏။

'အသက်ငယ်ရှယ်ရှယ်နဲ့ ဆေးရွက်စားတယ်၊ အတော်နှမျောစရာကောင်းတာပဲ'

ချီစိန်းယီက မိန်းမလေးကိုကြည့်ကာပြော၏။

'ဆေးရွက်စားတယ် ဟုတ်လား'

'ဟုတ်တယ်...အများကြီးစားတာပေါ့'

'ဆေးရွက်ဆိုတာ ဘယ်လိုဟာမျိုးလဲ'

ရှောက်မာ နားမလည်သဖြင့် မေးလိုက်၏။

'အင်မတန် အဆိပ်ပြင်းတဲ့ အရွက်တစ်မျိုးပဲ၊ ဒီတောင်ရဲ့ နောက်ဘက်မှာ ပေါက်တယ်၊ ဘယ်သူဖြစ်ဖြစ် ဒီဆေးရွက်ကို စားရင် ရူးကြောင်ကြောင် ဖြစ်လာတတ်တယ်'

'အရက်မူးသလိုလား'

'အရက်မူးတာထက် ဆယ်ဆလောက် ပိုဆိုးတယ်၊ အရက်အလွန်အကျွံမူးတဲ့လူက သတိနည်းနည်းပါးပါးတော့ ရှိသေးတယ်၊ ဆေးရွက်စားမိရင် ဘာကိုမှ နားမလည်တော့ဘူး၊ ဘယ်အလုပ်မျိုးမဆို လုပ်ရဲတယ်'

'ဒီဆေးရွက်မျိုးက စွဲတတ်သလား'
ရှောက်မာက မေးလိုက်၏။
ချီစိန်းယိက ခေါင်းညိတ်၏။
'ဟုတ်တယ်၊ သူတို့ တစ်နေ့မစားရရင် မခံနိုင်ဘူး'
'သူတို့ဆိုတာ ဘယ်သူတွေလဲ'

'ရှင်ပျော်ပျော် ဝံပုလွေတွေပေါ့၊ သူတို့ဘဝ အဆင်မပြေတာကို ဆေးရွက်နဲ့ ကုစားကြတယ်၊ အဆင်မပြေတာကို ကြိုးစားပြီး ထွက်ပေါက်မရှာဘူး၊ တကယ်တော့ သူတို့ဟာ စိတ်ဓာတ် ပျော့ညံ့တဲ့ လူတွေပဲ'

ရှောက်မာ ခေါင်းဆတ်ခနဲ ညိတ်လိုက်၏။

ရှောက်မာသည်လည်း ဘဝတွင် အဆင်မပြေမှုနှင့် ကြုံခဲ့ဖူးသည်။

သို့သော်....

ရှောက်မာက ကြိုးစား၍ အဆင်ပြေအောင် ရုန်းကန်ခဲ့သည်။

ပြဿနာကို ရှောင်တိမ်းခြင်းမှာ ပြဿနာကို အဆင်ပြေစေနိုင်သော နည်းလမ်း မဟုတ်ပေ။

အလုပ်ကြိုးစားလုပ်ခြင်း၊ မိမိကိုယ်မိမိ တိုးတက်အောင် ဆောင်ရွက်ခြင်းသာလျှင် စိတ်ညစ်စရာများကို ပြေပျောက်နိုင်မည်ဟု ရှောက်မာ ခံယူထား၏။





ရှောက်မာသည် ချီစိန်းယိကို ထပ်မံ မေးမည်ဟု ကြံပြီးမှ မမေးတော့ပေ။

အဘိုးအို တစ်ယောက်ကို လှမ်းမြင်လိုက်ရသောကြောင့်ပင်။

အဘိုးအိုက အခန်းတွင်းသို့ ညင်သာစွာ လှမ်းဝင်လာသည်။

အဘိုးအို၏ မျက်နှာက အလွန်တည်ကြည်၏။

ခမောက်ဝိုင်းတစ်ခုကို ဆောင်းထား၏။

အနက်ရောင် အင်္ကျီရှည်ကို ဝတ်ထား၏။

အင်္ကျီအနားစမှာ ကြမ်းပြင်နှင့် ထိလုမတတ် ဖြစ်နေ၏။

'ထိုင်ပါခင်ဗျာ....ထိုင်ပါ'

ချီစိန်းယိက ရိုရိုသေသေအသွင်နှင့် ညွှတ်ဝတ် ပြုလိုက်၏။

'ကျေးဇူးတင်ပါတယ်'
အဘိုးအိုက ယဉ်ယဉ်ကျေးကျေး ပြန်ပြော၏။
'ဒီကနေ့ လက်ဖက်ရည်သောက်မှာလား'
ချီစိန်းယိက မေးသည်။
'ဟုတ်တယ်ကွယ့်'
အဘိုးအို ပြောပုံက ယဉ်ကျေးသိမ်မွေ့လှ၏။
မြင်တွေ့သူတိုင်း ကြည်ညိုစိတ်ပေါ်စေနိုင်သော ဟန်ပန်မျိုး ဖြစ်၏။

ဝံပုလွေတောင်တွင် ဤကဲ့သို့လူမျိုး ရှိလိမ့်မည်ဟု ရှောက်မှာ လုံးဝ မျှော်လင့်မထားပါချေ။

ကြမ်းပြင်ပေါ်မှ မိန်းမလေးကို အဘိုးအို မြင်မှသွားပေါ့ ခေနင့်ဟု ရှောက်မှာ ကြိတ်၍ ဆုတောင်းမိလိုက်သည်။

အကြောင်းအရာ....

မိန်းမလေးအဖြစ်သို့ ကိုမြင်လျှင် အဘိုးအိုပါရောပြီး စိတ်ထိခိုက်သွားမည်ကို စိုးရိမ်မိ သောကကြောင့်ပင် ဖြစ်ပေသည်။

အဘိုးအိုမှာ မည်သူ့ကိုမှလည်းမကြည့်။

ကြမ်းပြင်ပေါ်မှ မိန်းမလေးကို သတိထားမိပုံလည်း မရ။

'လက်ဖက်ခြောက် အကောင်းစားလား၊ အလတ်စားလား'

ချိစိန်းယိမှ မေးလိုက်၏။

အဘိုးအိုမှာ....

'ဘာပဲဖြစ်ဖြစ် ရပါတယ်၊ ခပ်ကျကျသာဖျော်ပါ၊ ဒီကနေ့ ငါ အသားစား မျှားသွားတယ်၊ ငါ့ဟာ အသားမှန်သမျှ စားတယ်၊ အသားဆိုရင် ဘာအသားမဆို စားတယ်၊ လူသားလဲ မရှောင်ဘူး'

ရှောက်မှာ မျက်နှာပျက်သွား၏။

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ဆားလိုက်မိ၏။





ထိုအဘိုးအိုကို အထင်ကြီးမိ သည့်အတွက် နေ့ခင်တ ရနေမိသည်။

အဘိုးအိုးမှာ အရှဲတိုက် ပြောနေသလော။

တကယ်ပြောနေသည်လားဆိုသည်ကိုမူ အကဲခတ်ရ ခက်နေသည်။

အရှဲ့တိုက် ပြောနေသည် ဆိုလျှင်လည်း ရှောက်မှာတို့ကို အရှဲ့တိုက်နေခြင်းသာ ဖြစ်ပေလိမ့်မည်။

သို့သော် အဘိုးအိုသည် ရှောက်မှာ တို့ကို ယောင်၍ပင်လှည့်မကြည့်။

သူ့မှာ ခမောက်ပေါ်မှ သိုင်းကြိုးကို လွဲဖြုတ်ပြီး ခမောက်ကို လှန်လိုက်၏။

ထိုအခါ ခေါင်းတုံးပြောင်ကြီး ပေါ်လာ၏။

ဆံပင်မပေါက်သော ထိပ်ပြောင်ကြီးပင်။

ရှောက်မှာမှာ ထိုင်ခုံတစ်လုံးကို ဆွဲယူကာ ထိပ်ပြောင်ကြီး ရှေ့တွင် ထိုင်လိုက်၏။

ထိုနောက်...

'အရက်မသောက်ဘူးလား'

ခပ်တည်တည် မေးလိုက်သည်။

ထိပ်ပြောင်ကြီးက ခေါင်းခါပြသည်။

'အသားစားပြီးရင် အရက်နည်းနည်း သောက်ရတယ်၊ မသောက်ရင် ဗိုက်နာတတ်တယ်၊'

'ငါ ဘယ်တော့မှ ဗိုက်မနာဘူး'

'အလျှင်တုန်းက မနာပေမယ့် အခုနာချင်နာမှာပေါ့၊ တစ်အောင့်ကြာရင် နာချင်နာလာတယ်'

ရှောက်မာက ခပ်တည်တည် ဆက်၍ပြောလိုက်သည်။

ထိုအခါမှ ထိပ်ပြောင်ကြီး ရှောက်မာကို မော့ကြည့်လိုက်သည်။

ပြီးမှ ခေါင်းခါလျက်...

'နှမြောစရာကောင်းလိုက်တာ'

'ဘာအတွက်လဲ'

'ဒီကနေ့ ငါ အသားစားလို့ များသွားတယ်'

ထိပ်ပြောင်ကြီးက ဘာရည်ရွယ်ပြောသည်ကို ရှောက်မာ သိလိုက်သည်။

'တကယ်လို့ ဒီကနေ့ လူသားစား မများခဲ့ရင် ကျုပ် အသားကို စားမယ်ပေါ့'

'မင်းအသားက စားကောင်းမယ့် အသားပဲ၊ လူသားမှာ အဆင့်ရှိတယ်၊ မင်းအဆင့်က ပထမတန်းစား





ထိပ်ပြောင်ကြီးက ရှောက်မာ သိုင်းပညာ မည်မျှ တတ်သည်ကို ရည်ရွယ်ပြောလိုက်သည်။

သူ့ရည်ရွယ်ချက်ထဲတွင် ရှောက်မာကို ဂရုမစိုက်ကြောင်းလည်း ယှက်ဝင်နေ၏။

ရှောက်မာက အားပါးတရ ပြုံးလိုက်သည်။

ထိုအချိန်တွင် ချိစိန်းယီက ရေနွေးကြမ်းအိုး ယူလာသည်။

ရေနွေးကြမ်းအိုးကို ထိပ်ပြောင်ကြီးရှေ့တွင်ချသည်။

ရှောက်မာက ချိစိန်းယီဘက်လှည့်၍...

'ဒီနေရာမှာ တိုက်ခိုက်မှု မဖြစ်ဖူးဘူးဆိုတာ တကယ်လား'

'တကယ်ပေါ့၊ ဘယ်သူမှ ဒီနေရာမှာ ရန်မဖြစ်ကြဘူး၊ ဘယ်လို တိုက်ခိုက်မှုမျိုးမှလဲ မရှိခဲ့ဘူး'

'ဒါဆိုရင် သိပ်ကောင်းတာပေါ့'

ရှောက်မာက ပြောရင်း စားပွဲကိုခြေထောက်နှင့် ကန်ထုတ်လိုက်သည်။

'ဝုန်း....'

တစ်ဆက်တည်း ထိပ်ပြောင်ကြီးနှာခေါင်းကို လက်သီးနှင့် ထိုးလိုက်သည်။

ထိပ်ပြောင်ကြီးက ပြုံးရင်း လက်တစ်ဘက်ကို ဝှေ့ယမ်းလိုက်သည်။

ထိုအခါ စက္ကူကဲ့သို့ လိပ်ထားသော လက်သီးများက ခေါးသွားပမာ ထောင်တက်လာသည်။

လက်သီးများသည် ရှောက်မာ လက်ဆောက်ဝတ်ဆီသို့ ဦးတည်နေသည်။

သို့သော် ရှောက်မာ ကျန်လက်သီးတစ်လုံးကို ထိပ်ပြောင်ကြီးဝမ်းဗိုက်ကို ထိထိရောက်ရောက် ထိုးသွင်းလိုက်ပြီဖြစ်၏။

ဗိုက်ကိုထိမှန်သံက ဝုန်းခနဲ မြည်သွားသည်။

လွှက်သီးမှာ စည်ကြီးတစ်ခုကို ထိုးမိသကဲ့သို့ ထင်မှတ်ရသည်။

အသံနှင့်အတူ ထိပ်ပြောင်ကြီးထိုင်သောခွေးချေ ကြေမွသွား၏။

ထိပ်ပြောင်ကြီးကမူ လေထဲတွင် ဣန္ဒြေရရ ထိုင်နေဆဲပင်။ ရှောက်မာ၏လက်သီးက ထိပ်ပြောင်ကြီး၏ဗိုက်ကို ထိုးမိခြင်း မဟုတ်ဘဲ ခုံကိုသာ ထိုးမိသလား မှတ်ရသည်။

ချန်ပဲ့ဖိ မျက်မှောင်ကြုတ်သွားသည်။

တစ်ဘက်လူ၏ခွန်အားကို ပြန်လည်အသုံးချသော သိုင်းပညာဖြစ်ကြောင်း ချန်ပဲ့ဖိ အကဲခတ်လိုက်မိသည်။

ထိုပညာမျိုးမှာ ချင်းနှိုင်အမှန်ပင်ခက်ခဲသည်။





ရှောက်မာကမူ ယင်းပညာကိုလုံးဝနားမလည်သောအသွင်ဖြင့်....

'အခုဗိုက်နာနေပြီလား'

ထိပ်ပြောင်ကြီးကို မေးလိုက်သည်။

'ငါ့ဗိုက် ဘယ်တော့မှ မနာဘူး'

'ဒါဆိုရင် သိပ်ကောင်းတာပေါ့'

ရှောက်မာက ပြောပြောဆိုဆို ထိပ်ပြောင်ကြီး၏နှာခေါင်းကို လက်သီးဖြင့် ထိုးလိုက်ပြန်သည်။

သည်တစ်ကြိမ်တွင်တော့ ထိပ်ပြောင်ကြီး၏လက်က မနှေးပါချေ။

ခေါးသွားပမာချွန်ထက်သော လက်သည်းများဖြင့် ရှောက်မာကို ပြန်လည်တိုက်ခိုက်၏။

ရှောက်မာကလည်း ရှောင်တိမ်းခြင်းမပြုဘဲ တိုက်ကွက်ကို တိုက်ကွက်ဖြင့် တုံ့ပြန်တိုက်ခိုက်သည်။

ထိုတိုက်ကွက်တွင် တစ်ဘက်လူ၏ အရေးပါသောနေရာကို ဦးတည်တိုက်ခိုက်ခြင်းဖြစ်သည်။

အတိုက်ခံရသူက ရှောင်တိမ်းခြင်းမပြုလျှင် တစ်ချက်တည်းနှင့် အသက်ပါသွားနိုင်သည်။

သို့သော် ရှောက်မာက လုံးဝဂရုမစိုက်၊ လက်သီးကို ပစ်သွင်းမြဲ ပစ်သွင်းနေသည်။

ရှောက်မာ့လက်သီးက လျှပ်ပြက်သကဲ့သို့ မြန်၏၊

စောစောကကဲ့သို့ပင် သူ့လက်သီးက ထိပ်ပြောင်ကြီး၏ ဗိုက်ကို ထိုးမိသွားသည်။

ထိပ်ပြောင်ကြီး၏လက်သီးကလည်း၊ ရှောက်မာ၏လည်ပင်းကို ထိလုမတတ် ဖြစ်သွားသည်။

သို့သော် အနည်းငယ်မျှ နောက်ကျသွား၏၊
ရှောက်မာ၏လက်သီးက ပို၍မြန်သည်။
သွက်သည်။

သူသည် လူတစ်ယောက်၏ဗိုက်ကို ထိုးချင်ပါက ထိအောင် ထိုးရမှ ကျေနပ်နိုင်သူဖြစ်၏၊

သူ မည်သို့ဖြစ်သွားနိုင်သည်ကို မည်သည့်အခါမျှ စဉ်းစားတတ်သူ မဟုတ်ပေ။

ထိပ်ပြောင်ကြီးက ငြိမ်သက်စွာ ထိုင်နေဆဲပင်။

သို့သော် မျက်နှာကြီးအမူ အနည်းငယ် ဖြူရော်သွားပြီဖြစ်သည်။

ဝေ့သွားပမာ ချွန်ကျန်ခဲ့သော လက်သည်းများကိုလည်း ပြန်သိမ်းသွားခဲ့ပြီဖြစ်၏၊





ထိပ်ပြောင်ကြီး၏အတွင်းအားသည် စုစည်းမှုမရအောင်ဖြစ်နေသည်။

တစ်နည်းအားဖြင့်ဆိုသော် ရှောက်မာ၏ ထိုးနှက်ချက်ကြောင့် အတွင်းအား ပြန့်သွားသည်။

'အခု ဗိုက်နာပြီလား'

ရှောက်မာက မေးလိုက်သည်။

ထိပ်ပြောင်ကြီးက ခေါင်းခါပြသည်။

'ဗိုက်မနာဘူးဆိုရင် ဘာဖြစ်လို့ စကားတောင် ပြောလို့မရတာလဲ'

ထိုစဉ် ထိပ်ပြောင်ကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။ ထို့နောက် ခုန်ထပြီး ရှောက်မာ့ပခုံးကို လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်သည်။

တစ်ချိန်တည်းမှာပင် ရှောက်မာ၏ကိုယ်နောက်ပိုင်းကို ခြေဖြင့် ကန်လိုက်သည်။

ထိပ်ပြောင်ကြီး၏ လှုပ်ရှားဟန်မှာ ရက်စက်ကြမ်းကြုတ်လွန်းလှသည်။

စတင်လှုပ်ရှားလိုက်ကတည်းက တစ်ကိုယ်လုံး မနားတမ်းလှုပ်ရှားခဲ့သည်။

အင်္ကျီရှည်ကြီးပင်လျှင် လှုပ်ခါနေသည်။

သူ့အသွင်က လူသားစား ဘီလူးဟန်ပေါက်နေသည်။

သို့သော် ရှောက်မာအား ထိပ်ပြောင်ကြီး၏ဗိုက်ထဲသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်မြန်သည်။

သည်တစ်ကြိမ်တွင်တော့ ထိပ်ပြောင်ကြီး ခံနိုင်ရည် မရှိတော့။

နံရံနှင့်ဝင်ဆောင့်ပြီး ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်၊ ရှောက်မာက ပြေးသွားကာ ထိပ်ပြောင်ကြီးကို သူ့လက်သီးဖြင့် တရစပ်ထိုးတော့သည်။

'ဖုန်း....'

'ခွပ်....'

'အား....'

'အင့်....'

ရှောက်မာအား အပြင်းအထန် တိုက်ခိုက်နေစဉ်ကဲ့သို့ ထိပ်ပြောင်ကြီးမှာလည်း ညည်းညူရင်း ပါးစပ်မှသွေးများ အံကျလာသည်။

ထိပ်ပြောင်ကြီး၊ တစ်ကိုယ်လုံး ပျော့ခွေသွားပြီ ဖြစ်သည်။

ခွေးတစ်ကောင်ကို ရိုက်နှက်သကဲ့သို့ ထိပ်ပြောင်ကြီးကို ရှောက်မာ ထိုးနှက်လျက်ရှိ၏။





ထိပ်ပြောင်ကြီး လုံးဝမလှုပ်နိုင်တော့။

ရှောက်မာ ကိုယ်ရှိန်သတ်လိုက်သည်။

နန်နန်အလည်း တင်းကျပ်စွာ ရှောက်မာကို နောက်မှနေ၍ ဖက်ထားသည်။

ထိပ်ပြောင်ကြီး လုံးဝမလှုပ်နိုင်တော့။

ချိစိန်းယိ၏မျက်နှာကြီး ဖြူဖပ်ဖြူရော် ဖြစ်လာသည်။

'တယ်လာတဲ့ လက်သီးပါလား၊ သိပ်ကိုမြန်ပါလား၊ ဘယ်လိုထိုးလိုက်တယ်ဆိုတာတောင် မသိလိုက်ဘူး'

ချိစိန်းယိက တတွတ်တွတ်ရွတ်နေသည်။

'ဒီမှာလဲ တိုက်ပွဲဖြစ်ခဲ့တယ်ဆိုတာ ခင်ဗျား တခြားလူကို ဖောက်သည်ချလို့ရပြီမေ'

ရှောက်မာအား ပြောလိုက်သည်။

ချိန်စိန်းယ "စိန်းယ" သက်ပြင်းရှိုက်လိုက်သည်။

'အမှန်ဆိုရင် မင်းတို့ ကောင်းကောင်းအိပ်နိုင်တဲ့ နေရာအဖြီးနေရာပဲရှိတယ်၊ ဘာဖြစ်လို့အစဉ်အလာကို ဖျက်ဆီးပစ်ရတာလဲ'

'ဘာဖြစ်လို့လဲဆိုရင် ခင်ဗျားတို့ရဲ့အစဉ်အလာနဲ့ ကျုပ်အဘာနမဆိုင်ဘဲ'

'မင်းလဲပဲ အစဉ်အလာရှိတယ်ပေါ့'

'ဟုတ်တယ်'

'ဘယ်လို အစဉ်အလာလဲ'

'ကျုပ်အစဉ်အလာက တိုက်သင့်တဲ့လူကိုတိုက်ရမယ်၊ ကျုပ်သည်ပင်ပေါ် ခေါ်တော့ထားတာတောင် ကျုပ်က ဝရှစိုက်

မှု မဟုတ်ဘူး၊ ချက်ချရမှာပဲ၊ အဲဒီ အစဉ်အလာက ကျုပ်အစဉ်အလာပဲ၊ ခင်ဗျားတို့အစဉ်အလာထက် ပိုကောင်းမှာပါ'

'ဘယ်နေရာ ပိုကောင်းလို့လဲ'

ချိစိန်းယိက မေးလိုက်သည်။

ရှောက်မဒက လက်သီးကိုမြှောက်ပြလိုက်၏။

ထိုနောက်...

'ဘယ်နေရာ ပိုကောင်းတယ်ဆိုတာ ခင်ဗျား သိချင်သေးလား'

ချိစိန်းယိ ပါးစပ်ပိတ်သွားတော့သည်။



## အခန်း (၃၈)

'အစဉ်အလာဖျက်တဲ့သူက ကျုပ်ပါ၊ တခြားလူနဲ့ ဘာမှ မဆိုင်ဘူး၊ ဒါကြောင့်တစ်ယောက်ယောက်က ဒီမှာ အနားယူတဲ့လူတွေကို ဒုက္ခပေးဖို့ ကြံမယ်ဆိုရင် ကျုပ်က ခင်ဗျားနဲ့ အလျင် စာရင်းရှင်းမှာပဲ၊ ကျုပ်ပြောလိုက်တာကို မမေ့ဖို့ အရေးကြီးတယ်'

ချိစိန်းယိသည် မေ့မည်မဟုတ်မှန်း ရှောက်မဒ အကတ်သိနေသည်။

အဘယ့်ကြောင့်ဆိုသော် သူ့လက်သီးက အကောင်းဆုံး အာမခံချက်အစ်ခု ဖြစ်နေသောကြောင့်ပင်။

'ကျွန်မတို့ ဒီမှာအနားယူကြမယ်၊ ရှင်ကော'

နန်နန်က ပြုံးသက်နေရာက စကားစလိုက်သည်။

'လောက်ဖိဆိုတာ ငါ့မိတ်ဆွေ၊ ကျင်းကျင်းတို့ ညီအစ်မ ကလဲ ငါ့အပေါ် ကောင်းသားပဲ'

'ရှင် သူတို့ကို သွားရှာမယ်ပေါ့'

'အင်း...'

'ရှင့်အတွက် အန္တရာယ်ကြီးမှာတော့ စိုးရိမ်စရာပဲ၊ ကျွန်မ အလဲ ကျွန်မမောင်လေးကို စောင့်ရှောက်စရာရှိသေးတယ်'

'မင်းလိုက်ဖို့ မလိုပါဘူး'

ရှောက်မှာအာ ကြမ်းပြင်ပေါ် တွင်လဲနေသော မိန်းကလေး ကို ငေ့ကြည့်လိုက်သည်။

ပြုံး....

'သူတို့ကို ဗီမိန်းအလေးလို အဖြစ်မခံနိုင်ဘူး၊ ဆေးစွဲမခံနိုင် ဘူး'

'ကျွန်မတို့အလဲ ရှင့်ကို အားကိုးပါတယ်'

'မင်းတို့ ဒီမှာနေခဲ့လဲ ဘာမှမပူနဲ့၊ အေးအေးဆေးဆေး သာ အနားယူ၊ လောလောဆယ် ဒီမှာပြဿနာတက်စရာ အကြောင်းမရှိဘူး၊ နောက်ပြီး ခုအချိန်ဟာ အိပ်ချမယ့်အချိန် ပဲ....'

'ရှင်ကတော့ မအိပ်ဘူးပေါ့'





'မအိပ်နိုင်သေးဘူး'

'တစ်ရေးတစ်မောလောက်တော့ အိပ်သင့်တယ်'

'မအိပ်နိုင်သေးဘူး၊ မီးဝင်လာယ်ထဲ ခုန်ချမယ့်မိတ်ဆွေကို ကယ်ဖို့က အရေးကြီးတယ်၊ ငါဘယ်လိုပဲ ဖြစ်သွားပါစေ၊ အရေးမကြီးပါဘူး၊ ငါ့အတွက်ဆက် သူများအသက်က အရေး ကြီးတယ်'

'ဒါဟာ ရှင့်ရဲ့အစဉ်အလာပဲလား'

'ဟုတ်တယ်'

'မာ၊တစ်လက် လည်ပင်းမှာ တင်ထားတာတောင် ရှင့် အစဉ်အလာကို ဖျက်လို့မရဘူးပေါ့'

'ဟုတ်တယ်'

နန်နန်အာ ရှောက်မာ၏ ကိုယ်ကျိုးစွန့်လိုသောစိတ်ဓာတ်ကို လေးစားသွား၏။

'ရှင်ဟာ တအံ့လူတော်လူကောင်း တစ်ယောက်ပါပဲ'
'ငါ့ကိုယ်ငါတော့ ဒါလောက်ထင်မထားဘူး'
'ဒါပေမယ့် ကျွန်မကတော့ ထင်ထားတယ်'
'အဲဒါအလဲ ငါ့အတွက် အရေးမကြီးပါဘူး'
ချိစိန်းယာ ပျောက်ကွယ်သွားရာမှ ပြန်ရောက်လာသည်။ သူ့လက်တွင် အရက်အိုးတစ်အိုးပါလာသည်။

ချိစိန်းယံက အရက်အိုးကို ရှောက်မာခရှေ့တွင် ချလိုက်ပြီး....

'အရက်သောက်ပြီးမှ သွားပေါ့၊ အချိန်တွေ အများကြီး ရှိပါသေးတယ်'

ရှောက်မာခ ပြုံးလိုက်ကာ....

'ခင်ဗျားက စီးပွားရေးသမား တယ်ဆန်ပါလား၊ ဒီအချိန်မှာတောင် ကျုပ်ဆီက အရက်ဖိုး လိုချင်သေးလား'

'ကျုပ် နေရာတကာ စီးပွားရေး မဆန်ပါဘူး'
'ဒါဖြင့် အရက်ယူလာတာက ဘာသဘောလဲ'
'ဒါက အခမဲ့တိုက်တာပါ'
'ခင်ဗျားက ညှော့်ဝတ်ပြုတယ်ပေါ့'
'ကျုပ် မောင့်ရင့်လိုလူမျိုးကို ညှော့်ဝတ် ပြုတတ်ပါတယ်'
'ကျုပ်က ဘယ်လိုလူမျိုးမို့လဲ'
ရှောက်မာခ မေးလိုက်သည်။

'စည်းကမ်းရှိတဲ့လူ၊ မောင်ရင့်မှာ ကိုယ်ပိုင်စည်းကမ်းရှိတယ်'

ချိစိန်းယံက ပြောရင်း အရက်တစ်ခွက် ငှဲ့ပေးလိုက်၏။

ထို့နောက် အရက်ခွက်ကို ရှောက်မာခရှေ့ တိုးပေးလိုက်ပြီး....





'ခုတစ်ခေါက် ဒီလိုလူမျိုး အင်မတန်ရှားတယ်၊ မောင်ရင့်ကိုယ်ပိုင်စည်းကမ်းလဲ ရှိတယ်၊ ဇွဲသတ္တိလဲ ရှိတယ်၊ လူတစ်ပါးကို ကူညီချင်တဲ့ စိတ်ဓာတ်လဲရှိတယ်၊ ဒါကြောင့် ကျုပ်အရက်ဖြုန်းရမှာကို ဘာမှစိုးရိမ်စရာ မလိုဘူး'

ရှောက်မာ အရက်ခွက်ကိုယူကာ တစ်ကျိုက်တည်း မော့ချလိုက်၏။

ထို့နောက်....

'ဒါဆိုရင် ဒီအနေနဲ့ ခင်ဗျား နောက်ထပ် တစ်ကြိမ် ဒဏ်ခံရဦးမယ်'

'ဘာဖြစ်လို့လဲ'

'ညနေစောင်းကျရင် ကျုပ် ဒီကို အရောက်ပြန်လာမယ်၊ တွားသွားပြီး ပြန်လာရလဲ ပြန်လာမှာပဲ'

'အလကားရတဲ့ အရက်ကို သောက်ချင်လို့ မရရအောင် ပြန်လာမယ်ပေါ့ ဟုတ်လား'

နန်နန်မေ ဝင်ပြောသည်။

ရှောက်မာခ နန်နန့်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

ထို့နောက် အတန်ကြာအောင် စိုက်ကြည့်နေလိုက်ပြီး....

'မင်းကို အတိပေးထားတဲ့ ကိစ္စကိုလုပ်ဖို့ပါ'

နန်းနန်း နှုတ်ဆိတ်သွား၏။

ထိုအချိန်တွင် ငြိမ်သက်နေသော ချန်ပဲ့ဖိုက ဝင်၍

'မင်းသေသွားရင်ကော'

'သိပ်ကောင်းတာပေါ့'

'ရှောက်မာက ခပ်ဆတ်ဆတ် ပြောလိုက်၏။

နန်းနန်းက....

'ဘာပြောတယ်၊ သေသွားရင်သိပ်ကောင်းတယ် ဟုတ်လား'

'ဟုတ်တယ်'

'အသက်ရှင်နေတာထက် သေသွားတာ ပိုကောင်းသလား'

'တစ်ခါတစ်ရံမှာတော့ အသက်ရှင်နေတာထက် သေသွားတာက ပိုပြီးကောင်းတယ်'

'ဘယ်လိုကြောင့်လဲ'

'ဒီအတိုင်း အသက်ရှင်နေတာထက် သူများအကျိုးတစ်ခုခုကို ဆောင်ရွက်ရင်း သေသွားတာက ပိုကောင်းတာပေါ့၊ ဒီသဘောတရားကို ငါ အစက ကောင်းကောင်း မသိခဲ့ဘူး၊ အခုမှ သိလာတာ၊ လူဝံပုလွေတွေက လူအများစုရဲ့ ရန်သူပဲ၊ သူတို့ကို နှိမ်နင်းရင်း သေသွားရင်လဲ ပျော်ပျော် သေပစ်လိုက်မယ်'





နန်းနန်းက ဘာမှ ဆက်မပြောသေးဘဲ ရှောက်မာအတွက် အရက်တစ်ခွက် ငှဲ့ပေးလိုက်သည်။

'နေမဝင်ခင် ရှင်ပျော်ပျော် ဝံပုလွေ တွေ့မယ်ထင်သလား'

'အစကတော့ ငါလဲ မရေမရာ ဖြစ်နေတယ်၊ အခုတော့ လမ်းပြပေးမယ့်သူက ရှိနေပြီ'

'ဘယ်သူလဲ'

ရှောက်မာက သတိမေ့နေသော မိန်းကလေးကို မေးငေါ့ပြလိုက်၏။

'ဒီမိန်းကလေးက သူ့နေရာ ပြန်ရှာတတ်မယ်တဲ့လား'

'ငါက သတိပြန်ရအောင် လုပ်ပေးနိုင်ရင် ရမှာပေါ့'

ရှောက်မာက ပြန်ပြောလိုက်သည်။

နန်းနန်းက သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။

'သူ့ဒဏ်ရာက တော်တော်ပြင်းတယ်၊ လွယ်လွယ်နဲ့ သတိပြန်ရပါ့မလား'

'ပြန်ရအောင် လုပ်ရမှာပေါ့'

'ဝေဒနာခံစားနေရင် သူ သတိပြန်ရအောင် သူ နေရာကို ပြနိုင်မယ် မထင်ဘူး'

'အထင်ဟာ လက်တွေ့မဟုတ်ဘူး၊ အလုပ်တစ်ခုကို လက်တွေ့လုပ်ကြည့်မှ အဖြေပေါ်တယ်၊ မင်းရဲ့ ထင်မြင်ချက် စကားတွေဟာလေ'

ရှောက်မာက ပြောသည်။

နန်နန်း နှုတ်ဆိတ်သွားတော့၏။



## အခန်း (၃၉)

တောင်ကျစမ်းသည် အမြင့်မှ တသွင်သွင်စီးလျက် ရှိသည်။

ရှောက်မာသည် သတိလစ်နေသော မိန်းကလေးအား အေးမြသော စမ်းချောင်းထဲ စိမ်ထားလိုက်သည်။

သူမသည် ပြင်းထန်စွာ ဒဏ်ရာရထားသူဖြစ်၏။

ဒဏ်ရာထဲ စမ်းရေစီးဝင်လျှင် သူမ ပို၍ ခံစားရမည် ဖြစ်သည်။

ပို၍ခံစားရလျှင် သူမ၏ သတိကို နှိုးဆွပေးလိုက်သကဲ့သို့ ဖြစ်သွားနိုင်သည်။

နေရောင်ခြည်က နွေးထွေးတောက်ပနေသည်။

မကြာပါ။

သူမသည် သတိပြန်ရလာသည်။

ငါးတစ်ကောင်ကဲ့သို့ ကူးနေသည်။
ငါးက အော်နိုင်မည်မဟုတ်။
မိန်းကလေးကမူ ပြင်းထန်စွာ အော်ညည်းလျက် ရှိသည်။
ရှောက်မာက မိန်းကလေးကို ကြည့်နေသည်။

အော်ညည်းသံကို နားထောင်နေသည်။

ရှောက်မာသည် အသည်းနှလုံး မရှိသူမဟုတ်။

မိန်းကလေးသည် ထိုသို့ ဆေးကြော သန့်စင်သင့်သည်ဟု ရှောက်မာ ယူဆထားသည်။

မိန်းကလေးသည် ခန္ဓာကိုယ်ရော စိတ်နှလုံးပါ ဆေးကြောရန် လိုအပ်နေသည်။

ရွှေစင်သည် မီးထဲတွင် ထည့်ကြိုနိုင်မှ ပို၍ ရွှေဖြစ်လာနိုင်သည် မဟုတ်ပါလား။

အော်ညည်းသံ စဲသွားပြီဖြစ်၏။

ရုန်းကန်လှုပ်ရှားမှုများလည်း ရပ်တန့်သွားပေပြီ။

သူမသည် ရေထဲမှာပင် လှဲအိပ်နေသည်။

မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ ရှောက်မာအား တန်းမြင်သွား၏။

သူမ၏ မျက်လုံးအစုံမှာ အသက်ဝင်လာပြီဖြစ်၏။





သတိရလာပြီဖြစ်၍ သူမ၏ မျက်လုံးများက ပို၍ လှပလာသည်။

ပို၍ကြည်လင် တောက်ပလာသည်။

ဆေးမိခံရစဉ်တွင် သူမ၏ မျက်လုံးများက ယောက်ျားအားကို ညှို့ယူဖမ်းစားခဲ့သည်။

ယခုမူ သနားစဖွယ် မိန်းကလေးအသွင် ကူးပြောင်းလာသည်။

ရှောက်မာကို မြင်သောအခါ သူမသည် ရှက်သွားပုံရ၏။ အံ့ဩတုန်လှုပ်သွားပုံလည်းရ၏။

'ငါ့နာမည် ရှောက်မာလို့ ခေါ်တယ်'

ရှောက်မာက သူ့နာမည်ကိုပြောကာ စကားစလေ၏။

'ကျွန်မ ရှင့်ကို မသိဘူး'
မိန်းကလေး ခေါင်းခါရင်း ပြောသည်။

'စောစောတုန်းကပဲ မင်း ငါ့ကိုသိနေပါတယ်၊ ဒါလောက် လွယ်လွယ်နဲ့မေ့ဖို့ မကောင်းဘူး'

ရှောက်မာက ပြန်ပြောလိုက်သည်။
မိန်းကလေးသည် ရှောက်မာကို မော့ကြည့်သည်။
သူ့ကိုယ် သူမလည်း ငုံ့ကြည့်၏။

သူမသည် စောစောက အဖြစ်ကို လုံးလုံးလျားလျား မေ့မည်မဟုတ်။

အိပ်မက်ဆိုးမက်ခဲ့သူသည် အိပ်မက်ထဲမှ အဖြစ်ကို ချက်ချင်း မေ့မသွားဘဲသည့် သဘောမျိုးပင် ဖြစ်သည်။

အိပ်မက်ဆိုးထဲမှ မိန်းကလေး၏ ဘဝသည် သူမ၏ ဘဝ အစစ်အမှန်ပင်လော၊

သူမ ဝေခွဲမရ ဖြစ်နေသည်၊

သူမသည် အိပ်မက်ဆိုး ကမ္ဘာထဲတွင် ကြာမြင့်စွာ နေလာခဲ့သဖြင့် ထိုသို့ ဝေခွဲမရ ဖြစ်နေခြင်းပင်။

'မင်း သတိပြန်ရပြီလား၊ ကြောက်ကော ကြောက်သွားသလား'

ရှောက်မာက မေးလိုက်သည်။

'ဝုန်း....'

မိန်းကလေး ရေထဲမှ ခုန်ထလိုက်သည်။

ထို့နောက်...

မိန်းကလေးသည် လက်နှစ်ဖက်ကိုဆန့်တန်းလိုက်၏၊

ပြီး ရှောက်မာထံ ခုန်ဝင်လာသည်။





သူမသည် ရှောက်မာ၏ လည်ပင်းကို ညှစ်တော့မည့်ဟန်၊ မျက်လုံးကို ဖောက်တော့မည့်ဟန်မျိုးဖြင့် ခုန်ဝင်လာခြင်း ဖြစ်သည်။

ရှောက်မာတွင် လည်ပင်း တစ်ခုသာရှိ၏၊
မျက်လုံးတစ်စုံသာရှိ၏။
ကံကောင်းသည်မှာ သူ့တွင် လက်နှစ်ဖက် ရှိနေခြင်းပင်။

ရှောက်မာက သူမ၏လက်နှစ်ဖက်ကို မိမိရရ ဆုပ်ကိုင်လိုက်သည်။

ထိုအခါ သူမမှာ ပြန်လည် ပျော့ခွေသွားတော့၏။
ရှောက်မာက သူ့အင်္ကျီကို ချွတ်လိုက်၏၊
ပြီး....သူမ၏ ခန္ဓာကိုယ်ကို လွှမ်းခြုံပေးလိုက်သည်။
ထို့နောက်....

ရှောက်မာက သူမ၏ခန္ဓာကိုယ်ကို ရင်ခွင်ထဲတွင် ပွေ့ထားလိုက်သည်။
မိန်းကလေးက အံတစ်ချက်ကြိတ်လိုက်ပြီး....
'ရှင့်ကို ကျွန်မ သတ်ပစ်မယ်၊ တစ်နေ့မဟုတ် တစ်နေ့ သတ်ပစ်မှာပဲ'
'မင်းက ငါ့ကို တကယ်သတ်မှာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်း ငါ့ကို မုန်းတာထက် မင်းကိုယ်မင်း ပိုမုန်းနေလို့ပဲ'

ရှောက်မာကပြောရင်း ရယ်မောလိုက်သည်။
ချိုသာစွာ ရယ်မောလိုက်ခြင်းပင်။
မိန်းမလေးက ရှောက်မာကို စိုက်ကြည့်နေ၏။
ရှောက်မာက ဆက်၍ပြောသည်။

'မင်း....နောင်တ ရနေမှန်း ငါ သိတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ မင်းဟာ စိတ်ညစ်လို့ ပျော်မယ်ထင်တာတွေ လုပ်ခဲ့တယ်။

အခုတော့ စိတ် ပိုညစ်နေတယ်၊ ပိုပြီး ခံရခက်နေတယ်၊ မှင်၊ ဦးနှောက်ကြည်ကြည်လင်လင် မရှိသေးသမျှ ကာလပတ်လုံး ငါ့ကို မုန်းနေမှာပဲ။

ဒါကြောင့် မင်းဟာ ကိုယ့်ကိုယ်ကို သတ်ပုတ်ဖို့ စိတ်ကူးခဲ့တယ်၊ ကိုယ့်ကိုယ်ကို ညှဉ်းဆဲခဲ့တယ်။

ဒီလို လုပ်တာဟာ မင်းအတွက်ရော သူများအတွက်ပါ အကျိုး မရှိဘူး'

ရှောက်မာ၏ စကားများမှာ ချွန်ထက်သောအပ်ဆစ်ချောင်း ပမာ သူမ၏ အသည်းနှလုံးထဲသို့ နက်ရှိုင်းစွာ စူးနစ်သွားသည်။

သူမ မည်သို့ ခံစားနေရသည်ကို ရှောက်မာ အလည်းကောင်းစွာ သဘောပေါက်သည်။





သူမ၏ ခန္ဓာကိုယ်မှာ ကုန်တုန်ယင်ယင် ဖြစ်လာသည်။
မျက်လုံးအစုံမှ မျက်ရည်များလည်း စီးကျလာသည်။
လုံးဝ ပြုံးပြင်၍မရသောသူသည် မျက်ရည် ကျမည်မဟုတ်၊ မျက်ရည်ဟူသည် ဝမ်းနည်းခြင်း၏ သင်္ကေတ ဖြစ်နိုင်သလို နောင်တတရား၏ အမှတ်အသားလည်း ဖြစ်နိုင်သည်ပင်။

ရှောက်မာ သူမ၏ ဆံပင်ယဉ်စများကို ညင်သာစွာ ပွတ်သပ်ပေးလိုက်သည်။

'မင်းဟာ ငယ်ပါသေးတယ်၊ လူသစ်စိတ်သစ်နဲ့ နေသွားမယ်ဆိုရင် အချိန်မီပါသေးတယ်'

သူမက ခေါင်းကို မော့လိုက်သည်။

မျက်ရည်ဝဲနေသော မျက်လုံးအစုံနှင့် ရှောက်မာကို ကြည့်နေသည်။

ရေနစ်သူသည် အသက်အေယ်လှေကိုမမျှော်လင့်ဘဲ တွေ့လိုက်ရသကဲ့သို့ သူမ ဝမ်းသာသွားပုံရ၏။

'အချိန်မီသေးတယ်ဆိုတာ တကယ်လားဟင်'

'တကယ်ပေါ့'

ရှောက်မာ သွက်လက်စွာ ပြောလိုက်သည်။
စမ်းရေများသည် ပြန်လည်သန့်စင်လာပြီဖြစ်၏။

သွေးစသွေးနများမှာ စမ်းရေနှင့်အတူ ဒများပါသွားပြီ ဖြစ်၏။

မည်သည့် အညစ်အကြေးပင်ဖြစ်စေကာမူ ရေထဲတွင် ကြာရှည်စွာ ကျန်ရစ်မနေနိုင်။

အဘယ့်ကြောင့်ဆိုသော်....

စမ်းရေဟူသည် အစဉ်တစိုက် တသွင်သွင် စီးဆင်းနေသောကြောင့်ပင် ဖြစ်သည်။

သူတို့သည် ချောင်းနံဘေးအတိုင်း တောအတွင်းသို့လျှောက်သွားကြသည်။

'ဒီချောင်းက ရေအနီတစ်ခုက ဆင်းလာတာ၊ အဲဒီ ရေအိုင်ကို ကျွန်မတို့က နေမင်းရေကန်လို့ ခေါ်တယ်'

မိန်းကလေးက ပြောသည်။

ရှောက်မာက....

'အဲဒါ နေမင်းကို ပူဇော်တဲ့ နေရာပဲလား'

'ဟုတ်တယ်'

ထိုနောက် မိန်းကလေးက ဆက်၍ပြောသည်။

'နေထွက်လာရင် နေရောင်က ရေထဲကို အလျင်ဆုံး ထိုးကျလာတယ်။ ရေကန်ထဲက ရေတွေက နေမင်းထက်တောင် ပိုပြီး တောက်ပြောင်လာသလိုပဲ။





ကျွန်မတို့ အဝတ်အစားချွတ်ပြီး ရေထဲ ခုန်ဆင်းကြတယ်။ အဲဒီအခါမှာ နေမင်းရဲ့ ရင်ခွင်ထဲ ရောက်သွားသလိုပဲ'

မိန်းကလေးက စိတ်ကူးယဉ်ဆန်ဆန်ပြောသည်။

သူမ၏ လေသံအမူ အပြစ်ကင်းစင်သော လေသံမျိုး ဖြစ်နေသည်။

'ပြီးတော့ ကျွန်မတို့ဟာ ဝက်သစ်စ နေရောင်အောက်မှာ နေမင်းကို ပူဇော်ကြတယ်၊ ထာဝရ ရှိပါစေ၊ ကျွန်မတို့ကို ပစ်မသွားပါနဲ့လို့ ဆုတောင်းကြတယ်'

'ဘာပစ္စည်းနဲ့ ပူဇော်သလဲ'

ရှောက်မာက မေးလိုက်၏။

'ခါတိုင်းဆိုရင် ပန်းနဲ့ပူဇော်တယ်၊ တောင်ပေါ်ကခူးလာတဲ့ ပန်းတွေပေါ့'

'ခါတိုင်းအချိန် မဟုတ်ရင်ကော'

'လပြည့်နေ့ဆိုရင် ခန္ဓာကိုယ်နဲ့ ပူဇော်ရတယ်'

'ခန္ဓာကိုယ်နဲ့ ပူဇော်ရတယ် ဟုတ်လား'

ရှောက်မာ အံ့သြသွားမေးလိုက်၏။

'ဟုတ်တယ်'

ယင်းသို့ ပူဇော်ပုံကို ရှောက်မာ တစ်ကြိမ်တစ်ခါမျှမကြားဖူးပါချေ။

'ဘယ်လို ပူဇော်ရတာလဲ'

'ကျန်းမာသန့်စွမ်းတဲ့ ယောကျ်ားတစ်ယောက်ကို ရွေးရတယ်၊ သူ့ကို နေမင်းလို့ သတ်မှတ်လိုက်တယ်၊ ရှိသမျှ မိန်းမလေးတွေက သူ ပျော်ရွှင်အောင် ဖျော်ဖြေရတယ်။

နေဝင်တဲ့အထိ ပူဇော်တယ်၊ နောက်ဆုံး အဲဒီယောကျ်ားဟာ ညနေခင်းနေရောင်အောက်မှာ သေဆုံးသွားတယ်'

သူမသည် ပုံပြောသကဲ့သို့ ခပ်ပေါ့ပေါ့ ယဲ့ဘာသားအ ပြောနေခြင်းဖြစ်သည်။

ရှောက်မာကမူ အံ့သြမဆုံးအောင် ဖြစ်နေရှာလေသည်။

'ပူဇော်ခံရတဲ့ ယောကျ်ားဟာ သူ့ကိုယ်သူ အသေခံနိုင်တယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ လောကမှာ သေပုံသေနည်း အမျိုးမျိုးရှိတယ်၊ ဒါပေမယ့် ဘယ်လိုနည်းမျိုးနဲ့မှလဲ အဲဒီ သေနည်းလောက် ကြည်ညိုစရာ မကောင်းဘူး။

အင်း....အခုတော့ ကျွန်မမှာ အဲဒီ အခွင့်အရေးမျိုး မရတော့ပါဘူး'

'ဘာဖြစ်လို့လဲ'

'အဲဒီနေ့မှာ ယောကျ်ားတွေထဲက ချောတဲ့ မိန်းကလေးတစ်ယောက်ကို ရွေးရတယ်၊ နတ်သမီး သဘောထားရတယ်'





မိန်းကလေးက ခပ်ပေါ့ပေါ့ ပြောလိုက်သည်။

သို့သော်....

ရှောက်မာက လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိ၏။

သွားကိုလည်း တင်းတင်းကြိတ်ထားမိသည်။

ယင်းတို့အထဲတွင် လူယုတ်မာ တစ်ဦးဦးတော့ ရှိရပေမည်။ ယင်းလူယုတ်မာသည် လိမ်လည်လှည့်စားသော နည်းဖြင့် သူတို့တစ်တွေအား ချုပ်ကိုင်နေခြင်း ဖြစ်မည်။

ညစ်ညမ်းသော ကိစ္စကို ယဉ်ကျေးသော ပုံအသွင်ဖြင့် လိမ်လည် ဖုံးသွင်းနေခြင်းပင်။

သူတို့တစ်တွေသည် ခန္ဓာကိုယ်တင်သာမက နှလုံးသားလည်း ဖျက်ဆီးခံနေရသည်။

ရင်နာစရာ အဖြစ်ပါကလား။

ရှောက်မာသည် စဉ်းစားလေလေ ပို၍ ရင်နာလေလေ ဖြစ်လာရသည်။

ဖြစ်နိုင်လျှင် ထိုလူယုတ်မာကို ရှာဖွေပြီး နှုတ်နှုတ်စင်းပစ်လိုက်ချင်သည်။

တစ်ကိုယ်လုံးကြေမွသွားအောင် ထိုးပစ်လိုက်ချင်သည်။

မိန်းကလေးက ဆက်၍ ပြောပြန်သည်။

'လပြည့်ရောက်ဖို့ နှစ်ရက်ပဲ လိုတော့တယ်၊ အမှန်ဆိုရင် ဒီလအတွက် ရွေးလိုက်တဲ့ နတ်သမီးက ကျွန်မပဲ၊ အခုတော့ သူတို့က တခြားတစ်ယောက်ကို ရွေးပြီး အစားထိုးပေးလိုက်တယ်၊ ရွေးလိုက်တဲ့ မိန်းကလေးက ဒီမှာနေတာ မဟုတ်ဘူး၊ အခြားနယ်က လာတာ'

'ဒါကြောင့် မင်း ဒေါလဲ ပူတယ်၊ စိတ်လဲ ညစ်တယ်၊ စိတ်ညစ်ညစ်နဲ့ ဆေးရွက်တွေ နှင်းဆန်စားတယ် ဆိုပါတော့'

ရှောက်မာက ဖြတ်ပြောလိုက်သည်။

'ဟုတ်တယ်'

မိန်းကလေးက ဝန်ခံ၏။

'ဟား....ဟား....ဟား'

ရှောက်မှာ ရယ်ပစ်လိုက်သည်။

'ဘာဖြစ်လို့ ရယ်နေတာလဲ'

မိန်းကလေးက ရှောက်မာကို မော့ကြည့်ကာ မေးသည်။

'ရယ်စရာ ကောင်းလို့ပေါ့'

'ဘာရယ်စရာ ကောင်းတာလဲ'

'မင်းဟာ ရယ်စရာ ကောင်းတာပေါ့'

'ကျွန်မက ရယ်စရာ ကောင်းနေတယ် ဟုတ်လား'

'ဟုတ်တယ်'

'ဘာကြောင့်လဲ'

'သေကိန်းဆိုက်နေတဲ့ လူတစ်ယောက်ဟာ မသေဘဲ အသက် ပြန်ရှင်လာမယ်ဆိုရင် ဘယ်သူမဆို အကြီးအကျယ် ဝမ်းသာကြ





မှာပဲ၊ မင်းက ဝမ်းမသာတဲ့အပြင် စိတ်တောင် ညစ်နေတယ်၊ ဒီထက် ရယ်စရာကောင်းတဲ့ ကိစ္စမျိုး ဒီလောကမှာ မရှိနိုင်တော့ဘူး'

မိန်းကလေးက သက်ပြင်းချလိုက်ကာ...

'ဒီကိစ္စက နဂိုကတည်းက ဆန်းကြယ်နေတယ်၊ ဒါကြောင့် ကျွန်မ ဘယ်လိုရှင်းပြရမယ်ဆိုတာတောင် မသိဘူး'

'ဒါဆိုရင် ဘယ်သူက ရှင်းပြနိုင်သလဲ'

'ရှင်းပြနိုင်တဲ့သူဆိုလို့ တစ်ယောက်တည်း ရှိတယ်၊ ဒီလူက နတ်ပြည်အရောက် ပို့ပေးနိုင်တယ်'

ရှောက်မာ လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်မိပြန်သည်။

ယခုအချိန်၌ ဒေါသကို ထိန်းထားရမည်ဖြစ်ကြောင်း သူ သိနေပါ၏။

ထို့ကြောင့် ဆုပ်ထားသော လက်သီးကို ပြန်ဖြည်လိုက်လေသည်။

'အဲဒီလူက ဘယ်သူလဲ'

ရှောက်မာက စူးစမ်းလိုက်သည်။

'ရှင် သူ့ကို တွေ့ချင်နေသလား'

'အင်း...'

'အဲဒီလူက နေမင်းရဲ့ စေတမန်ပါ၊ ပူဇော်ပွဲကို ဦးစီးလုပ်တဲ့ သူပဲ'

'သူနဲ့တွေ့လို့ ရမလား'

'ရှင်က သိပ်တွေ့ချင်နေလို့လား'

'သိပ်တွေ့ချင်တာပေါ့'

'ဘာလဲ၊ ရှင်လဲ ကျွန်မတို့အဖွဲ့ထဲ ဝင်ချင်နေတယ်ပေါ့၊ နေမင်းရဲ့ဘက်တော်သား ဖြစ်ချင်နေတယ်ပေါ့၊ ဟုတ်လား'

'အင်း....'

'ဒါဆိုရင် သူ့ဆီ လိုက်ပို့ပေးရမှာပေါ့'

'အခုချက်ချင်း သွားကြရအောင်'

'ကောင်းတယ်၊ ဒါကလဲ အခုချက်ချင်း သွားချင်နေတာနဲ့ အတော်ပါပဲ'



## အခန်း (၄၀)

နေအား ကျဲကျဲတောက် ပူလောင်လျက် ရှိသည်။

'ညနေကျရင် နေမင်းရဲ့ အလင်းမှ ရောင်ဟာ ရေကန်ပေါ်ကို ထိုးကျသွားမှာပဲ'

မိန်းကလေးအား နေမင်းကို မော့ကြည့်ကာ ပြောသည်။

'အဲဒီအချိန် မင်းတို့လဲ ပူဇော်ပွဲလုပ်တယ်ပေါ့'

'အင်း....'

'ပူဇော်ပွဲကို နေမင်းရဲ့ စေတမန်အား ပဲ ဦးစီးတယ်ပေါ့'

'အများအားဖြင့် သူကပဲ လုပ်ပေးပါတယ်'

ရှောက်မာအား ဘယ်လက်ဝါးပေါ် "ညာလက်သီးတင်လိုက်ပြီး....

'ဒီနေ့လဲ သူပဲ ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ'

သူတို့သည် ရေအန်ကြီးသို ရောက်လာကြသည်။

ရေအန်ကြီးသည် နေရောင်အောက်တွင် အလျှံငြိုးငြိုးဖြင့် တောက်ပနေ၏။

ရေအန်ပေါ်တွင် လှေတစ်စီး ရှိသည်။
လှေပေါ်တွင် ပန်းအပြည့် တင်ထားသည်။
တောတောင်အနံ့မှ ခူးထားသော ပန်းများဖြစ်၏။
ကမ်းစပ်တွင် လူတစ်ယောက် ရှိသည်။

ရွှေနှင့် သွန်းထားသော လူတစ်ယောက်ဟုပင် ထင်မှတ်မှားလောက်၏။

ရွှေရောင်အင်္ကျီ၊ ရွှေရောင် ဘောင်းဘီတို့ကို ဝတ်ဆင်ထားသည်။

မျက်နှာပေါ်တွင် ရွှေမျက်နှာဖုံး တပ်ဆင်ထား၏။
ထိုလူသည် ကမ်းစပ်တွင် တည်ငြိမ်စွာ ရပ်နေ၏။
သူ့ဟန်ပန်မှာ ကျက်သရေရှိလှသည်ဟု ထင်ရလေသည်။
ရှောက်မှာ ထိုသူကို မြင်လိုက်ပြီး ဖြစ်သည်။

ရှောက်မာသည် ထိုသူကို ကျက်သရေရှိသည်ဟု လုံးဝ မထင်မိပေ။

အသွင်ယုံဘိကန်းသော လူယုတ်မာတစ်ယောက် အဖြစ်သာ သတ်မှတ်ထားသည်။





လောကတွင် ညစ်ညမ်းသောကိစ္စ အမြောက်အမြား ရှိလေသည်။

ယင်းညစ်ညမ်းသော ကိစ္စများကို အမြဲလိုလို လုပ်သော အရေခွံ ခြုံလွှမ်းထားတတ်သည်။

ရှောက်မာက ရွှေရောင် လူသားထံသို့ လျှောက်သွားလိုက်သည်။

နီးသို့ ရောက်သောအခါ....

'နေမင်းရဲ့ စေတမန်ဆိုတာ ခင်ဗျားပဲလား'

ရှောက်မာက ခပ်တည်တည် မေးလိုက်သည်။

ထိုသူက ခေါင်းညိတ်ပြ၏။

'ကျုပ် ဘယ်သူဆိုတာ သိလား'

ထိုသူက ခေါင်းထပ်ညိတ်ရင်း...
'သိပါတယ်၊ မင်းကို စောင့်နေတယ်'
ထိုသူ့အသံက နေရောင်ကဲ့သို့ အပူရှိန်မရှိ။
သို့သော် ထူးဆန်းသော အားမာန်မျိုး ပါရှိနေသည်။

'ဘာဘယ်လို မင်း ငါ့အဖွဲ့ထဲ ဝင်ချင်တယ်ဆိုရင် ဝါအလက်ခံရမှာပေါ့၊ ဒါဆိုရင် မင်း နတ်ပြည်ရောက်ပြီ'
'သေတယ်ဆိုတာ နတ်ပြည်ရောက်တာကို ဆိုလိုတာလား'

ရှောက်မာက မေးလိုက်သည်။
'တစ်ခါတလေတော့ ဟုတ်ပါတယ်'
'ဒါဖြင့် ခင်ဗျား ဘာဖြစ်လို့ မသေသေးတာလဲ'

ရှောက်မာက ပြောရင်း ရှေ့သို့ခုန်လွှားကာ ထိုသူ၏ နှာခေါင်းကို လက်သီးနှင့် ထိုးလိုက်သည်။

ရှေ့မြင့် ပြူလုပ်ထားသော နှာခေါင်းပင် ဖြစ်ပါစေ၊

ရှောက်မာက ကြေမွသွားအောင် ထိုးနိုင်သည်။

သူ့လက်ချက်ကြောင့် နှာခေါင်းကြေမွသွားသူများ များပြားခဲ့ပြီ ဖြစ်သည်။

အဘယ်မျှ များပြားခဲ့သည်ကို သူကိုယ်တိုင် မမှတ်မိတော့ပါချေ။

သေချာသည်က သူ့လက်သီးတစ်လုံး ပစ်သွင်းလိုက်လျှင် နှာခေါင်းမထိသည့်တိုင် မျက်နှာတစ်နေရာရာကိုတော့ ထိမည်။

သူ့လက်သီးက ပညာသားပါသည်။

လျှပ်စီးပြက်သကဲ့သို့လည်း မြန်၏၊
ပြင်းလည်း ပြင်းသည်၊
တစ်ဘက်ရန်သူ ရှောင်တိမ်းချိန် ရခဲသည်။





ရှောင်ရန်လည်း မစွမ်းသာအောင် ရှိနေတတ်သည်။
သူ့လက်သီးက ထိုမျှ ကြောက်စရာကောင်းသည်၊
တိကျသည် ထူးချွန်သော ခြေသမားဖြစ်သည်။

သူ့ခြေချက်က မြန်ဆန်လွန်းသဖြင့် နာမည်ကြီးလာသူဖြစ်သည်။

မည်မျှ မြန်ဆန်ပါသနည်း။

အံ့သြဖွယ်ကောင်းလောက်အောင် မြန်၏။

သူသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း လေထဲတွင် ဝဲပျံနေသော ယင်ကောင်ကို တစ်မုဟုတ်ချင်း ရုတ်ချနိုင်သည်။

သူသည် ရှောက်မာ၏ လက်သီးကို ထက်ပိုင်းခုတ်ချရန် ကြံသေး၏။

သူ့ခြေသည် ရှောက်မာ၏လက်နားသို့ပင် ရောက်လာသေးသည်၊

ရှောက်မာ လက်မပြုတ်ခဲ့ပါချေ။
အဘယ်ကြောင့်ဆိုသော် ရှောက်မာ၏လက်သီးက ထိုသူ့ကို ဦးစွာ ထိမှန်သွားသောကြောင့်ပင်၊
ရှောက်မာသည် ထိပ်သီးခြေသမား ရှောက်လီ၏ ခြေအစွမ်းမထက်ပါချေ၊

6

ရှောက်လီသည် ဓားဖြင့် ပစ်ပေါက်ရာတွင် အလွန်ကျွမ်းကျင်၍ ဓားပျံရှောက်လီဟုပင် နာမည်တွင်ခဲ့သည်။
ရှောက်လီ ဓားဖြင့် ပစ်ပေါက်တိုင်း ပစ်မှတ်ကို ထိမှန်စမြဲဖြစ်သည်။

ရှောက်မာ၏လက်သီးတာ ထိုမျှ အစွမ်းမထက်။

သို့သော် အတော်ကလေးတော့ နီးစပ်နေပြီ ဖြစ်၏။

သေချာစွာရေတွက်မည်ဆိုလျှင် သူ့လက်သီးက အကြိမ်တစ်ရာထိုးက တစ်ကြိမ်သာလွဲချော်တတ်၏။

သို့တိုင် လွဲချော်သောအကြိမ်သည် ပစ်မှတ်ကို လုံးလုံးလျားလျား လွဲချော်သွားခြင်းမဟုတ်။

နှာခေါင်းကိုထိုးလျှင် ပါး၊ မျက်စိ၊ နဖူး စသည်တို့ကိုတော့ ထိတတ်မြဲ။

ယခုတစ်ကြိမ်မှာတော့ သူ့လက်သီးက ပစ်မှတ်ကို လုံးလုံးလျားလျား လွဲချော်သွားသည်၊

လေကိုသာထိုးမိသွားသည်။

အချည်းနှီးဖြစ်သွားသည်။

သူလက်သီးနှင့်ထိုးလိုက်ချိန်တွင် နေမင်းစေတမန်က သေး၏လျင်မြန်ခြင်းမျိုးဖြင့် ရှောင်ထွက်သွားပြီဖြစ်သည်။





ယနေ့ညနေခင်းတွင် သူ့လက်သီးက နှစ်ကြိမ်လွဲချော်သွားခဲ့ပြီဖြစ်သည်။
နေမင်းစေတမန်က ဝိပ္ပလွှေများထက်ပင် လျင်မြန်နေပါလား။
ရှောက်မာ ကြိတ်မနိုင် ခဲမရဖြစ်သွားသည်။
ဒေါသလည်း ပိုကြီးလာ၏။
သို့သော်....
အားမတန်၍ မာန်လျှော့ရမည့် အခြေအနေမျိုး ဆက်ရောက်နေလေပြီ။
နေမင်းစေတမန်က သူ့ကိုကြည့်ပြီးပြုံးလိုက်သည်။
'ဒီတစ်ခါတော့ ချော်သွားပြီ'
နေမင်းစေတမန်က ပြောသည်။
'ဒီတစ်ခါချော်ရင် နောက်တစ်ခါရှိသေးတယ်'
'မှင်းက စမ်းကြည့်ချင်သေးတယ်ပေါ့'
'ခင်ဗျားရဲ့နှာခေါင်းက ခင်ဗျားရဲ့မျက်နှာပေါ်မှာ ရှိနေပြီး ကျုပ်ရဲ့လက်သီးက ကျုပ်လက်ပေါ်မှာ ရှိနေသေးတယ်ဆိုရင် ခင်ဗျားနဲ့ကျုပ်ဟာ ဘယ်တော့မှပြေလည်သွားမှာ မဟုတ်ဘူး'
'မင်းက ဇွဲတော့ကောင်းသားပဲ'
'ယောကျ်ားတစ်ယောက်ရဲ့အသက်ဟာ ဇာတ္တိနဲ့ဇွဲပဲ'
ပြောပြောဆိုဆို ရှောက်မာ မာန်သွင်းလိုက်သည်။
နေမင်းစေတမန်ကို ဝင်ထိုးရန်ဟန်ပြင်လိုက်သည်။
သည်တစ်ခါ မလွတ်တမ်းထိုးတော့မည်ဟု သည်း ဆုံးဖြတ်ထား၏။

အကောင်းဆုံးတိုက်ကွက်နှင့် တိုက်ခိုက်ရန် ရွေးချယ် တိုက်ခိုက်ရန် လက်သီးကိုပြင်လိုက်၏၊

ထိုအခါ....

နေမင်းစေတမန်က....

'ခဏနေပါဦး'

တားလိုက်သည်။

'ဘာဖြစ်လို့နေရမှာလဲ'

'လူတစ်ယောက်ပြချင်လို့ပါ'

'ဘယ်သူလဲ'

'သိပ်လှတဲ့မိန်းကလေးတစ်ယောက်၊ မင်းတစ်သက်နဲ့ တစ်ကိုယ်မှာ အလှဆုံးထင်ရမယ့် မိန်းကလေးတစ်ယောက်ကိုပြချင်လို့ပါ'

နေမင်းစေတမန်က ပြောသည်။

'ဘယ်သူလဲ'

ရှောက်မာက စိတ်ဝင်စားသလိုဖြစ်လာသဖြင့် မေးလိုက်မိသည်။

'အမှန်ပြောရရင် သူဟာ ကာမန်မိန်းကလေးဘာဝမဟုတ်တော့ဘူး၊ နတ်မိမယ်ဖြစ်နေပြီ'

ပွဲတော်ပွဲရောက်သောနေ့တွင် နတ်မိမယ်တစ်ယောက်ကို ရွေးချယ်ရမြဲပင်။

သည်တစ်ကြိမ်ရွေးချယ်ခံရသူမှာ ဝံပုလွေတောင်ပေါ်တွင်နေသူမဟုတ်၊





အခြားနယ်မှရောက်လာသော အမျိုးသမီးတစ်ဦး ဖြစ်နေသည်။

ရှောက်မာ လက်ကိုဖြန့်၍ဆုပ်၍လုပ်နေသည်။

သူ့အာရုံထဲသို့ မကောင်းသောနိမိတ်တစ်ခု ဝင်လာသလို ခံစားလာရသည်။

'သူအခုဘယ်မှာလဲ'

နေမင်းစေတမန်က ကိုယ်ကိုလှည့်လိုက်ကာ ရေအနီပေါ်တွင်ရှိနေသော လှေကလေးကို ညွှန်ပြလိုက်သည်။

တစ်ဆက်တည်းမှာပင်....

'အဲဒီမှာပေါ့'

ဟု ပြောလိုက်လေသည်။

## အခန်း (၄၁)

နေဝင်တော့မည်ဖြစ်သည်။

ထိုအချိန်သည် အလွန်လှပသောအချိန်ဖြစ်သည်။

နေရောင်သည် ရွှေရောင်တောက်လျက်ရှိ၏။

နေရီဆည်းဆာ၏ အလှဆုံးသောအချိန်။

ပန်းများတင်ဆောင်ထားသော လှေကလေးသည် အနီရောင်ပြင်ပေါ်တွင် လူးလွန့်လှုပ်ရှားနေသည်။

ထိုအသွင်ကိုကြည့်ရသည်မှာ အိပ်မက်ထဲမှ အကလေးဟုပင် ထင်ရလေသည်။

သို့သော်....

လှပသောအိပ်မက် ဟုတ်ချင်မှဟုတ်မည်။

အိပ်မက်ဆိုးလည်းဖြစ်နိုင်သည်။





အိပ်မက်ကောင်း ဖြစ်နိုင်ပါမည်လော။

လှေကလေးပေါ်ရှိ ပန်းခင်းများ ကြားမှ လူတစ်ယောက်ထရပ်လာသည်။

မိန်းကလေးတစ်ယောက်ဖြစ်သည်။

အဖြူရောင်မိန်းကလေး။

အလွန်ပင် လှပကြော့ရှင်းသည်။

ဆန်းပြားသောဝတ်စုံကို ဝတ်ထား၏။

ဝတ်စုံအောက်ပိုင်း ဘေးနှစ်ဘက်ကို ခွဲချထားသဖြင့် လှပလွန်းသော ပေါင်တံကိုမြင်နေရသည်။

...်မှာတွေ့ခဲ့ဖူးသော ပေါင်တံလှလှမိန်းကလေး မဟုတ်

သို့သော်....

ထိုမိန်းကလေးထက်ပင် ပေါင်တံလှသည်ဟု ဆိုရမည်။

အသားရောင်မှာ ဝင်းညက်မွတ်စင်နေ၏။

နေရောင်ကြောင့် နီပြေပြေအရောင်တောက်လျက် ရှိသည်။

နက်မှောင်သောဆံပင်များကလည်း နေရောင်တွင်တောက်ပလျက်ရှိသည်။

သူမ၏ခန္ဓာကိုယ်မှာလည်း အလွန်ပင်လှပသည်။

အချိုးအစားကျလွန်းနေသည်။
ယောကျ်ားတိုင်းတောင့်တနေသော မိန်းကလေးဟု ဆိုရမည်။

အိပ်မက်ကေရီဟုလည်း ဆိုနိုင်၏၊

ထိုအလှတာ ရှားမှရှားအလှပင်ဖြစ်၏။

ထိုမိန်းကလေးသည် ဝံပုလွေတောင်ပေါ်တွင် ရွှောက်မာ မြင်ဖူးခဲ့သော ပေါ်တလှလှနှင့် ရှင်ပျော်ပျော် ဝံပုလွေမလေး မဟုတ်ချေ။ သည်း ထိုမိန်းကလေးကို ရွှောက်မာမြင်ဖူးပါသည်။

သေသေချာချာ ဆုံတွေ့ခဲ့ဖူးပါ၏၊

ထိုမိန်းကလေးမှာ မည်သူမည်ဝါဖြစ်မှန်းသိလိုက်သည်နှင့် ရွှောက်မာအတွက် အိပ်မက်ဆိုးတစ်ခု ဖြစ်သွားရတော့သည်။

ရွှောက်မာ အတိတ်မှဖြစ်ရပ်များကို မြင်ယောင်လာတော့သည်။

အတိတ်မှဖြစ်ရပ်များသည် ရွှောက်မာအား ပူဆွေးသောက ရောက်စေသည်။

ထိုအတိတ်ဖြစ်ရပ်များကို ရွှောက်မာ မေ့ပျောက်၍မရခဲ့၊





သူသည် ယင်းဖြစ်ရပ်များကြောင့် စိတ်ဓာတ်ကျဆင်းခဲ့ရသည်။

ဖြစ်သလိုနေထိုင်ခဲ့သည်၊

ခြေသလုံးအိမ်တိုင်ဘဝ ရောက်ခဲ့သည်။

နေ့လူအန္တ ခြေဆန့်ခဲ့သည်။

မည်သူ့အတွက်ကြောင့် ယခုကဲ့သို့ဖြစ်ရသနည်း။

ရွှေခင်လင်း

သူမ၏အမည် ရွှေခင်ဖြင့်ဟုခေါ်သည်၊

ရွှေခင်လင်သည် အလွန်လှပသော မိန်းကလေးပင်။

သူက အိပ်မက်ကေရီဖြစ်၏၊

ရွှေခင်လင်ကို သူအလွန်ချစ်ခဲ့၏၊

စွဲလမ်းခဲ့၏၊

တွယ်တာခဲ့၏၊
သို့ရာတွင်....
သူက စိတ်တိုစိတ်ဆတ်သည်၊
ဆဝန်တိုသည်၊

ရွှေခင်လင် ယောကျ်ားတစ်ယောက်နှင့် စကားပြောတိုင်း စကားများရသည်ချည်း၊

နောက်ဆုံး ရှောင်လင်က သူ့ကိုသည်းမခံနိုင်တော့ဘဲ ထွက်ပြေးသည်။

သူ ရှောင်လင်အား ရှာပုံတော်ဖွင့်ခဲ့သည်။

ဘယ်မှာမှရှာမတွေ့ခဲ့။
ရှောင်လင်ဘယ်ပျောက်နေသနည်း။
ယခု—

ရှောင် ဝ် ဝံပုလွေတောင်ပေါ် ရောက်နေခဲ့၏။

ပန်းကြားထဲမှမိန်းကလေးသည် ရှောင်လင်ဖြစ်၏။

ရှောင်လင်သည် နေမင်းစေတမန်၏ အပူဇော်ခံပစ္စည်းတစ်ခု ဖြစ်နေသည်။

ယင်းမိန်းကလေးသည် သူလိုက်ရှာနေသော ရှောင်လင် အစစ်ပင်ဖြစ်သည်။

အိပ်မက်မဟုတ်။

ရှောင်လင့်ကို သေသေချာချာတွေ့နေရပြီ။

ရှောက်မာ၏တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားလေသည်။

သူသည် ဒေါသထွက်နေသကဲ့သို့ ကြေကွဲမှုခံပြင်းမှုများလည်း ရင်ထဲတွင်နှောက်မွှေလျက်ရှိ၏။





သူ၏ခန္ဓာကိုယ်မှသွေးများကို ဆစ်မဟုတ်ချင်း အပြင်သို့ စုပ်ထုတ်ခံလိုက်ရသကဲ့သို့ သူ့တစ်ကိုယ်လုံး နုံးချိသွားတော့သည်။

စိတ်သောကအကြီးအကျယ်ရောက်ခဲ့ဖူးသူများလျှင် ရှောက်မာ၏ အဖြစ်ကို စာနာမိမည်။

သိရှိနားလည်မည်ဖြစ်သည်။

ရှောင်လင်ခမျာ မည်သို့ခံစားနေရပါသနည်း။

သူမသည် ခံစားချက်လုံးဝကင်းမဲ့နေသကဲ့သို့ ဖြစ်နေလေသည်။

သူမသည် ငိုင်တိုင်တိုင်အသွင်ဖြင့် လှေပေါ်တွင်ရပ်နေလေသည်။

သူမ၏အသွင်က စိညှဉ်းဆောင်းမဲ့နေသယောင်ယောင်။
သူမက ရှောက်မာကိုကြည့်နေသည်။
သို့သော်—
လုံးဝမမှတ်မိသောအကြည့်မျိုးဖြင့် ကြည့်နေခြင်းဖြစ်လေသည်။

ရှောက်မာရင်ထဲ လှိုက်တက်သွားသည်။
'ရှောင်လင်၊ ရှောင်လင်'
ရှောက်မာ သံကုန်ဟစ်၍ အော်လိုက်၏။
သို့သော် ရှောင်လင်က မကြားသယောင်ယောင်။
သူ့ကိုမူ ငေးကြည့်နေမြဲ။
သူမသည် သူမကိုယ်သူမ မပိုင်တော့။
နေမင်းစေတမန်၏ အသုံးတော်ခံဘဝရောက်နေသည်။

'ရှောင်လင်'
ရှောက်မာက ထပ်ရှ်အော်လိုက်၏။
ထို့နောက် ခနောက်သို့ ဝုန်းခနဲ ခုန်ချလိုက်၏။
ရှောက်မာ လှေရှိရာသို့ လက်ပစ်ကူးသွားသည်။
သူ့ကို မည်သူကမျှ ဝင်မတားပါချေ။

အာတွင် ပန်းလှော လေးက ကန်အလယ်တွင် ရှိနေသည်။ ရှောက်မာ ရေကူးသွားစဉ် လှေကလေးက အခြားတစ်နေရာသို့ ရောက်သွား၏။

အဘန်ကြာသောအခါ လှေကလေးက ဆံတော်ဝေးသွားပြီဖြစ်သည်။

မျက်စိနှင့်မြင်နိုင်သော်လည်း လိုက်ဖမ်းမရဖြစ်နေသည်။
နေဝင်သွားပြီဖြစ်သည်။
အမှောင်ထုက တစ်ဖြည်းဖြည်း လွှမ်းခြုံလာသည်။
မကြာပါ။
ပတ်နိုင်းကျင်တစ်ခုလုံး အမှောင်ဖုံးလာ၏။
စောစောကမြင်ခဲ့ရသော နေမင်းစေတမန်ကိုလည်း အရိပ်ကြီးအဖြစ်သာ တွေ့လာရတော့၏။
'ရှောင်၊ ရှောင်လင်၊ ရှောင်လင်'
နေမင်းစေတမန်သည် ရေထဲတွင် အော်ဟစ် ရှန်းကန်နေသော ရှောက်မာကို အေးစက်စက်အသွင်ဖြင့် ကြည့်နေ၏။
ရှောက်မာ၏ အော်သံခေါ်သံသည် လုံး၀ အရာမရောက်ပေ။





သူလိုက်နေသော လှေငယ်သည်လည်း မည်သည့်အခါမှ လက်လှမ်းမမီနိုင်သောအရာမျိုး ဖြစ်နေသည်။
ညဉ့်သည် ပို၍နက်မှောင်လာသည်။
ကန်ရေမှာ ပို၍အေးစိမ့်လာသည်။
ရှောက်မာ၏ရင်ထဲတွင် ဆတ်ခနဲ နာကျင်သွားသည်။
အသည်းခိုက်အောင် နာကျင်သွားသည်။
သူသည် အမှတ်မထင် ရေထဲသို့ မြုပ်သွားသည်။
ရေအောက်မှ တစ်စုံတစ်ရာက ဆွဲချလိုက်သလို ခံစားလိုက်ရသည်။
နောက် စုန်းစုန်းမြုပ်သွားတော့သည်။

## အခန်း (၄၂)

ရှောက်မာသည် ရေကိုမမြင်ရတော့။
ရေအစား မီးလျှံကို မြင်နေရသည်။
မီးလျှံသည် တညီးညီးတောက်လောင်နေသည်။
လှုပ်ယမ်းနေသော မီးညွန့်များကြောင့် မျက်လုံးအဖွင့်ရ
ခက်နေသည်။
သို့သော် ရှောက်မာအာ မျက်လုံးကို မရမက ဖွင့်ကြည့်၏၊
မီးလျှံထဲ၌ လူရိပ်တစ်ရိပ် ရှိနေသယောင် ထင်မှတ်ရသည်၊
မီးလျှံသည် ပန်းများနှင့်တူနေသည်၊
သူသည် ပန်းထဲ၌ ရှိနေဆဲပင်။
အဖြစ်ကို အိပ်မက်ဟု ထင်မှတ်ရသည်၊
အိပ်မက်ဖြစ်ပါအလည်း အိပ်မက်ဆိုးပဲဖြစ်မည်။





"ရှောင်လင်၊ ရှောင်လင်' –
သူသည် အော်ခေါ်ရင်း မီးလျှံထဲသို့ ခုန်ဝင်မည်ပြု၏၊
ပိုးဖလံသည် အဘယ်ကြောင့် မီးကိုတိုးချင်ရသနည်း၊
အ,ရှုံလား။
အကြောင်းမဲ့ ယက်သက် အသေခံချင်၍လား။

သို့မဟုတ်ပါက မီးလျှံကို မက်မောစရာထင်မှတ်၍ တိုး
ခြင်းပဲ ဖြစ်မည်။

ရှောက်မာသည်လည်း ပိုးဖလံကဲ့သို့ပင် မီးကို တိုးချင်နေ
သည်။

သို့သော် သူ တိုးဝင်၍မရ။

မီးလျှံထဲ ခုန်ဝင်ချင်၍မရ၊

သူ့တစ်ကိုယ်လုံး လှုပ်မရဖြစ်နေလေသည်။

ကံကောင်းသည်မှာ သူ့မျက်စိဖြင့် ကြည့်နိုင်သေးသည်၊
သူ့နားဖြင့် နားထောင်နိုင်မသေးသည်။

သူ့အမြင်သည် ကြည်လင်လာသည်။
သူ ပထမဦးဆုံး မြင်တွေ့လိုက်ရသူမှာ လောက်ဖိဖြစ်၏။
လောက်ဖိသည် မီးလျှံနားတွင်ရပ်လျက် ပြုံးပြုံးကြီး
ကြည့်နေလေသည်။

ကခုန်နေသကဲ့သို့ ယိမ်းနွဲ့နေသော မီးညွန့်ကြောင့်လား။ သို့မဟုတ် သူ့မျက်စိ ကောင်းကောင်း မကြည့်လင်သေး၍လားမသိ၊ လောက်ဖိသည် ယခင်ပုံစံမျိုး မဟုတ်တော့။

ရှောက်မာမျက်စိထဲတွင် ပုံစံသစ်မျိုးပြောင်းနေသည်။

လောက်ဖိသည် ယောင်းယောင်း မောင်းမောင်း ကိုယ်ရှိသည်။

ဥပဓိရုပ်လည်းကောင်းသည်။

ဟိတ်ဟန်လည်း ကောင်း၏။

ယင်းကြောင့် လောက်ဖိအည် ဉာဏ်ကြီးရှင်အဖြစ် ဟန်ဆောင်ဖာ သိုင်းလောကတွင် ကျက်စားနိုင်ခဲ့ခြင်းပင်။

သူတစ်ပါးအား လိမ်ညာပြီးစားသောက်ခဲ့သည်။

သို့သော် ရှောက်မာ ယခုမြင်ရသော လောက်ဖိသည် အရှုံးနှင့်ခပ်ဆင်ဆင် တူနေသည်။

ဝတ်စုံ ဇာအေ့မျိုးပုံစံ ပေါက်နေသည်။

လောက်ဖိသည် အဝတ်အစားကို ထပ်သပ်ရပ်ရပ် ဝတ်စားရှိသည်။

သူ ဝတ်စားဆင်ယင်မှုကို အလေးထားသည်မှာအကြောင်းမဲ့ မဟုတ်ပေ။





လူမှာအဝတ်၊ ကောင်းမှာအကုပ် ဆိုသကဲ့သို့ လောကတွင် ဝတ်စားဆင်ယင်မှုက အရေးပါလှသည်။

လူလိမ်တစ်ယောက်အတွက် ပို၍အရေးပါသည်ဟု ဆိုရမည်။ ဟန်နှင့်ပန်နှင့် နေထိုင်မှ တစ်ဖက်လူက ယုံလွယ်သည်။

လူအထင်သေးစရာဖြစ်နေလျှင် လူညာတစ်ယောက်အတွက် အလုပ်မဖြစ်နိုင်တော့ချေ။

ထို့ကြောင့် လောက်ဖိ သပ်ယပ်ရပ်ရပ် ဝတ်စားနေထိုင်ခဲ့ခြင်း ဖြစ်သည်။

ယခု လောက်ဖိ အသွင်အမူ အတွင်းခံ ဘောင်းဘီတိုအလေးကိုသာ ဝတ်ထားသည်။

ရှောက်မာသည် လောက်ဖိကိုကြည့်ရင်း ဆန္ဒတစ်ခု ဖြစ်ပေါ်လာသည်။

ယင်းကား အခြားမဟုတ်ပါ။

လောက်ဖိ၏နှာခေါင်းကို လက်သီးနှင့် ပြေးထိုးချင်သော ဆန္ဒပင်။

သို့သော် ယခုအချိန်တွင် ရှောက်မာသည် သူ့လက်သီးကိုပင် မဆုပ်နိုင်သော အခြေအနေရောက်နေ၏။

'ငါ့ကို သေသေချာချာကြည့်စမ်း၊ မင်း ဘယ်လိုမြင်သလဲ'

လောက်ဖိုက မြုံ့ မြိုမြိုအသံဖြင့်ပြောသည်။

ရှောက်မာ နှာခေါင်းရှုံ့ပြလိုက်၏။

'ဘာပဲပြောပြော ငါ့ကိုယ် ငါတော့ သိပ်သဘောကျတယ်၊ တစ်ခါမှ ဒါလောက်ဇိမ်မရှိဘူး'

လောက်ဖိုသည် ပြောချင်းသွားဖြဲကာ ရယ်လိုက်၏။

သူ့ရုပ်ပုံမှာ အရူးနှင့်တူနေသည်။

'ဒီနေ့ညဆောက်လာမှ ဟိုတုန်းကနေခဲ့တာတွေဟာ အချိန်ကို အလဟဿ ဖြုန်းခဲ့သလို ဖြစ်သွားမှန်း သိရတော့တယ်'

'သွားစမ်း'

ရှောက်မာက အော်လိုက်သည်။
ထိုအခါ လောက်ဖိုက....
'သွားချင် သွားမှာပေါ့'
လောက်ဖိုက ပြောရင်း ခြံပြင်ပေါ်သို့ လှဲချလိုက်၏။
ထိုနောက် အဝေးသို့ လိမ့်ထွက်သွားသည်။

ရှောက်မာသည် လောက်ဖို၏ ဖြစ်ပျက်ပုံကို ကြည့်ရင်း အတော်အံ့ရခက်သွားသည်။
မည်သို့ဆိုစေ...
လောက်ဖိုသည် လက်ဦးဒီးဆွရင် ဖြစ်သည်။





ယနေ့ဆိုလျှင် လောက်ဖိုသည် လူသားတစ်ယောက်ဟု သတ်မှတ်ရန်ပင် ခက်နေတော့၏။

ရူးသလိုလို ကြောင်သလိုလို ဖြစ်နေခဲ့လေသည်။

ရှောက်မာ ချောင်းသင်ကို ပြေးသတိရလိုက်သည်။

သူမ တွေ့ကြုံရမည့်အဖြစ်ကိုလည်း စဉ်းစားမိသောအခါ ရှောက်မာ ရှင်ထုမနှာ ဖြစ်ဖြစ်သွားရတော့သည်။

ရှောက်မာ ကြေကွဲနေရသော်လည်း မျက်ရည်မကျ။

အော်လည်း မအော်။

နေမင်း စေတမန်ကို မြင်တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

အတန်ကြာသောအခါ လေသံအေးအေးဖြင့်....

'လော့လောဆယ် မင်းမှာ ရွေးစရာလမ်းနှစ်လမ်းပဲရှိတယ်'

ရှောက်မာက ငြိမ်သက်၍နားထောင်နေလိုက်သည်။
နေမင်းစေတမန်က ဆက်၍ပြောသည်။

'အကယ်၍မင်းက ငါ့ကို စိတ်ရင်းအတိုင်း ကိုးကွယ်မယ်ဆိုရင် အချိန်မီသေးတယ်၊ အကယ်၍ သေချင်သပဆိုရင်လဲ အလွယ်လေးပေါ့'

ရှောက်မာ အမှန်ပင်သေချင်နေပြီဖြစ်၏။

သူသည် လောက်ဖိအား မကာယ်နိုင်ပါ။
ထို့အတူ ချောင်လင်ကိုလည်း မဆယ်နိုင်။
ချောင်လင့်အတွက် ကြီးစွာ သောကဝေဒနာကို ခံစားနေရသည်။

ထို့ကြောင့် သူသည် ဖြစ်နိုင်လျှင် မီးလျှံထဲ ခုန်ဝင်ပြီး ကိုယ့်ကိုကိုယ် သတ်သေလိုက်ချင်သည်။

သို့သော် သူသည် တိန်းစီပြောခဲ့သော စကားကို အမှတ်ရနေသည်။

တိန်းစီသည် သူ့မိတ်ဆွေရင်း ဖြစ်သည်။
ပညာဆင်ဘက် ဆစ်ကိုလည်း ဖြစ်သည်။

လူများက တိန်းစီကို ဉာဏ်ကောင်းတဲ့ တိန်းစီဟု ကင်ပွန်းတပ်ကြသည်။

တိန်းစီသည် စာပေပညာ လိုက်စားသူ ဉာဏ်ထက်မြက်သူ အမှန်တကယ်လည်း ဖြစ်သည်။

'ကိုယ့်ကိုယ်ကို သတ်သေတာဟာ ပြဿနာဖြေရှင်းရှုနည်းလမ်းမဟုတ်ဘူး၊ အရည်အချင်း မရှိတဲ့လူ၊ အလွန်ပျော့ညံ့တဲ့သူသာ ကိုယ့်ကိုယ်ကို သတ်သေတာ...'
တိန်းစီက ထိုသို့ ပြောဖူးသည်။
ထို့ပြင်....





'အသက်ရှင်နေရင် ဘယ်လောက်ကြီးမားတဲ့ ပြဿနာပဲဖြစ်ဖြစ် ဖြေရှင်းနိုင်ရမယ်၊ ဇွဲရှိဖို့သာ အရေးကြီးတယ်၊ ဇွဲရှိနေရင် ပြဿနာဆိုတာ တစ်နေ့ ပြေလည်သွားတာပဲ၊ ပြဿနာကြုံလာရင် မရှောင်မပြေးဘဲ ရင်ဆိုင်ဝံ့ရမယ်။

လူဆိုတာ ပြဿနာနဲ့ မကင်းဘူး၊ ပြဿနာကို ရှောင်ပြေးတဲ့အနေနဲ့ သေကြောင်းကြံတာဟာ လူညံ့နှုံ့တုံးပစ်လိုက်တာပဲ၊ ပြဿနာ ပြေလည်သွားတဲ့နေ့ဟာ ချမ်းမြေ့ပျော်ရွှင်စရာပါ၊ ချမ်းမြေ့ပျော်ရွှင်နိုင်တဲ့ ဘဝရောက်အောင် လူ့ဘဝပြဿနာကိုတော့ ဇွဲရှိရှိ ဖြေရှင်းရမှာပဲ'

တိန်းစီ၏ မျက်နှာက မီးလျှံကြားမှ ပေါ်လာသည်လားဟု

ထင်မှတ်ရ၏။

တိန်းစီ ရှင်ပျော်နေသောက အပြုံးကို အမြဲဆောင်ထားနိုင်သည်။

သူ၏ ချိုပြုံးသော မျက်နှာပေါ်တွင် ရဲစွမ်းသတ္တိက ထင်ဟပ်နေသည်။

ထိုသို့ ရှောက်မာ ယူဆထားသည်။

'ငါ မသေချင်သေးဘူး'
ရှောက်မာ လွှတ်ခနဲ ပြောလိုက်မိသည်။

ထိုအခါ နေမင်းစေတာမန်က....

'မနေသာချင်ရင် တစ်ခု သတိထားရလိမ့်မယ်'

ရွှေခက်မာ ငြိမ်၍ နားထောင်လိုက်သည်။

'မင်းရဲ့အသက် ငါ့လက်ထဲမှာ ရှိတယ်'

နေမင်းစေတာမန်က ဆက်၍ပြောသည်။

'ကျုပ်သိတယ်'

'မင်းအသက်ကို ဘာနဲ့လဲယူမှာလဲ'

'ခင်ဗျား ဘာလိုချင်သလဲ'

ရွှေခက်မာက ပြန်မေးလိုက်သည်။

'နန်နန်'

နေမင်းစေတာမန်က တိုတိုပြတ်ပြတ် ဖြေသည်။

'ခင်ဗျားက သူ့ကို လိုချင်တယ် ဟုတ်လား'

'သိပ်ဟုတ်တာပေါ့'

'ဝေါယာဉ်ထဲက လူကိုလော'

'ပိုတောင် လိုချင်သေးတယ်'

ရွှေခက်မာ ငိုင်ကျသွားသည်။

ရွှေခက်မာ အ့အ မဟုတ်။

နေမင်းစေတာမန်၏ ဆိုလိုရင်းကို ကောင်းစွာ ရိပ်မိ၏။





'ရွှေလင်နဲ့ ဖလှယ်မယ် ဆိုပါတော့'

'ရပါသယ်၊ မင်းနဲ့ မင်းမိတ်ဆွေဟာ ငါ့ဘက်ပါနေရင် သူတို့ဟာ ငါ့လက်ထဲက ပြေးမလွတ်ပါဘူး'

ရွှေခက်မာ ချက်ချင်း သဘောမတူသေး။

ချက်ချင်း သဘောတူလိုက်လျှင် တစ်ဘက်က သူ့အပေါ် မယုံသင်္ကာ ဖြစ်သွားနိုင်သည်။

ရွှေခက်မာ ထိုသို့ အဖြစ်မခံနိုင်။

အတန်ကြာလျှင် ရွှေခက်မာက စကားစသည်။

'ခင်ဗျားအတွက် အလုပ်လုပ်စေချင်ရင် ကျုပ်ကို အလျှင် လွှတ်ရမှာပေါ့'

'ဒါပေါ့'

'ကျုပ်ကို ယုံသလား'

'ယုံတယ်'

'ကျုပ်က ကျုပ်မိတ်ဆွေတွေအပေါ် လွယ်လွယ်နဲ့ သစ္စာဖောက်မယ့် လူစားလို့ ထင်နေသလား'

'မထင်ပါဘူး၊ ဒါပေမယ့် သူတို့ဟာ မင်းမိတ်ဆွေတွေမှ မဟုတ်တာဘဲ၊ လောက်ဖိကတော့ ဟုတ်တယ်၊ ရွှေလင်ကလဲ ဟုတ်တယ်၊ မင်းက သူတို့ကြောင့် ရွှေလင်ကို အဆုံးရှုံးခံမှာ မဟုတ်ဘူး၊ ဟုတ်တယ် မဟုတ်လား'

ရှောက်မှာ ငိုင်ကျသွားသည်။

နေမင်းစေတမန်အား ဆက်၍ ပြောသည်။

'ငါ့စကားကို နားထောင်ရင် ငါ့အား မင်းကို ချက်ချင်းလွှတ်လိုက်မယ်၊ လပြည့်နေ့ နေမထွက်ခင် သူတို့ကို အရခေါ်ခဲ့ပါ။ နို့မို့ဆို ရှောင်လင်ကို....'

နေမင်းစေတမန်က စကားကို ဆက်မပြောလဲ ရပ်ထားလိုက်သည်။

ရှောက်မှာလည်း ဘာဆက်ပြောမည်ကို သိ၏။

သို့သော် နားမထောင်ချင်။

'ကျုပ် စဉ်းစားလို့ မရတာတစ်ခု ရှိတယ်'

ရှောက်မှာက ကောက်ကာငင်ကာ ပြောလိုက်၏။

'အမှန်ဆိုရင် ခင်ဗျားတို့က ကျုပ်ကို 'အမုန်းဆုံးပဲ'

နေမင်းစေတမန်အား မငြင်းပါ။

ရှောက်မှာက ဆက်၍ ပြောသည်။

'ငေါ့ယာဉ်ထဲက လူက သာမန်ခရီးသွားပါ၊ ရောဂါလဲ ရှိတယ်၊ အသည်းအသန်လဲ ဖြစ်နေတယ်'

နေမင်းစေတမန်က ငြိမ်နေသည်။

'ဒီလူက ခင်ဗျားတို့အတွက် ဘယ်လောက် အရေးကြီးနေလို့ အခုလို လူချင်းဖလှယ်နေရတာလဲ'

'သူက သိပ်အဖိုးတန်လို့ပေါ့'

နေမင်းစေတမန်က ပြန်ပြောလိုက်သည်။

'ဘယ်လောက်များ တန်ဖိုးရှိနေလို့လဲ'

'မင်း အိပ်မက်ထဲ တည့်မမက်ဝံ့အောင် တန်ဖိုးရှိတယ်'





ရှောက်မှာ ပါးစပ်ပိတ်ထား လိုက်ရသည်။

လောက်ဖီသည် ပြန်လည်တွားသွား၍ ရောက်လာသည်။

လောက်ဖီသည် နေမင်းစေတမန်၏ ခြေထောက်ကို နမ်းရှုတ်လိုက်၏။

လောက်ဖီ၏ အပြုအမူအတွက် ရှောက်မှာ အော်ဂလီ ဆန်သွားသည်။

လောက်ဖီ၏ နှာခေါင်းကို ဖွဲ့ရှုံ့ချင်စိတ် ပေါက်လာ၏။

လူတစ်ယောက် ယခုကဲ့သို့ နေ့ချင်း ပြောင်းလဲသွားလိမ့်မည်ဟု ရှောက်မှာ မမျှော်လင့်မိပါချေ။

သူသည် လောက်ဖီကို မုန်းလည်းမုန်းသွားသည်။

သနားလည်း သနားသည်။

နေမင်းစေတမန်ကိုမူ ခံပြင်းနာကြည်းနေမိ၏။

'မင်းအား ငါ့ကို ကျေးဇူးတင်ဖို့ ကောင်းတယ်၊ ငါက မင်းကို ဆေးရွက် မကြွေးဘူး၊ ဒါပေမယ့် ဆေးတစ်မျိုး ကြွေးထားတယ်'

နေမင်းစေတမန်က ပြောသည်။

ရှောက်မှာ ကျော့ချမ်းသွားရ လေသည်။

'ဘာဆေးလဲ'

ရှောက်မှာ သိချင်စောဖြင့် မေးလိုက်သည်။

နေမင်းစေတမန်က....

'အဆိပ်ပဲပေါ့'

'အဆိပ်ဆိုတာ အမျိုးမျိုး ရှိတယ် မဟုတ်လား'

ရှောက်မှာက မေးလိုက်သည်။

နေမင်းစေတမန်က ဖော့သံအေးအေးဖြင့်...

'ဆယ့်ငါးရက်နေ့ နေမထွက်ခင် ဟိုလူကို အရခေါ်မလာနိုင်ရင် ဗီအဆိပ်ဟာ ဘယ်လိုအဆိပ်မျိုးလဲဆိုတာ မင်း သဘောပေါက်သွားလိမ့်မယ်'

ဟု ပြောလိုက်သည်။

ရှောက်မာ ခံပြင်းသွားရသော်လည်း ငြိမ်သက်နေလိုက်ရသည်။



# အခန်း (၄၃)

ငြိမ်းချမ်းရေး ညီနိုင်ရိပ်သာထဲတွင် မီးရောင်သာ ရှိနေသဲပင်။ နှင်းမှုန်များကြားတွင် မြင်တွေ့နေရသဖြင့် မီးရောင်သည် လရောင်ကဲ့သို့ မှုန်ဝါးဝါး ဖြစ်နေသည်။

အခန်းထဲတွင် အခြားလူမရှိ။ ချီစိန်းယိ တစ်ယောက်သာ ရှိ၏။

ချီစိန်းယိသည် ပေသီးကို တစ်ချောက်ချောက် မြည်အောင် တွက်လျက် ရှိသည်။

ထိုအချိန်သည် သူ့အတွက် တစ်နေ့တာ အပျော်ရွှင်ဆုံးအချိန် ဖြစ်သည်။

သူသည် လူသူနည်းပါးလှသော တောင်ပေါ်မှာပင် စီးပွားကောင်းကောင်း ရှာနိုင်သူဖြစ်သည်။

ဝံပုလွေတောင်လို နေရာမျိုးတွင် လက်ဖျားငွေသီးအောင် ရှာနိုင်သူမှာ သူတစ်ယောက်သာ ရှိသည်။

ချစ်စိန်းယိသည် လုပ်ခဲ့သော စီးပွားရေးမှန်သမျှ မြိုးမြိုးမြက်မြက်ရာမြဲပင်။

ရှောက်မှာ ငြိမ်းချမ်းရေး ညွှန့်ရိပ်သာသို့ ရောက်လာသည်။

သူသည် ချစ်စိန်းယိထံသို့ တန်းဝင်ခဲ့သည်။

'လူတွေကော....'

ရှောက်မှာက အလေးတကြီး မေးလိုက်သည်။

'လူတွေဆိုတာ ဘယ်သူတွေလဲ'

ချစ်စိန်းယိစိမ်းက နောက်ကိုလှည့်မကြည့်ဘဲ ပြန်မေးလိုက်သည်။

'ကျုပ်မိတ်ဆွေတွေပေါ့'
'သူတို့ သွားကြပြီလေ'
'ဘယ်တုန်းက သွားကြတာလဲ'

'စာရင်းရှင်းပြီး လွှက်သွားကြတာပဲ၊ တော်တော်လေးတောင် ကြာသွားပြီ၊ အရေးတကြီး ကိစ္စရှိလို့ ခရီးထွက်သွားကြတယ်'
ချစ်စိန်းယိက ပြောပြလိုက်သည်။





ရှောက်မှာ ငိုင်ကျသွား၏။

သူသည် မိတ်ဆွေများအပေါ် သစ္စာမဖောက်ချင်ပါ။

ယခုအချိန်သည် မိတ်ဆွေ အလွန်လိုအပ်သောအချိန် ဖြစ်သည်။

ထို့ကြောင့် သူ ငိုင်တွေ သွားရခြင်းပင်။

သူသည် ထွက်ပေါက်မရအောင် အကျဉ်းအကြပ်ထဲ ရောက်နေရလေပြီ။

ချစ်စိန်းယိက သူ့ကို လှည့်ကြည့်လာသည်။

'သူတို့နောက် လိုက်မသွားသလား'

မေးသည်။

'ဘယ်လမ်းက ဘယ်ကိုသွားတယ်ဆိုတာ သိရဲ့လား'
'မပြောတတ်ဘူး'
ချစ်စိန်းယိက စာရင်းစာအုပ်ကို ပိတ်လိုက်၏။
ထို့နောက် ရှောက်မှာဘက် ပြန်လှည့်လိုက်ပြီး....

'ဘယ်လမ်းက သွားသွား သူတို့အတွက်ကတော့ သေဖို့ ရှိတယ်၊ မင်း လိုက်သွားလဲ အပိုပဲ....သေရုံပဲ'
ရှောက်မှာ ဘာမှမပြော။
ထို့နောက်....
ချစ်စိန်းယိ၏ အင်္ကျီရင်ဘတ်စကိုဆွဲပြီး လှုပ်လိုက်၏။

ချိစိန်းယံ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားၿပီး
'ကျုပ် အမှန်အတိုင်း ပြောနေတာပါ'

ချိစိန်းယံက ပြော၏။

ထိုနောက်....

သူက အားယူ၍ ပြုံးလိုက်သည်။

အမှန်အတိုင်း ပြောနေမှန်း ရှောက်မာ သိ၏။

အမှန်ပင်အေးချမ်းဖြစ်နေ၍လည်း ရှောက်မာ အခံရ ခက်သွားသည်။

အဘယ်ကြောင့်ဆိုသော်....

သူသည် သူ့ကိုယ်သူ ပြန်လည်၍ လှည့်စားမရကြောင်း သဘောပေါက်သွားရသောကြောင့်ပင်ဖြစ်၏။

သူသည် မိတ်ဆွေများအပေါ် သစ္စာမဖောက်နိုင်။

သည်ခရီးကို သူ့ကိုယ်တိုင်က လိုက်လို၍ လိုက်ပါလာခြင်း ဖြစ်သည်။

သူ့ ကိုယ်တိုင်က နန်းနန်းကို ကူညီလို၍ လိုက်ပါလာခြင်း ဖြစ်သည်။

သို့အတွက်....
သူ့မိတ်ဆွေများကိုပါ အဆစ်ခေါ်ခဲ့သေးသည်။





ထိုသူများကလည်း သူနှင့် ပတ်သက်၍ လိုက်ပါလာခဲ့သည်။

ထိုမျှ စွန့်စားပြီးတော့မှ နန်းနန်းအပေါ် သစ္စာဖောက်၍ မဖြစ်နိုင်။

ထို့အတူ....

သူ...အသက်ပေါက်ချစ်သော ရှောင်သင်ကိုလည်း အဆုံးရှုံး မခံနိုင်။

လူ့ပြဿနာကို မည်သူက ဝင်ရောက် ရှင်းပေးမည်နည်း။

သူ ကိုယ်တိုင်ကလည်း မရှင်းနိုင်။

အကူအညီ ပေးမည့်သူကလည်း ရှိနိုင်ပါမည်လား။

နန်းနန်းတို့နောက် လိုက်သွားလျှင်လည်း မည်သို့မျှအကြောင်း ထူးလာမည် မထင်။

ရှောက်မာ သက်ပြင်းချလိုက်မိသည်။

ချိစိန်းယံက ရှောက်မာကို အကဲခတ်ရင်း....
'မင်း ပြဿနာ တက်နေပြီ၊ ပြဿနာ ကြီးကြီး တက်နေပြီ ထင်တယ်'

ထင်မြင်ချက် ပေးလိုက်သည်။

ရှောက်မာ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်လာသည်။

'ပြဿနာလား...'

ရှောက်မာက သိယောင်လိုက်ကာ မေးလိုက်မိသည်။

'ဟုတ်တယ်လေ၊ မင်း ပြဿနာကြီးကြီးတက်လာတော့မှာ သေချာတယ်'

ရှောက်မာက ဘာဆက်ပြောရမှန်း မသိဖြစ်နေသည်။

'ကျုပ်တို့တွေ့တာ မကြာသေးပေမယ့် ငါကတော့ မိတ်ဆွေတွေလိုပဲ သဘောထားပါတယ်၊ ခက်တာက ဒီနေရာဟာ ဝံပုလွေတောင် ဖြစ်နေတယ်၊ ဒီနေရာမှာ ပြဿနာတက်ရင် ဘယ်သူမှ ဝင်ကူနိုင်မှာ မဟုတ်ဘူး'

ချိစိန်းယံက ပြောသည်။

ရှောက်မာ တစ်စုံတစ်ယောက်ကို သတိရလာ၏။

'ကူညီနိုင်မယ့်လူ တစ်ယောက်တော့ ရှိတယ်'

ရှောက်မာက ပြောလိုက်သည်။

'ဝံပုလွေတောင် ဘုရင်ပဲပေါ့'

ချိစိန်းယံ တစ်ချက်တွေသွားသည်။
ပြီး... ဦးခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။

'ဘကြီးကြူး တစ်ချက် ဟလိုက်ရင် ပြဿနာအားလုံး ပြေလည်သွားမှာ၊ ခက်တာက....'





ချိစိန်းယံ စကားကို ဆက်မပြောဘဲ ရပ်ထား၏။

ထိုအခါ....

ရှောက်မာက....

'ခက်တာက ကျုပ် သူ့ကို ရှာမတွေ့နိုင်ဘူး၊ ဒါကြောင့် ခုကျနေတယ် မဟုတ်လား'

'ဟုတ်တယ်၊ မင်း မပြောနဲ့၊ တခြားလူလဲ သူ့ကို တွေ့နိုင်မှာ မဟုတ်ဘူး'

သူ့ကို ရှာနိုင်တဲ့လူ တစ်ယောက်တော့ရှိတယ်'
ရှောက်မာက ပြောလိုက်၏။

ချိစိန်းယံက ပျာပျာသလဲ မေး၏။

'ဘယ်သူလဲ'
'ခင်ဗျားပဲပေါ့'
ချိစိန်းယံ ချက်ချင်း မျက်စိမျက်နှာပျက်သွား၏။
'မဟုတ်ဘူး၊ ကျုပ် မဟုတ်ဘူး'
ချိစိန်းယံ ကပျာကယာငြင်းသည်။

ချိစိန်းယံငြင်းသည်ကိုရှောက်မာက အလေးမထားဘဲ ဆက်ပြောသည်။

'ကျုပ်ကို လိုက်ပို့ပေးရင် ဘာမှမဖြစ်စေရဘူး၊ ဘကြီးကြူးကလဲ ခင်ဗျားကို အပြစ်တင်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် ကျုပ်က လက်ဆောင် သွားပို့မလို့ပါ'

8

'လက်ဆောင်... ဟုတ်လား၊ ဘာလက်ဆောင်လဲ'

'ကျုပ်ရဲ့ လက်သီး ပဲပေါ့'

ရှောက်မာက ပြောရင်း ချိစိန်းယံ နှာခေါင်းကို လက်သီးနှင့် ရွယ်လိုက်သည်။

ထို့နောက်...

'လိုက်မပို့ရင်တော့ ကျုပ်ရဲ့လက်သီးကို ခင်ဗျားဆီ အပ်လိုက်ရုံပဲ'

ချိစိန်းယံက ရှောင်တိမ်းခြင်း မပြုဘဲ သည့်အပြင် ရင်ကို ကော့လိုက်သေးသည်။

ပြီးတော့မှ

'ငါကို အသေသတ်လဲ မင်းကို ငါ လိုက်မပို့နိုင်ဘူး'

ပြတ်သားစွာ ပြောလိုက်သည်။

'ကျုပ်ကလဲ အသေ မသတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အသေတဲ့လူက ဘယ်လိုလမ်းပြနိုင်မှာလဲ၊ ဒါပေမယ့် နှာခေါင်း တို့၊ သွားတို့ မရှိတဲ့လူတော့ လမ်းပြလို့ရတယ်'

ရှောက်မာက ပြောလိုက်သည်။

ချိစိန်းယံ မျက်နှာတွင် ချက်ချင်း ချွေးစို့လာသည်၊

'နှာခေါင်းမရှိတဲ့လူ သွားတို့ ရှိသေးမှာ မဟုတ်ဘူး'

ချိစိန်းယံ မျက်နှာပျက်သွားပြီ။

'မျက်လုံးတစ်ဘက် မရှိတဲ့လူ ဆိုရင်ရော'

'ဒါတော့'

'မျက်လုံးတစ်ဘက်မရှိတာ အရေးမကြီးဘူး၊ လက်နှစ်ဘက် ပြတ်နေရင် ပိုဆိုးသွားမယ်၊ ခြေနှစ်ဘက်ပြတ်နေရင် သာဆိုးမယ်၊ ဒီထက်ဆိုးမှာက....

ရှောက်မာက စကားကို ဆက်မပြောတဲ့ ရပ်ထားလိုက်သည်။

ချိစိန်းယံ ရှောက်မာ၏ ဆိုလိုရင်းကို သဘောပေါက်သည်။

တစ်ကိုယ်လုံး ချွေးပြန်လာ ထိတ်လန့် တုန်လှုပ်သွားတော့သည်။

'သူ ဘယ်မှာ ရှိတယ်ဆိုတာ ခင်ဗျား စဉ်းစားလို့ရပြီလား'

ရှောက်မာက မေးလိုက်သည်။

'သေသေချာချာတော့ မစဉ်းစားရသေးဘူး၊ စဉ်းစားဖို့ အချိန်နည်းနည်း ပေးဖို့ကောင်းတယ်'

ချိစိန်းယံက တုန်တုန်ယင်ယင်နှင့် ပြောသည်။

'အချိန် ဘယ်လောက်ကြာမှာလဲ'

ရှောက်မာက စိတ်မရှည်စွာ မေး လိုက်၏။

ချီစိန်းယိအ တင်စုံတစ်ခုပြန်မပြောနိုင်မီ တစ်ယောက်သော သူက တံခါးဝမှာရပ်လျက်....

'သုံးနှစ်သုံးမိုးစဥ်းစားခိုင်းလဲ သူ စဥ်းစားလို့ ရမှာမဟုတ် ဘူး'



## အခန်း (၄၄)

အသံရှင်မှ အမျိုးသမီးတစ်ယောက်ဖြစ်သည်။

ထိုအမျိုးသမီး၏ ခြေထောက်အရွယ်အစားက ကြီးမားလှ သည်။

လူဆိုတာသည်မှာ ခြေထောက်ကိုယ်စီရှိကြသည်။

ရောက်လာသူ အမျိုးသမီးသည်လည်း လူသားဖြစ်၍ ခြေ ထောက်ရှိနေသည်သာပင်။

ခြေထောက်ဆိုသည်မှာ အမျိုးမျိုးရှိသည်။

တချို့က ခြေဖဝါးနသည်။

တချို့က ခြေခုံလှသည်။

တချို့က သလုံးသား ချောမွတ်သည်။

တချို့က ပေါင်တံ စင်းသည်။

တချို့က မိုက်ကျော့သော မိုးလာဦး ခြောက်နှင့်တူသည်။

ခြေထောက်လှသူရှိသလို မလှသူလည်း ရှိကြ၏။

ယခုအမျိုးသမီး၏ ခြေထောက်နှစ်ဘက်ကမူ လုံးဝ ကြည့်မကောင်း။

နည်းနည်းကလေးမှ ကြည့်ပျော်ရှုပျော်မရှိ။

သူမ၏ခြေထောက်နှစ်ဘက်မှာ ဆင်ခြေထောက်တမျှ ကြီးမားသော သဏ္ဌာန်ရှိသည်။

ဆင်ခြေထောက်ကဲ့သို့ပင် ပေါင်တံနှင့် ခြေသလုံးမှာ မတိမ်းမယိမ်း အရွယ်ရှိသည်။

အသားအရေကလည်း အလွန်ပင်ကြမ်းတမ်းလှသည်။

အမျိုးသမီးတစ်ယောက် ထိုခြေထောက်မျိုး ပိုင်ဆိုင်ထားသည်ဆိုလျှင် ကိုယ်တိုင်ကိုယ်ကျ မတွေ့ပါက မည်သူမျှ ယုံနိုင်မည် မဟုတ်။

ရှောက်မာသည်လည်း ထိုအမျိုးသမီးကိုကြည့်ကာ အံ့ဩနေသည်။

ထိုအမျိုးသမီး၏အမည်မှာ လျူကျင်းလျံ ဖြစ်သည်။

လျူကျင်းလျံသည် ခြေထောက်ကြမ်းရုံမျှမက ပါးစပ်ကလည်း ကျယ်သေးသည်။



သူမ၏ပါးစပ်မှာ ရှောက်မာ၏လက်သီးအရွယ်အစားထက်ပင် ကြီး၍ကျယ်သည်။

ရှောက်မာ၏လက်သီးမှာ သူမ၏ပါးစပ်ထဲသို့ သာသာကလေး ထိုးသွင်းနိုင်သည်။

သူမသည် ရှောက်မာကို ချက်ချင်း ဝါးစားတော့မည့် ဟန်ဖြင့် ကြည့်နေသည်။

ရှောက်မာ ပျို့ချင် အံချင်စိတ်ပင် ပေါက်လာလည်း။

လျူကျင်းလျံက ရှောက်မာကို ခြေဆုံးခေါင်းဖျား အကဲခတ်လိုက်၏။

ထို့နောက်....

'ဘကြီးကြူ့နဲ့တွေ့ချင်ရင် လူတစ်ယောက်ထား ဂိုက်ပို့ပေးလိမ့်မယ်'

သူမ၏အသံက ကျားဟိန်းသံကဲ့သို့ ကျယ်လောင်လွန်းလှသည်။

'ဘယ်သူလဲ'

ရှောက်မာက သိချင်ဇောနှင့်မေးလိုက်သည်။

လျူကျင်းလျံသည် သခွားသီးနှင့်တူသော လက်ချောင်းဖြင့် သူမ၏မျက်နှာပေါ်တွင်ရှိသော နှာခေါင်းလိုလို အသားမို့လိုလို အရာကိုညွှန်ပြလျက်....

'ငါပဲပေါ့'

'ခင်ဗျားက ကျုပ်ကို လိုက်ပို့ပေးမယ်ပေါ့ ဟုတ်လား'

'ငါ့တောင်းဆိုချက်ကို လိုက်လျောရင် လိုက်ပို့ပေးမယ်'

'ဘာလုပ်ပေးရမှာလဲ'

'မင်းတို့က ခြေတံရှည်ကြီး ကျန်းချွန်ကြောင်ကို သတ်ပစ်လိုက်တယ်၊ ငါ့ကို လူတစ်ယောက် အစားရှာပေးရမယ်'

လျူကျောင်းလျံက ပြောလိုက်သည်။

ရှောက်မာက ချီစိန်းယီအား ဆွဲမကာ....

'ဒီလူက စကားပြောကောင်းတယ်၊ ငွေလဲ ရှာတတ်တယ်၊ သူ့ထက်ကောင်းတဲ့သူ မရှိတော့ဘူး'

'ငါမဖြစ်ဘူး၊ ငါမဖြစ်ဘူး'

ချီစိန်းယီက အော်လိုက်၏။

ရှောက်မာက အဝတ်စတစ်ခုကိုဆွဲကာ ချီစိန်းယီပါးစပ်ထဲ ဆို့ထားလိုက်၏။

ပြီးမှ....

'ခင်ဗျားအချစ်တော် သိပ်လိုချင်နေတယ် မဟုတ်လား၊ သူ့ကိုပဲ ယူလိုက်ပေါ့၊ ဘယ်နှယ်လဲ သဘောကျတယ် မဟုတ်လား၊ ခင်ဗျားခေါ်ချင်တဲ့နေရာကို ကျုပ် လိုက်ပို့ပေးမယ်'





'ဟင့်အင်း၊ သဘောမကျဘူး'

လျူကျောင်းလျံက ခေါင်းခါရင်းပြောသည်။

'ဒါဖြင့် ဘယ်လိုလူမျိုးကို လိုချင်သလဲ'

'ငါလိုချင်တာ မင်းကိုပဲ'

သူမက ပြောရင်း ရှောက်မာထံသို့ ခုန်ဝင်လာသည်။

တောင်တစ်လုံး ပြိုကျလာသကဲ့သို့ လျူကျောင်းလျံ၏ ခန္ဓာကိုယ်ကြီးက ရှောက်မာထံသို့ ပြိုကျလာသည်။

သူမ၏လှုပ်ရှားပုံမှာ မြန်ဆန်လွန်းလှ၏။

လက်နှစ်ဘက်ကို ဖြန့်ကားလိုက်ရုံဖြင့် ကြက်ကလေးကို ဖမ်းမည့် သိမ်းငှက်ကြီးနှင့် တူနေပေသည်။

သို့သော် ရှောက်မာက ကြက်ကလေးမဟုတ်၊

ရှောက်မာက လက်သီးဖြင့် ဆီး၍ထိုးလိုက်၏၊

လျူကျောင်းလျံ၏နှာခေါင်းပေါ်ရှိ နှာခေါင်းလိုလို အသားပိုလိုလို နေရာကို ထိုးလိုက်ခြင်းဖြစ်သည်။

နှာခေါင်းပဲဖြစ်စေ၊ အသားပိုပဲဖြစ်စေ ရှောက်မာ၏လက်သီးစာ မိသွားပါက ဒုက္ခလှလှကြီး တွေ့သွားမည်မှာ သေချာသည်။

သို့သော် ရှောက်မာ တစ်ခုမေ့လျော့နေသည်။

လျူကျင်းလျံသည် ခြေထောက်ကြီးသည်သာမက ပါးစပ်လည်း ကြီး၏။

ရှောက်မာ၏လက်သီးအရွယ်အစားထက် လျူကျင်းလျံ၏ ပါးစပ်က ပိုကြီးသည်။

ရှောက်မာက လက်သီးဖြင့်ထိုးလိုက်သောအခါ လျူကျင်းလျံက ပါးစပ်ကို ဟထားလိုက်သည်။

ရှောက်မာ၏လက်သီးမှာ လျူကျင်းလျံ၏ ပါးစပ်တွင်းသို့ တန်းဝင်သွားတော့သည်။

ရှောက်မာဆိုသည်မှာ မြင်းကလေးဟု အဓိပ္ပာယ်ရသည်။ ရှောက်မာသည် စိတ်ကြီး၏။

ထို့ကြောင့် အချို့က ဒေါသကြီးသော မြင်းကလေးဟု ခေါ်ကြ၏။

ရှောက်မာသည် စိတ်တိုသူဖြစ်သည့်အလျောက် မကြာခဏ တိုက်ခိုက်ရတတ်သည်။

သူနှင့်တိုက်ခိုက်ရသူများထဲတွင် လူအမျိုးမျိုးရှိသည်။

သိုင်းလောကတွင်ရှိသော သိုင်းဂိုဏ်းများ၊ တစ်ကိုယ်တော်သိုင်းသမားများ၊ အသုံးပြုသော သိုင်းပညာများကို သူအတော်များများမြင်ဖူး တွေ့ဖူးသည်။





သို့သော် လျူကျင်းလျံသုံးသည့် နည်းကိုမူ ရှောက်မာ မမြင်ဖူးပါချေ။

ကြားပင် မကြားဖူးခဲ့။

ယခုကဲ့သို့ တုံ့ပြန်လိမ့်မည်ဟုလည်း မမျှော်လင့်ခဲ့။

ရှောက်မာ၏လက်သီး လျူကျင်းလျံ၏ ပါးစပ်ထဲသို့ဝင်သွားသောအခါ ပူလောင်သော ရွှံ့ဗွက်ကို ထိုးလိုက်မိသကဲ့သို့ ခံစားလိုက်ရ၏။

ထို့ထက်ဆိုးသည်မှာ ရွှံ့ဗွက်ဝတွင် အပေါ်သွားအောက်သွား ရှိသေးသည်။

ရှောက်မာ၏လက်သီး လျူကျင်းလျံ၏ ပါးစပ်ထဲရောက်သွားသည်နှင့် လျူကျင်းလျံက ရှောက်မာ၏လက်ကို သိမ်းကျုံးပွေ့ဖက်ထားခြင်းကို ခံလိုက်ရ၏။

အလွန်တင်းကျပ်စွာ ပွေ့ဖက်ထားခြင်းကို ခံလိုက်ရခြင်းဖြစ်သည်။

တင်းကျပ်လွန်းသဖြင့် အသက်ရှူရပင် ခက်လာကာ မော ဟိုက်လာ၏။

အလွန်ခံရခက်သော ဝေဒနာကို ရှောက်မာ ခံစားလာရသည်။

ရှောက်မာ တစ်စုံတစ်ရာ သဘောပေါက်သွားသည်။

လျူကျင်းလျံ၏ပွေ့ဖက်ခြင်းခံရသူသည် ဆင်နင်းခံရသည်ထက် ဆိုးသောဝေဒနာကို ခံစားရမည်သာဖြစ်၏။

ထိုသူသည် မြန်မြန် အသေပစ်လိုက်ချင်စိတ် ပေါက်လာမည်မှာ သေချာသည်။

အကယ်၍ သူမ၏အချစ်တော်ဘဝ ရောက်သွားပါက... ရှောက်မာ ဆက်မတွေးဝံ့တော့။

ရှောက်မာ သေချင်နေသည်။

သို့သော် သူ့အခြေအနေက သေချင်သည့်တိုင် မသေရသော အခြေအနေသို့ ရောက်နေလေသည်။

ပါးစပ်ထဲတွင် ဆက်သီးတစ်လုံးကို ကိုက်ထားသူသည် ရယ်နိုင် လိမ့်မည် မဟုတ်။

သို့သော် လျူကျင်းလျံက ရယ်နေသည်။

သူမ၏ရယ်သံသည် လုံးဝသာယာမှုမရှိ။

ကျားတစ်ကောင် မာန်ဖီသကဲ့သို့ ကြောက်စရာ ကောင်းနေ၏။

ရယ်သံကို ရယ်သံဟုပင် ထင်စရာမရှိ။
သို့သော် သူမည်နေနှင့်မူ ရယ်နေသည်ပင်။





ထို့ပြင် လျူကျင်းလျံ၏ လက်အား ငြိမ်ငြိမ်မနေပါ၊ မနားတမ်းလှုပ်ရှားနေသည်။ ရှောက်မာ၏ဦးခေါင်းသည် လျူကျင်းလျံ၏ရင်ကြားထဲရောက်နေပြီး နစ်မြုပ်နေသည်။

သို့သော် လျူကျင်းလျံက ရှောက်မာကို ပွေ့ချီသွားကြောင်း ရိပ်မိလိုက်သည်။

ရှောက်မာသည် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားရသည်။

ဆတ္တိအလွန်ကောင်းသော ရှောက်မာသည် ဤကဲ့သို့ ထိတ်လန့်တုန်လှုပ်မှုမျိုးကို မကြုံဖူးခဲ့ပါချေ။

လျူကျင်းလျံသည် ရှောက်မာကို အခန်းတစ်ခန်းထဲသို့ ခေါ်သွား၏။

ထိုအခန်းထဲသို့ရောက်သွားလျှင် ရှောက်မာ မည်သို့သော ကြမ္မာဆိုးဖြင့် ကြုံတွေ့ရမည်ကို မတွေးဝံ့တော့ပေ။

သို့သော် ရှောက်မာ ကံကောင်းသွား၏။

လျူကျင်းလျံသည် အခန်းတစ်ခုဝရောက်သည်နှင့် ကြမ်းပြင်ပေါ်သို့ ပြိုလဲသွားသည်။

တောင်တစ်လုံး ပြိုလဲသွားသကဲ့သို့ လဲကျသွား၏။
သွေးများသည် လျူကျင်းလျံ၏ ကျောပြင်မှ ပန်းထွက်ပြီး နံရံကို စွန်းပေသွားသည်။

သူမက ပြန်ထသည် ပြုသော်၏။
သို့သော် နောက်ထပ် ဓားချက်တစ်ချက် အထိခံလိုက်ရ ပြန်သည်။

'အား...'

ထိုဓားချက်က ပိုပြင်းသည်။

ဆင်အော်သံကဲ့သို့ ကြောက်စရာကောင်းသော အော်သံကြီး ထွက်ပေါ်လာ၏။

ရှောက်မှာလက်က လှုပ်မရ။

ဓားလည်း မပါ။

သူ့ကို မည်သူ ခုတ်ပါသနည်း။

'ဘယ်သူ သတ်လိုက်တာလဲ'

ရှောက်မှာ လျူကျင်းလျု၏လက်ထဲမှ ရုန်းထွက်ရင်း မေးလိုက်သည်။

'ငါပဲ'

ချိဒ်နံ့ယိ၏အသံ ထွက်ပေါ်လာသည်။

ချိဒ်နံ့ယိလက်ထဲတွင် ဓားတစ်လက်ကိုင်ထားသည်။
ဓားက ဘားလှုပ်ခဲ့ဖြစ်သည်။
ဒီးဖိုးချောင်နှင့်အသုံးပြုသော ဓားအမျိုးအစား ဖြစ်၏။





လူ လုံးဝမျှော်လင့်မထားသူတစ်ယောက်က လျူကျင်းလျုကို သတ်လိုက်သဖြင့် ရှောက်မှာ အံ့ဩသွားရ၏။

ရှောက်မှာ ချိဒ်နံ့ယိကို မြင်ဖူးသမျှ ပြုံးချိုသောအသွင်ကိုသာ တွေ့ရသည်။

ချိဒ်နံ့ယိက ယခုကဲ့သို့ ပြုမူသည်ကို တွေ့ရသောအခါ မအံ့ဩဘဲ မနေနိုင်။

ထိုထက် အံ့ဩစရာကောင်းသည်က ဓားကိုင်ထားသော ချိဒ်နံ့ယိ၏လက်တွင် လက်ချောင်းခုနစ်ချောင်းရှိနေသည်။

လက်ချောင်းငါးချောင်းက ဆွဲစွန်နေသောဓားကို ကိုင်ထားသည်။

အပိုလက်ချောင်းနှစ်ချောင်းအမှု လမ်းပြသော မြားကဲ့သို့ ထောင်နေသည်။

ရှောက်မှာသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

'ဩ... လက်သတ်တော့ ခင်ဗျား တကယ်သတ်ခဲ့တာကိုး'

ရှောက်မှာက ချိဒ်နံ့ယိကို မယုံကြည်နိုင်သကဲ့သို့ ကြည့်ကာ ပြောလိုက်သည်။

'အေး…ဟုတ်တယ်၊ ငါပဲ'

ချိစိန်းယီလက်ထဲမှဓားကို လွှင့်ပစ်လိုက်ရင်း ပြောလိုက်သည်။



## အခန်း (၄၅)

ညဉ့်သန်းယံ လွန်ခဲ့လေပြီ။

နှင်းမှုန်များ ထူထပ်စွာ ကျဆင်းနေသည်။

ရှောက်မာနှင့် ချိစိန်းယီသည် နှင်းမှုန်များကြားထဲတွင် လမ်းလျှောက်နေကြသည်။

သူတို့နှစ်ယောက်သည် လူချင်းကပ်၍ လျှောက်နေကြခြင်း ဖြစ်၏။

ရှောက်မာသည် ချိစိန်းယီနားမှမခွာဝံ့။

စီးပွားရေးသမားဖြစ်သော ချိစိန်းယီအပေါ် ရှောက်မ ၁ လုံး၀ အယုံအကြည်မရှိ။

ချိစိန်းယီသည် လူတူးလူဆန်းတစ်ယောက်ဖြစ်သည်။

သူ့စိတ်သဘောထားကို ရှောက်မာ မမှန်းတတ်။

ချိစိန်းယာ်သည် ဟန်ဆောင်ကောင်းပုံရ၏။

အမြဲမြုံးရွှင်လျက် ကြောက်တတ်ပုံရသူက လျူကျင်းလျူကို သတ်ခဲ့သည်။

ယင်းအဖြစ်ကိုကြည့်လျှင် ချိစိန်းယာ် ဟန်ဆောင်ကြောင်း သိသာပေသည်။

သူတို့နှစ်ယောက်သည် တိတ်ဆိတ်စွာ လမ်းကိုလျှောက်နေကြ၏။

'ငါ ဘစ်သက်မှာ အဆိုးဆုံးကိစ္စနဲ့ ကြုံခဲ့တယ်၊ ဘယ်ကိစ္စဆိုတာ သိသလား'

ချိစိန်းယာ်က စကားစသည်။

'လျူကျင်းလျူနဲ့ကိစ္စကို ပြောတာလား'

ရှောက်မှာက ပြန်မေးလိုက်သည်။

'ဟုတ်တယ်၊ အဲဒီကိစ္စဟာ အဆိုးဆုံးဖြစ်သလို အကောင်းဆုံးလဲ ဖြစ်နေတယ်'

ရှောက်မှာ ချိစိန်းယာ်စကားကို လုံးဝနားမလည်။ သို့သော် ဘာမှဆက်မပြောဘဲ ငြိမ်နေလိုက်၏။

'သူနဲ့ဆုံခဲ့လို့ပေါ့၊ နို့မဟုတ်ရင် ငါ ငရဲပြည်မှာ စီးပွားရှာနေရမယ်'





ချိစိန်းယာ်က စီးပွားရေး သမားပီပီ စကားပြောရာတွင် အကြောင်းရာစကား ပါလာတတ်၏။

'သူက ဘယ်လိုအခွင့်အယောက်ပေးနေလို့လဲ'

'အမျိုးမျိုး အခွင့်အယောက်ပေးနေတာပေါ့'

'ဘကြီးကြူးက ခွင့်ပြုထားရင် ဘယ်သူမှ ခဝ်ဗျားညွှန်သကို အခွင့်အယောက်မပေးဝံ့ဘူးလို့ ပြောပါတယ်'

'ဟုတ်တယ်၊ ဒါပေမယ့် ချွင်းချက်တော့ရှိတယ်၊ သူကတော့ အခွင့်အယောက်အမျိုးမျိုးပေးခဲ့တယ်'

'သူ ဘကြီးကြူးကို လွန်ဆန်ဝံ့တယ်ပေါ့'

'အင်း'

'ဘကြီးကြူးတောင် သူ့ကိုကြောက်ရသလား'

'ပညာချင်းယှဉ်လို့ကတော့ ဘယ်ကြောက်ရမလဲ၊ ဒါပေမယ့် ထိန်းမရဘူး'

'ဘာဖြစ်လို့လဲ'

'လျူကျင်းလျူက ဘကြီးကြူးရဲ့မွေးစားသမီးလေ၊ ဘကြီးကြူး အင်မတန်ချစ်တာပေါ့၊ နောက်ပိုင်းမှာထိန်းမရတာနဲ့ လွှတ်ထားလိုက်တယ်၊ ဒီအကောင်မှာ သူကသဲ သူလုပ်ချင်ရာ လုပ်တာပဲ၊ ဘကြီးကြူးမျက်နှာနဲ့ သူ့ကိုဘယ်သူမှ မနှောင့်ယှက်ရဲဘူး'

'ခင်ဗျားအသတ်လိုက်တာကို ဘကြီးကြူးသိသွားရင် အပြစ်မယူဘူးလား'

'ငါသတ်လိုက်တာကို မင်းနဲ့ငါပဲသိတာပဲ၊ မင်းကလဲ ငါ့ကို ကျေးဇူးတင်စရာရှိနေတာပဲ၊ ငါ့ကြောင့် မင်းအခုထိအသက်ရှင်နေတာပဲ'

ချီစိန်းယိစကားမှာ မှန်သင့်သလောက်မှန်နေသည်။

အကယ်၍ ချီစိန်းယိက လျူကျင်းလျူကို မသတ်ခဲ့ပါက ရှောက်မှာ အသက်ရှင်ချောင်းမှရှင်ပေမည်။

ရှောက်မှာ ချီစိန်းယိကိုကျေးဇူးတင်နေသည်မှာ အမှန်ပင်။
သို့သော်....
ကျေးဇူးတင်စကားမပြောမိ။
'ကျုပ်တို့ ဘယ်လမ်းကိုလျှောက်နေတာလဲ'
ရှောက်မှာက မေးလိုက်သည်။

ထိုအခါ....

ချီစိန်းယိက....

'ဘယ်လမ်းလျှောက်နေတယ်ဆိုတာ မင်းအပေါ်မှာမူတည်နေတယ်'

'ဘာပြောတယ်၊ ကျုပ်အပေါ်မူတည်နေတယ် ဟုတ်လား'





'ဟုတ်တယ်၊ လမ်းမှန်လိုက်မိရင်တော့ ဒီလမ်းဟာ ငါ့ပုလွေတောင်ရဲ့ တစ်ခုတည်းသော အသက်ဆက်ရှင်နိုင်တဲ့လမ်းပဲ'

'လမ်းမှားလိုက်မိရင်ရော'
'တို့နှစ်ယောက်စလုံး ငရဲပြည်ရောက်သွားမှာပေါ့'
ချီစိန်းယိက ပြန်ပြောသည်။
ရှောက်မှာ ချီစိန်းယိစကားကို အဓိပ္ပာယ်ပေါက်ပါသည်။

'ယမမင်းအလွဲရင် ကျုပ်တို့ကိုငရဲပြည်ပို့ပေးနိုင်တဲ့သူ ရှိသေးသလား'

'ရှိတယ်၊ တစ်ယောက်တော့ရှိနေတယ်'

ချီစိန်းယိက ပြောလိုက်သည်။

'ဘယ်သူလဲ'

'ဘုရင်တစ်ပါးပေါ့'

'ဘယ်ဘုရင်တစ်ပါးလဲ'

ရှောက်မှာသည် ချီစိန်းယိ ဘယ်သူ့ကိုရည်ရွယ်ပြောနေကြောင်း သိနေ၏။

သို့သော်...

မသိချင်ယောင်ဆောင်၍ တမင်ပြန်မေးလိုက်ခြင်း ဖြစ်ပေသည်။

'မင်းက ဝါပုလွေတောင်ရဲ့ဘုရင်ကိုတောင် မသိတော့ဘူး လား'

'ဘကြီးကြူးလား'

'သူ့အလွဲလို ဘယ်သူရှိနိုင်မှာလဲ'

'သူက သိပ်အစွမ်းထက်တာလား'

'မင်းထက်ဆယ်ဆထက်တယ်၊ ဟဲ့မင်းထက် ကြောက်စရာ ကောင်းတယ်'

'ကျုပ်ကတော့ မကြောက်ဘူး'

ရှောက်မာက မခံချင်စိတ်နှင့် ပြန်ပြောလိုက်မိသည်။

'လက်တွေ့ကျရင် ကြောက်သွားရမှာပါ၊ သူ့ကိုမပြောနဲ့ သူ့ဆီမှာရှိတဲ့လူတွေကိုတောင် မင်းလှန်နိုင်မှာမဟုတ်ဘူး'

ရှောက်မာ ဆက်၍မငြင်းခုန်တော့။
အသာငြိမ်နေလိုက်သည်။

အတန်ကြာမှ....
'ဘကြီးကြူးဟာ လူဆိုးလား လူကောင်းလား'
'ဒါတော့ မင်းတွေ့ရင်သိမှာပေါ့'

သူတို့လျှောက်ခဲ့သောလမ်းသည် တောင်ထိပ်တွင်အဆုံးသတ် သွားသည်။





နှင်းမှုန်များသည် သူတို့ခြေဖဝါးအောက် ရောက်နေလေ သည်။

အပေါ်ကိုမော့ကြည့်လျှင် တောင်ထွတ်ကိုသာ မြင်တွေ့နိုင် သည်။

နေဝန်းနီသည် အရှေ့ဘက်မှထွက်စပြုနေသည်။

'ဒီနေ့ဘယ်နှစ်ရက်နေ့လဲ'

ရှောက်မာက မေးလိုက်သည်။

'ဆယ့်လေးရက်နေ့'

ချိစိန်းယိအာ ပြန်ဖြေသည်။

'ရှေ့မှာဘာရှိသလဲ'

'ဝါပုလွေတောင်ရဲ့ ဘုရင်စံမြန်းနေတဲ့ နန်းတော်ရှိတယ်'

ရှောက်မာသည် ချိစိန်းယိအာပေါ် ယုံကြည်မှုအပြည့်အဝရှိ လာသည်။

သူသည် မိတ်ဆွေကောင်းတစ်ယောက်ကိုတွေ့နေပြီဟုလည်း ယုံကြည်လာ၏။
ချိစိန်းယိပြောသော နန်းတော်ကိုမမြင်ရသေးချေ။
တောင်ထိပ်တွင် ပန်းများဖူးပွင့်နေသည်။
ခြံစည်းရိုးပတ်လည်တွင်လည်း ပန်းများဖူးပွင့်နေသည်။

ခြံထဲတွင် ပျဉ်ထောင်အိမ်ကြီးတစ်လုံး ရှိနေသည်။ အိမ်ကြီးက အတော်ကြီးကျယ်သည်။

သစ်လုံးများဖြင့် ဆောက်ထားသည်။

ဆံပင်များဖြူဖွေးပြီး ခြေတစ်ဘက်မသန်သော အဘိုးအို တစ်ယောက်သည် သူ့ခြံတွင် တံမြက်စည်းလှည်းနေသည်။

လူသွားလမ်းပေါ်တွင်ကျနေသော ရော်ရွက်ဝါနှင့် ပန်း များကို အဘိုးအိုက ရှင်းလင်းနေခြင်းဖြစ်သည်။

အဘိုးအိုမှာမူ အသက်ကြီးသော်လည်း သန်မာဖျတ်လတ်ပုံ ရသည်။

ပါးရည်များတွန့်နေပြီ ဖြစ်သော်လည်း မျက်လုံးများက တောက်ပနေသည်။

လှုပ်ရှားမှုက နွေးနွေးကွေးကွေးမဟုတ်ဘဲ သွက်လက်နေ သည်။

တစ်နေရာအရောက်တွင် ချိစိန်းယီက လမ်းလျှောက်နေရာမှ ရပ်တန့်လိုက်သည်။

'ငါ ဒီအထိပဲလိုက်ပို့နိုင်တယ်'

'ဒီနေရာရောက်ရင် သူ့ကို အသေအချာတွေ့နိုင်တယ်ပေါ့'





'သေချာပေါက်တော့ ဘယ်ပြောနိုင်မလဲ သူရှိရင် တွေ့မှာ ပေါ့၊ သူခရီးထွက်နေရင်တော့ မင်းကံပဲ'

ချိစိန်းယီက ပြောလိုက်သည်။

ရှောက်မှာ ငိုင်သွားသည်။

'လောကမှာ ရာနှုန်းပြည့်သေချာတဲ့အလုပ်ဆိုတာ ဘယ်ရှိ ပါမလဲ၊ ဘယ်ကိစ္စမဆို ချွင်းချက်ဆိုတာရှိတာပဲ၊ မင်းကို ငါ အစွမ်းကုန်ကူညီခဲ့ပြီ၊ ကျန်တာကတော့ မင်းဟာမင်း ကြိုးစားရ မှာပဲ၊ မြေကြီးကိုလက်နဲ့ပုတ်သလို သေချာတဲ့ အလုပ်ကတော့ အစ်ချုပ်ရှိတယ်'

'ဘာလဲ'

'သေဖို့လေ၊ အဲဒီထက်သေချာတာက ဘာမှမရှိဘူး'

ချိစိန်းယီက ပြောလိုက်သည်။

ရှောက်မာက ယဲ့ယဲ့ပြုံးကာ....

'ကျုပ် သူနဲ့မတွေ့ရင် ဒီနေရာဟာ ကျုပ်ခေါင်းချရမယ့် နေရာပဲ၊ ဟုတ်တယ် မဟုတ်လား'

'တွေ့လဲ မင်းခေါင်းချရမယ့်နေရာ ဖြစ်နိုင်တာပဲ'

ရှောက်မာ ဘာမှမပြောဘဲငြိမ်နေလိုက်သည်။

'မင်းကို ငါတစ်ခုပြောရဦးမယ်'

ချိစိန်းယီ စကားစသည်။

ရှောက်မာ ငြိမ်ဆက်၍နားထောင်နေလိုက်သည်။

'ဘကြီးကြူနဲ့တွေ့ချင်ရင် တံမြက်စည်းလှည်းနေတဲ့ အဘိုးကြီးကို အတတ်နိုင်ဆုံး ရိုရိုသေသေဆက်ဆံပါ၊ သူ့ကို အလန်းဆန် လုံးဝမလုပ်ပါနဲ့'

'သူက တော်တော်အရေးပါသလား'

'ဘကြီးကြူးဆီမှာရှိတဲ့သူတိုင်းဟာ အရေးပါတဲ့သူချည်းပဲ၊ အိုင်းပညာထက်တဲ့သူချည်းပဲ၊ သူတို့အလိုမကျရင် မင်းအတွက် သေချာသွားပြီ'

'ဘာသေချာတာလဲ'

'သေဖို့'

ရှောက်မာ ပြုံးလိုက်သည်။

သူသေရမည်ကိုမကြောက်ပါ။

လောလောဆယ်လည်း သူသည်သေလူဖြစ်နေသည် မဟုတ်ပါလား။

'မင်းကို ငါကအကောင်းဆောင်းသတိပေးတာပါ'

ရှောက်မာ ချိစိန်းယီ၏စေတနာကို ယုံကြည်သည်။

'ကျေးဇူးတင်ပါတယ်'





ရှောက်မာက ချိစိန်းယီ၏လက်ကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်လိုက်၏။

လက်ချောင်း ရှည်သွယ်ချောင်းရှိသော ချိစိန်းယီ၏ လက်မှာ အေးစက်နေသည်။

'မင်း ချောချောမောမောဖြစ်ပါစေ'

ချိစိန်းယီက ဆုတောင်းပေးလိုက်သည်။

'ခင်ဗျားလဲ စီးပွားတိုးတက်ပါစေ'

ရှောက်မာကလည်း ပြန်လည်၍ ဆုတောင်းလိုက်လေတော့သည်။

## အခန်း (၄၆)

တံမြက်စည်းလှည်းနေသော အဘိုးအိုသည် တံမြက်စည်းကို ပင် ဆက်လှည်းနေသည်။

ရွှေဒက်မှာ ခြံဝရောက်နေသည်မှာ အတန်ကြာနေပြီ ဖြစ် သော်လည်း အဘိုးအိုက လှည့်ဝလှည့်မကြည့်။

တမင်လုပ်နေခြင်းဖြစ်သည်။

ရွှေဒက်မှာ အဘိုးအိုထံသို့ ဆက်၍လျှောက်သွားသည်။

အဘိုးအိုရှေ့တွင်ရပ်ကာ အရိုအသေပြုလိုက်၏။

သို့တိုင် အဘိုးအိုက မော့မကြည့်။

'ကျွန်တော်က မာအမျိုးအနွယ်ဝင်ပါ၊ ဘကြီးကြူးနဲ့တွေ့ ချင်လို့ လာတာပါ'

ရွှေဒက်မာက ပြောလိုက်သည်။





အဘိုးအိုက မသိကျိုးကျွံပြုထား၏။

ရွှေဒက်မာက စိတ်ရှည်ရှည်ထား၍ ဆက်ပြောသည်။

'ကျွန်တော် လက်ဆောင်လာပေးတာပါ၊ အနှောင့်အယှက် ပေးဖို့လာတာ မဟုတ်ပါဘူး'

သို့တိုင် အဘိုးအိုက ရွှေဒက်မာကို မကြည့်။

စကားတော့ ပြောလာ၏။

'ဒူးထောက်ပြီးပြောပါ'

ချိစိန်းယံ စကားကို ရွှေဒက်မာ မမေ့ပါချေ။

အဘိုးအိုကို အဘတ်နိုင်ဆုံး ရိုသေစွာဆက်ဆံနေသည်။

'ဘယ်သူ့ကိုဒူးထောက်ခိုင်းတာလဲ'

ရွှေဒက်မာက မသိချင်ယောင်ဆောင်၍ ပြောလိုက်သည်။

'မင်းပဲပေါ့'

အဘိုးအိုက မာမာထန်ထန်ပြန်ပြောသည်။

ရွှေဒက်မာ သည်းမခံနိုင်ဖြစ်လာရသည်။

'သွားစမ်းပါ'

ရွှေဒက်မာက ပြန်အော်လိုက်သည်။

ထို့နောက်...

ရှေ့သို့တိုးလိုက်သည်။

သူသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး ဖြစ်သည်။

သည်တော့မှ အဘိုးအိုက မော့ကြည့်လာသည်။

အဘိုးအိုသည် ပြုံးနေ၏။

ရှောက်မာ ဒေါသထွက်သွားသော်လည်း လက်သီးနှင့် ထိုးရန် ခက်နေ၏။

'တော်တော် ရယ်စရာ ကောင်းတယ်'

အဘိုးအိုက ပြောသည်။

ရှောက်မာက ပြန်မေးလိုက်သည်။

'ရယ်စရာ ကောင်းတယ်ဆိုတာ ဘာကို ပြောတာလဲ'
'မင်းက ရယ်စရာကောင်းတာကို ပြောတာ'
'ကျုပ်က ဘာရယ်စရာ ကောင်းလို့လဲ'
'မင်းစကားက ရယ်စရာ ကောင်းတာပေါ့'
'ကျုပ်စကားမှာ ရယ်စရာ ပါလို့လား'
'ပါတာပေါ့'
'အဲဒါ ဘာလဲ'

'ဘာစရာပေါ်ဆိုတဲ့ စကားပဲလေ၊ ဒီစကားကို ငါ မကြားရတာ နှစ်ပေါင်းသယ်ရှိပြီ၊ အခုမှ ပြန်ကြားရတော့တယ်၊ အဲဒါ ရယ်စရာ မကောင်းဘူးလား'





အဘိုးအို ပြန်ပြောသည်။

ရှောက်မာ၏မျက်နှာ ရဲတက်သွားသည်။

ရှောက်မာ ဒေါသထွက်နေသည်။

သို့သော်...

အဘိုးအိုက အသက်ကြီးလှပြီ ဖြစ်သည်။

ရှောက်မာ၏ အဘိုးအရွယ်လောက် ရှိသည်။

ရှောက်မာအနေဖြင့် ရမ်းရမ်းကားကား မဆက်ဆံသင့်။

'ကျုပ်ကို ဘကြီးကြူးရှိတဲ့ နေရာကို ပြပါ၊ ကျုပ်မှာ အရေးကြီးတဲ့လက်ဆောင် ပေးစရာရှိတယ်'

ရှောက်မာက ပြောလိုက်သည်။

'အထဲရောက်ရင် ဘယ်ဘက်ကို ကွေ့လိုက်၊ တံခါးတွေ့လိမ့်မယ်၊ သုံးချက်ခေါက်လိုက်ပြီးမှ တံခါးဖွင့်ဝင်လိုက်'

'ဘကြီးကြူးကို တွေ့ရမှာလား'

ရှောက်မာက မေးလိုက်သည်။

အဘိုးအိုက ဘာမှ ဆက်မပြောတော့။
ခေါင်းကိုငုံ့ပြီး တံမြက်စည်း လှည်းနေတော့သည်။
ရှောက်မာလည်း ဘာမှ ဆက်မပြောတော့။
အိမ်ကြီးဆီသို့ လျှောက်သွားသည်။

အိမ်ရှေ့ရောက်၍ လှည့်ကြည့်လိုက်သောအခါ အဘိုးအိုကို မတွေ့ရတော့ချေ။

အိမ်ရှေ့တွင် ပန်းပင်များ စိုက်ထားသည်။

ပန်းမျိုးစုံကို လှပအောင် စိုက်ထားခြင်း ဖြစ်၏။

ပန်းများက အရောင်စုံလွန်းလှသဖြင့် အလွန်ကြည့်၍ လှပေသည်။

ရှောက်မာ အိမ်ထဲသို့ ဝင်ခဲ့သည်။

စင်္ကြံလမ်းအတိုင်း အိမ်ထဲကို ဝင်ခဲ့၏။ တံခါးပေါက်တစ်ခုကို တွေ့သည်။

တံခါးပိတ်ထားသည်။

ရှောက်မာ တံခါးကို ခေါက်လိုက်သည်။

'ဒေါက်...ဒေါက်...ဒေါက်'

တိတ်ဆိတ်နေသဖြင့် တံခါးခေါက်သံက ကျယ်လွန်းလှသည်ဟု ထင်ရ၏။

အတန်ကြာမျှ စောင့်နေသည့်တိုင် အတွင်းမှ လှုပ်ရှားသံကို မကြားရပါ။

ရှောက်မာ တံခါးကို တွန်းကြည့်လိုက်၏။

ထိုအခါ တံခါးပွင့်သွားတော့သည်။





အခန်းမှာ ကျယ်ဝန်းခြင်း မရှိလှပါ။ သို့သော် သပ်ရပ်သန့်ရှင်းနေသည်။

ပြတင်းပေါက်နားတွင် လူတစ်ယောက် ထိုင်နေသည်။

တံခါးကို ကျောပေးကာ ထိုင်နေခြင်း ဖြစ်သည်။

ထိုင်နေသူမှာ ဦးခေါင်းကို ငုံ့ထား၏။ စာအုပ်တစ်အုပ်ကို ဖတ်နေပုံရ၏။

'ဘကြီးကြူးဆိုတာ ဦးကြီးပဲလား ခင်ဗျာ'

ရှောက်မာက ထိုင်နေသော လူကြီး၏နောက်မှနေ၍ ယဉ်ကျေးစွာ မေးလိုက်၏။

'ဘာလာလုပ်တာလဲ'

ထိုင်နေသော လူကြီးက လှည့်မကြည့်ဘဲ ပြန်မေးသည်။

'လက်ဆောင် လာပေးတာပါ'

'ဘာလက်ဆောင်လဲ'

'လက်သီးတစ်စုံ လာပေးတာပါ'

'မင်းလက်သီးလား'

'ဟုတ်ပါတယ်'

'မင်းလက်သီးက ဘာအသုံးကျမှာလဲ'

'လူကို ထိုးလို့ရတယ်၊ ဦး ထိုးချင်တဲ့လူကို ထိုးလို့ရတယ်'

'လူတိုင်းမှာ လက်သီးရှိတယ်၊ မင်းလက်သီးကို ငါက ဘာလုပ်ဖို့ လိုချင်ရမှာလဲ'

'ကျွန်တော့် လက်သီးက လူတိုင်းမှာရှိတဲ့ လက်သီးနဲ့ မတူဘူး၊ ပိုမြန်တယ်၊ ပိုတိကျတယ်၊ မြန်သာလာက်လဲ ပြင်းတယ်၊ မြင်းတစ်ကောင်ကို အလဲထိုးနိုင်တယ်'

'ဒါဆိုရင် ငါ့ကိုအလျှင်ထိုးကြည့်'

'ကောင်းပြီ'

ရှောက်မာ ရှေ့သို့ ပြေးတက်လိုက်သည်။

ထိုနောက် ကိုယ်ကို ပြန်လှည့်ကာ ထိုလူ၏နှာခေါင်းကို လက်သီးဖြင့် ထိုးလိုက်သည်။

နှာခေါင်းကို ထိုးချင်၍ မဟုတ်ပါ၊ နောက်ကျောမှ ဝင်ရောက် မတိုက်ခိုက်လိုသောကြောင့်ပင် ဖြစ်သည်။

ရှောက်မာသည် ထိုသူ၏ရှေ့ တက်သွားပြီး ကိုယ်ကို ပြန်လှည့်လိုက်သဖြင့် အချိန်နှောင့်နှေးသွားသည်။

ထို့ကြောင့် သူ့လက်သီးက ပစ်မှတ်ကို ထိအောင် မထိုးနိုင်ပေ။

ထိုသူက အပေါ်ခုန် တက်သွားပြီး နောက်သို့ ပြန်ကျသွားသည်။





ပေါ့ပေါ့ပါးပါး ကျလာခြင်းဖြစ်၏။

သစ်ရွက်ကလေးတစ်ရွက် ကျလာသကဲ့သို့ ညင်သာသည်။

ရှောက်မာ ထိုသူ၏မျက်နှာကို အသေအချာ ကြည့်လိုက်သည်။

'ဩော်...ခင်ဗျားပဲကိုး'

ရှောက်မာ လွှတ်ခနဲ ပြောလိုက်သည်။

ထိုလူကို ကောင်းကောင်း မှတ်မိနေသည်။ မမှတ်မိစရာလည်း အကြောင်းမရှိ။

ထိုလူသည် ချန်ဖဲ့ဖိနှင့် တိုက်ခိုက်ခဲ့သော ဝံပုလွေကြီးပုကျန်ပင် ဖြစ်သည်။

'မင်းက လူတစ်ယောက်ကို ကျောက ဝင်မတိုက်ဘူးပေါ့၊ တော်တော် သတ္တိကောင်းတာပဲ'

'ယောကျ်ားပဲ၊ သတ္တိကောင်းရမှာပေါ့'

'ယောကျ်ားတိုင်း သတ္တိမကောင်းဘူးကွ'

'ဒါလဲ ဟုတ်တယ်'

'မင်း ဒီကို ဘာလာလုပ်တာလဲ'

'ဘကြီးဖြူးနဲ့ တွေ့ချင်လို့'

'ဘာလုပ်ဖို့လဲ'

'လက်ဆောင်ပေးမလို့'

'လက်သီးတစ်စုံ'

'မင်းလက်သီးလား'

'ဟုတ်တယ်'

'သူက လက်ခံမယ် ထင်သလား'

'ဒါက သူနဲ့တွေ့ သိရမယ့် ကိစ္စပါ'

ပုကျန့် ဘာမှမပြောတော့ဘဲ တံခါးတစ်ခုကို ညွှန်ပြလိုက်သည်။

'တံခါးဝါးချက် ခေါက်ပြီးမှ ဝင်ပါ'

'ကောင်းပြီ'

ရှောက်မာ တံခါးရှိရာသို့ လျှောက်သွားသည်။



## အခန်း (၄၇)

ရှောက်မာ ရောက်သွားသော အခန်းမှာ စောစောက အခန်းထက် ပို၍ကျယ်သည်။

ပို၍လည်း ရှုပ်သည်။

အခန်းထောင့်တွင် ကွပ်ပျစ်တစ်ခု ရှိသည်။

ကွပ်ပျစ်ပေါ်တွင် လူတစ်ယောက် လှဲလျောင်းနေသည်။

ထိုသူသည် တံခါးဝကို ကျောပေးကာ လှဲလျောင်းနေခြင်းဖြစ်သည်။

အိပ်နေသည်လား၊ နိုးနေသည်လား မသိရ။

လူကတော့ သေနေသည့်အလား ငြိမ်သက်နေသည်။

'ဘကြီးကြူးလား'

ရှောက်မာက မေးလိုက်သည်။

'မဟုတ်ဘူး'
လှဲနေသူက ပြန်ပြောသည်။
'ဒါဖြင့် ဘယ်သူလဲ'
'အထိုးခံချင်တဲ့သူ'

'ကျုပ်က ဘကြီးကြူးနဲ့ တွေ့ချင်ရင် ခင်ဗျားကို လက်သီးနဲ့ ထိုးရမယ်ပေါ့ ဟုတ်လား'

'ဟုတ်တယ်'
'ဘယ်နေရာကို ထိုးရမှာလဲ'
'ဘယ်နေရာထိုးထိုး ရတယ်'

ထိုသူက ရှောက်မာကို ကျောပေးပြီး ပြန်ပြောလိုက်သည်။

'ကောင်းပြီ၊ ဒီလိုဆို ထိုးမယ်'

ရှောက်မာက ပြောရင်း လက်သီးကို ဆုပ်လိုက်သည်။

ထို့နောက် ထိုသူရှိရာသို့ ပြေးသွားသည်။

ရှောက်မာသည် ထိုသူ၏ ခန္ဓာကိုယ်အစိတ်အပိုင်းမှ ကြိုက်ရာနေရာကို ထိုးနိုင်သည်။

ကျောပြင်ကို ထိုး၍ ရသည်။
ခါးကို ထိုး၍လည်း ရသည်။
နောက်စေ့ကို ထိုး၍လည်း ရသည်။





ဘယ်နေရာကို ထိုးထိုး၊ ထိုသူ မရှုမလှ ခံရမည်သာ ဖြစ်သည်။

သို့သော် ရှောက်မာ လူကို မထိုးပါ။
ထိုလူ မျက်နှာမူထားရာ နံရံကိုသာ ထိုးလိုက်သည်။

'ဝုန်း....'

တစ်ချက်ထိုးရုံနှင့် နံရံမှာ ဝုန်းခနဲ ပွင့်ထွက်သွားပြီးလျှင် အပေါက်ကြီးတစ်ခု ဖြစ်ပေါ်လာသည်။

ကြေမွသွားသော ဖျဉ်တို့က ထိုလူ၏ မျက်နှာပေါ်သို့ လွင့်ကျလာသည်။

ထိုလူ ငြိမ်နေ၍ မရတော့၊ ကွပ်ပျစ်ပေါ်မှ ဝုန်းခနဲ ခုန်ထလိုက်သည်။

ရှောက်မာကလည်း ချာခနဲလှည့်ကာ ထိုလူ၏ မျက်နှာကို လက်သီးနှင့် ထိုးလိုက်သည်။

သည်တစ်ကြိမ်တွင် ရှောက်မာက နှာခေါင်းကို မထိုးတော့ပါချေ။

မျက်နှာကို ထိုးသည်။

မျက်နှာတစ်ခုလုံးက နှာခေါင်းထက် ပို၍ သေချာသည်။
ရှောက်မာက သေချာအောင်လည်း ထိုးသည်။

တစ်ဘက်လူက ရှောင်ရန် ကြိုးစားသည်။

သို့သော် ခန္ဓာကိုယ်အား လေထဲရောက်နေ၍ ရှောင်ရ ခက်နေသည်။

ဝုန်းဟူသော အသံနှင့်အတူ ခန္ဓာကိုယ်နှင့် နံရံမှာ ဝင်၍ ဆောင့်မိတော့၏။

နဂိုအပင် အပေါက်ကြီးဖြစ်ခဲ့သော နံရံမှာ ပို၍ အပေါက် ကျယ်သွားတော့၏။

ထိုလူသည် အပေါက်အတစ်ဆင့် တစ်ဘက်ခန်းသို့ ရောက်သွား၏။

ရှောက်မာကလည်း တစ်ဘက်ခန်းသို့ ခုန်ဝင်ကာ လိုက်သွားသည်။

တစ်ဘက်ခန်းမှာ ပို၍ ကျယ်သည်။

လူတစ်ယောက် စားပွဲရှေ့တွင် ထိုင်လျက် ရေနွေးကြမ်း သောက်နေသည်။

ထိုသူ့ဆံပင်များက ဖွေးဖွေးဖြူနေသည်။

ထိုသူသည် ရှောက်မာ ခြံထဲတွင် တွေ့ခဲ့ရသော တံမြက်စည်း လှည်းနေသည့် အဘိုးအိုပင်တည်း။

စောစောက လက်သီးစာ မိခဲ့သောသူသည် နံရံပေါက်မှ တစ်ဆင့် ပြန်လည် ခုန်ထွက်သွားသည်။





အဘိုးအိုက ပြုံးလိုက်သည်။

'သူက မင်းနဲ့မျက်နှာချင်းဆိုင်ရမှာကို ရှက်နေတယ်'

အဘိုးအိုက ပြောသည်။

'ဘာဖြစ်လို့လဲ'

ရှောက်မာက မေးလိုက်၏။

'စောစောကလူက လေလုံးထွားခဲ့တယ်၊ သူ့ကို နောက်ကျောက ဝင်တိုက်တာတောင် မရဘူးလို့ သွယ်ဝိုက်သောနည်းနဲ့ ပြောခဲ့တယ်၊ ဟုတ်တယ် မဟုတ်လား၊ မင်းက ကတိတည်တော့ သူ့နောက်က ဝင်မတိုက်ခဲ့ဘူး'

'သူကလဲ ကတိမပျက်ခဲ့ပါဘူး'

ရှောက်မာက ပြန်ပြောလိုက်သည်။

ရှောက်မာ၏ စကားကို အဘိုးအို နားလည်ပုံမရ။

ရှောက်မာက ဆက်၍ ပြောသည်။

'သူက အထိုးခံချင်လို့ပြောတယ်၊ အခုလဲ အထိုးခံလိုက်ရတာပဲ မဟုတ်လား'

အဘိုးအို သဘောပေါက်သွားပုံရသည်။

ဆတ်ခနဲ ခေါင်းညိတ်ပြီး ပြုံးလိုက်သည်။

'မင်း တကယ် အတွေးကောင်းတာပဲ'

‘ခင်ဗျားလဲ သတ္တိကောင်းမှာပါ’
‘ဝါဆာ အဘိုးကြီးပဲ’
‘အဘိုးကြီးလား၊ ဒါမှမဟုတ် ဘကြီးလား’
‘အဘိုးကြီးဆိုတာ ဘကြီးလို့ အခေါ်ခံရတာပဲ’
‘ဘကြီးကြူးဆိုတာ ခင်ဗျားပဲလား’

ရှောက်မာက တိုက်ရိုက် မေးလိုက်သည်။

အဘိုးအိုက ဘာမှ မပြောဘဲ ပြုံးနေသည်။

ရှောက်မာ ဆက်မမေးတော့။

သူသည် ရှေ့သို့ခုန်ထွက်လိုက်ပြီး အဘိုးအို၏ နှာခေါင်းကို လက်သီးဖြင့် ထိုးလိုက်သည်။

သူသည် နောက်ကျောမှ ဝင်ရောက်တိုက်ခိုက်ခြင်း မဟုတ်။

သို့သော် မတိုက်ခိုက်မီ ကြိုတင်သတိပေးခြင်းလည်း မရှိ။

သူသည် အဘိုးအို၏ အငိုက်ကို ဖမ်းလိုက်ခြင်း ဖြစ်သည်၊

ထိုသို့ ပြုမူသည်မှာ လူစွမ်းကောင်း မပီသပါ။

ထို့ပြင် သိုင်းစည်းကမ်းကိုလည်း ဖောက်ဖျက်ရာ ကျနေသည်။

စင်စစ် သူသည် အဘိုးအို၏ ပညာစွမ်းကို စမ်းသပ်လိုက်ခြင်းပင် ဖြစ်သည်။





သူ အငိုက်ဖမ်း၍ တိုက်ခိုက်လျှင် တော်ရုံတန်ရုံလူ ရှောင်၍ ရနိုင်မည် မဟုတ်။

ထို့ပြင် အဘိုးအို၏ နောက်တွင် နံရံရှိနေသည်။ နောက်ဆုတ်စရာလည်း မရှိပါချေ။

ရှောက်မာ သူ့ကိုယ်သူ အပြည့်အဝ ယုံကြည်သည်။

အဘိုးအိုအား ဆေးချာပေါက် ထိုးမိမည်ဟု အပိုင်တွက်ထားသည်။

လက်တွေ့တွင်ကား ထိုသို့ဖြစ်မလာပါချေ။

ရှောက်မာ နောက်တစ်ချက် ခုန်ထိုးလိုက်ပြန်သည်။

‘ဝုစ်....’

သူ့လက်သီးက လေကိုသာ ထိုးဖြစ်သွား၏။

အလွန်မြန်သော လက်သီးကိုပင် အဘိုးအိုက လှစ်ခနဲ ငုံ့ရှောင်သွားပြီး သူ့ ချိုင်းအောက်မှ ထွက်သွား၏။

ရှောက်မာ မကျေနပ်နိုင်သေး။
နောက်ကို ဖြတ်ခနဲ လှည့်လိုက်၏။
အဘိုးအိုကို ခုန်ထိုးလိုက်ပြန်၏။
‘ဝှီး....’
လွဲချော်သွားပြန်သည်။

အဘိုးအိုသည် အပေါ်သို့ မြောက်တက်သွားပြီး နံရံတွင် သွားရောက် ကပ်နေသည်။

စက္ကူတစ်ချပ် လေလွင့်သွားပြီး သွားရောက်ကပ်နေခြင်း ဖြစ်၏။

ရှောက်မှာ ဆက်သိုးရန် စိတ်မကူးတော့။

သူသည် နောက်ဆုတ်သွားပြီး နံရံတွင် ထိုင်ချလိုက်သည်။

'ဘယ်လိုလဲ'

အဘိုးအိုက မေးလိုက်သည်။

ရှောက်မာက....

'သိပ်ကောင်းတယ်'

'ဘာကောင်းတာလဲ'

'ခင်ဗျားပညာ သိပ်ကောင်းတာကို ပြောတာ၊ ကျုပ်က တော့ မကောင်းဘူး'

'မင်းက ဘယ်နေရာမှာ အပြစ်ရှိလို့လဲ'

'ကျုပ် ဒီလိုမလုပ်သင့်ဘူး၊ နောက်က ဝင်တိုက်တာနဲ့ ဘာထူးလို့လဲ'

'ဒါပေမယ့် မင်းလုပ်ခဲ့ပြီ မဟုတ်လား'

'ဟုတ်တယ်၊ ဒါပေမယ့် ကျုပ်က ခင်ဗျားရဲ့ အရည်အချင်းကို စမ်းသပ်ချင်လို့ အခုလို လုပ်တာပါ'





'အခု မင်း ဘာတွေသွားသလဲ'

'ကျုပ် လက်သီးနဲ့ထိုး ဘယ်တော့မှ မလွဲဘူး၊ အခုတော့ သုံးကြိမ်တောင် လွဲခဲ့တယ်၊ ဒီအလျင်ကလဲ နှစ်ကြိမ်လွဲခဲ့ဖူးတယ်၊ ပထမ ဝင်းလျံယိနဲ့ တွေ့ခဲ့တယ်၊ ဒုတိယ နေမင်းစေတမန်နဲ့ တွေ့ခဲ့တယ်'

'ဟုတ်လား'

'ဟုတ်တယ်'

အဘိုးအိုကပြုံးလိုက်သည်။

'ဒီဝံပွေလွင်တောင်မှာ သူတို့နှစ်ယောက်ဟာ အဆင့်မြင့်သိုင်းသမားပဲ'

'ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် သူတို့ဟာ ခင်ဗျားကို မမီဘူး၊ အများကြီးကွာတယ်'

'ဟုတ်ရဲ့လား'

'ဟုတ်တယ်'

'မင်းအထင်ပေါ့'

'လက်တွေ့ပါ၊ ကျုပ် ဝင်းလျံယိနဲ့ တွေ့ခဲ့တာပဲ၊ သူတို့ပညာကို အကဲခတ်နိုင်ပါတယ်၊ ကျုပ်ကလဲ အညံ့စား သိုင်းသမားမှ မဟုတ်တာ။

ကျုပ် ဒီတောင်ပေါ်ရောက်တဲ့ နေ့က်ပိုင်းမှာ ခင်ဗျားလောက် အချည်အချင်းရှိတဲ့လူ တစ်ယောက်မှ မတွေ့သေးဘူး'

'သေချာရဲ့လား'

'သေချာပါတယ်၊ ဒါပေမယ့် ကျုပ်လက်သီးအလဲ မဆိုးပါဘူး၊ နောက်ပိုင်းမှာ စိတ်သောက ရောက်တာနဲ့ အလေ့အကျင့် နည်းသွားခဲ့တယ်'

'အလေ့အကျင့် မနည်းခဲ့ရင် ငါ့ကို ထိုးနိုင်မယ်ပေါ့ ဟုတ်လား'

'သေချာပါတယ်'

'ဟုသိတယ်၊ မင်းလက်သီးဟာ မဆိုးပါဘူး၊ တအယ့်ကိုကောင်းပါတယ်'

အဘိုးအိုက ရှောက်မာ စကားကို ထောက်ခံလိုက်သည်၊

'ဒါ့အပြင် ကျုပ်က အသေသဲ ခံရဲတယ်'

'ငါလဲ အကဲခတ်မိပါတယ်'

'ဒါဆို ကျုပ်လက်သီး လက်ခံလိုက်ရင် ခင်ဗျားအတွက် အကျိုးရှိမှာပါ'

'ဒါပေါ့'

'ခင်ဗျား လက်ခံမယ်ပေါ့'

'ငါက လက်ခံချင်ပါတယ်၊ ဒါပေမယ့် မင်းက ငါ့ကိုပေးဖို့ စိတ်ကူးထားတာမှ မဟုတ်ဘဲ'

'ကျုပ်က ဘကြီးကြူးကို ပေးမလို့'

'မှန်ပါတယ်'





'ခင်ဗျားဟာ ဘကြီးကြူး၊ ဘကြီးကြူးဟာ ခင်ဗျားပဲ' ရှောက်မာက ပြောသည်။

အဘိုးအိုက ပြုံးရုံသာ ပြုံးနေသည်၊

'ဒီ…'

မောင်းထုသံ ရုတ်တရက်ကြားလိုက်ရသည်။

မောင်းထုသံမှာ နောက်ဖေးဖက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဘာအတွက် ထုသည်ကို ရှောက်မာ မသိ။

'မင်း လူကဲခတ် မှားသွားတယ်၊ ဒါပေမယ့် ဘကြီးကြူးအမင်းကို အတွေ့ခံမှာပါ၊ တွေ့ခွင့်ပေးမှာပါ'

ရှောက်မာ တစ်ချက် တွေသွားသည်၊

အဘိုးအိုက ဆက်၍ ပြောသည်။

'မင်းတစ်ခု မှတ်ထားရမယ်'

'ဘာများလဲ'

'ဒီတောင်ပေါ်မှာ ရှိတဲ့ လူတွေထဲမှာ ငါ ပညာအမြင့်ဆုံး မဟုတ်ဘူး၊ ဘကြီးကြူးရဲ့ ခြေဖျားကိုတောင် ငါက မီတာ မဟုတ်ဘူး'

အဘိုးအို၏ စကားကြောင့် ရှောက်မာ အံ့သြသွားရသည်။

ယခု အဘိုးအိုထက် ပညာအဆင့်မြင့်မသာ သူတစ်ယောက် ရှိနေသေးသည်ဟု ရှောက်မာ လုံးဝထင်မထားပါချေ။

သို့တိုင် မယုံ၍လည်း မဖြစ်ချေ၊

အဘိုးအိုက အတည်ပြောနေခြင်းဖြစ်သည်။

'ဒါကြောင့် သူ့ဆီရောက်ရင် ရမ်းရမ်းမလုပ်နဲ့၊ ရမ်းရင်သေဖို့ပဲ ရှိတယ်'

အဘိုးအိုး၏ အသံက တည်ကြည်လေးနက်နေသည်၊

'သူ့ကို မြင်ဖူးတဲ့သူက အင်မတန် ရှားတယ်၊ ဒါကြောင့် မင်းလာရကျိုးနပ်ပြီလို့ ပြောရမှာပဲ'

အဘိုးအိုးက တည်ကြည်လေးနက်စွာ ဆက်ပြောသည်၊

'အဲ... သူ့အလိုမကျရင်တော့ ဒီတောင်မပေါ်မှာ မင်း ခေါင်း ချရလိမ့်မယ်'

'ကျွန်တော်ကလဲ သေချင်နေတယ်'

ရှောက်မာကလည်း တည်ကြည်လေးနက်စွာ ပြောလိုက်လေသည်။



## အခန်း (၄၈)

နောက်ဖေးဘက်တွင် တံခါးတစ်ခုရှိနေသေးသည်။

'ဒူ...ဟူ...ဟူ'

မေစင်းသံတစ်ချက် ထွက်ပေါ်လာသည်။

မောင်းသံနှင့်အတူ တံခါးပွင့်သွားသည်။

ရှောက်မာ တံခါးဝတွင် ငိုင်တိုင်တိုင် ရပ်နေမိသည်။

သူ မြင်တွေ့လိုက်ရသည်မှာ ကျယ်ဝန်းသည့် ခန်းမဆောင်ကြီး ဖြစ်သည်။

ခြံထဲကို ရောက်စဉ်က ထိုအိမ်ထဲတွင် ထိုမျှ ကြီးမားသော ခန်းမဆောင် ရှိနေလိမ့်မည်ဟု မထင်မိပေ။

ခန်းမဆောင်ထဲတွင် ဘာပစ္စည်းမှမရှိပါချေ။

နံရံများက ဖြူဖွေးနေသည်။

ခန်းမဆောင် အတွင်းပိုင်းတွင် တံခါးတစ်ခု ရှိနေပြန် သည်။

တံခါးဝတွင် လိုက်ကာတစ်ခု ချထားသည်။

လိုက်ကာနောက်တွင် လူတစ်ယောက် ထိုင်နေသည်။

ရှောက်မာ ထိုသူမျက်နှာကို မမြင်ရပါချေ။

ထိုသူ ဝတ်ထားသော အဝတ်အစားကို သဲကွဲစွာ မမြင်ရ။

အံ့ဩစရာကောင်းသည်မှာ ထိုသူသည် ဩဇာကောင်းလှ သည်ဟု အလိုလိုထင်နေမိသည်။

စိတ်ထဲတွင် သိမ်ငယ်မှုကိုလည်း ခံစားလာရသည်။

နောက်ဖေးတံခါး ပြန်ပိတ်သွားလေပြီ။

တံမြက်စီးလှည်းနေသည့် အဘိုးအိုသည်း အပြင်တွင် ကျန် ရစ်ခဲ့သည်။

ရှောက်မာ ရှေ့သို့ လျှောက်သွားဟန် ပြင်လိုက်၏။

'ရပ်လိုက်စမ်း'

နှိုးရိုးနှိုက်ဆက်မှ ဟန့်တားသံကြောင့် ရှောက်မာ ခြေတုံ့ သွားရသည်။

ဆက်မလျှောက်ဘဲ ရပ်နေလိုက်သည်။

ရှောက်မာသည် တိုက်ခိုက်လို၍ ရောက်လာခြင်း မဟုတ်။



သူ တစ်ခုခု တောင်းဆိုချင်၍ ရောက်လာခြင်း ဖြစ်သည်။

လခုဆိုလျှင် ရှောက်မာ၏ အသက်သည် လိုက်ကာ နောက် ကွယ်မှလူ၏ လက်ထဲ ရောက်နေပြီဟု ဆိုနိုင်သည်။

ရှောက်မာအနေနှင့် မည်သည့်နည်းနှင့်မျှ တစ်ဇွတ်ထိုးလုပ်နိုင် မည်မဟုတ်ပါချေ။

ဟန့်တားသံ ထွက်ပေါ်လာပြီးနောက် ခန်းမဆောင်တစ်ခု လုံး ပြန်ငြိမ်ကျသွား၏။

အတန်ကြာတော့မှ လိုက်ကာနောက်ကွယ်တွင် ထိုင်နေသောသူ၏ အသံထွက်ပေါ်လာတော့သည်။

'ငါ ဘယ်သူလဲဆိုတာ မင်း သိနေပြီ မဟုတ်လား'

အသံက အေးသည်။

ကြည်လင်ပြတ်သားသည်။

အိုမင်းသံ လုံးဝမပါ။

အသံကို နားထောင်ရုံနှင့် ထိုသူမှာ အတွင်းအား အဘယ်မျှ ကောင်းကြောင်း သိသာနေသည်။

'ဟုတ်ပါတယ်'

ရှောက်မာ ဖြေလိုက်သည်။

'မင်း... ငါ့ကို တွေ့ချင်နေတာ ကြာပြီ'

'ဟုတ်ပါတယ်'
'မင်းက မာ အမျိုးအနွယ်ဝင်လား'

'ဟုတ်တယ်'
'ဒေါ်သကြီးတဲ့ ရှောက်မာလား'

'ဟုတ်တယ်'
'ဘာဖြစ်လို့ ဒေါ်သကြီးရတာလဲ'

'မတရားမှုကို တွေ့ရလွန်းအားကြီးလို့'
'မင်းက မတရားတာ မကြိုက်ဘူးလား'

'ဟုတ်တယ်'
လိုက်ကာနောက်မှအသံ ခေတ္တငြိမ်သွားသည်။

ထိုနောက်....

'စုပေါင်းအာမခံဌာနက ခွေးဝါးကောင်အလံကို လုသွား
တာ မင်းနဲ့ တိန်းစီ မဟုတ်လား'

'ဟုတ်တယ်'
'ဘာဖြစ်လို့ လုသွားရတာလဲ'

'အဲဒီ အာမခံဌာနက လူဝါးဝလွန်းလို့ အကြောင်းပြ
လိုက်တာ'
'ကောင်းပြီ၊ မင်း ထိုင်ပါ'





ဘကြီးကြူးက ပြန်ပြောလိုက်သည်။

ဖြူဆွတ်သော နံရံပေါ်တွင် တံခါးဝတစ်ခု ဘွားခနဲ ပေါ်
လာသည်။

လူထွားကြီး နှစ်ဦးက တံခါးပေါက်ဝတွင် ပေါ်လာ
သည်။

လူထွားကြီးနှစ်ဦးစလုံးပင်ခေါင်းတုံးတုံးထားပြီးရွှေနားဆွဲ
တပ်ဆင်ထားသည်။

သူတို့သည် ကျားသားရေဖုံးသော ထိုင်ခုံတစ်လုံးကို မ,လာ
သည်။

'ထိုင်ပါ'

ဘကြီးကြူးက အသံပြုလိုက်သည်။

ရှောက်မာ ထိုင်ခုံတွင် ထိုင်လိုက်သည်။

လူထွားကြီးနှစ်ဦးက သူ့နောက်တွင် ရပ်နေကြသည်။

နံရံပေါ်မှ တံခါးပေါက်မှာမူ ပြန်လည် ပျောက်ကွယ်
သွားပြီဖြစ်သည်။

'စုပေါင်း အာမခံဌာနဟာ ဟိတ်ဟန်ကြီးတယ်၊ လူဘိုင်း
လိုလို ကြောက်ရွံ့ရှိသေကြတယ်။

မင်းက သူတို့ရဲ့လုပ်ငန်းကို ဖြိုဖျက်ပစ်လိုက်တယ်၊ သူတို့ရဲ့ အရှိန်အဝါကို ဖျက်ဆီးပစ်လိုက်တယ်၊ ဒါကြောင့် မင်း…ထိုင်ခွင့် ရလိုက်တယ်

'ကျွန်တော် သဘောပေါက်ပါတယ်'

'ဒါပေမယ့် ထိုင်ခွင့်ရှိရုံနဲ့ အသက် ပျောက်မသွားဘူးလို့ မပြောနိုင်ဘူး'

'ဒါလဲ သိပါတယ်'

'ဒီနေရာကို ဘယ်သူမှ တိုက်ခိုက်လို့ မရဘူး'

'သိပါတယ်'

'ဒီနေရာဟာ ဘုရင့်နန်းတော်ထက် လုံခြုံမှုရှိတယ်'

'ဒါလဲ သိပါတယ်'

'မင်း….အသက်ကို ပမာန မထားမှန်းကိုလဲ ငါ… သိတယ်'

ဘကြီးကြူးက ပြန်ပြောလိုက်သည်။

ရှောက်မာက ငြိမ်နေလိုက်သည်။

ဘကြီးကြူးက ဆက်ပြောသည်။

'မင်းရဲ့ မိတ်ဆွေတွေအားလုံး ချောက်ကျနေပြီ၊ မင်း… ချစ်သူလဲ စနင်းအမန်လက်ထဲရောက်နေပြီ။

မင်းတို့အားလုံး အထောက်ရှင်ပြီး တောင်အောက်ကို ပြန်ဆင်းဖို့ဆိုတာ အင်မတန် ခဲယဉ်းတယ်'





ရှောက်မာ ငြိမ်နေသည်။

သူသည် ဘကြီးကြူးကို အထင်မကြီးတဲ့ မနေနိုင်လောက်အောင် ဖြစ်လာသည်။

ထိုသူသည် ဤနေရာတွင် ဇာတ်မြှုပ်နေသည့် သာမာန် အဘိုးအိုတစ်ဦး မဟုတ်ပါ။

စံပူလွှတောင်၏ဘုရင်ဖြစ်သည်။

အစွမ်းအလွန်ထက်သော သိုင်းသမားများက ဘုရင်ကဲ့သို့ လေးစားခံရသူဖြစ်သည်။

တောင်ပေါ်တွင် ဖြစ်ပျက်သမျှအားလုံး ဘကြီးကြူးက သိနေသည်။

ဘကြီးကြူးက ဆက်၍—

'ရွေးစရာလမ်းမရှိတော့မှ မင်း ငါ့ဆီကိုလာတယ်၊ မင်းရဲ့ လက်သီးနှစ်လုံးနဲ့ အသက်ဆယ်ချောင်းကို ထယ်ချင်တယ်၊ ဟုတ်တယ်….မဟုတ်လား'

ရှောက်မာ ငြိမ်မြဲငြိမ်နေသည်။

'နတ်ရွှေ့မှာ အဲမွှားတိုင်တစ်တိုင်ယှဉ်းရုံနဲ့ တစ်သက်လုံး အကျိုးခံစားရတဲ့သူကို မင်း မြင်ဖူးသလား'

'မမြင်ဖူးဘူး'

'ငါဟာ ဒီနေရာကို အုပ်စိုးနေတဲ့ နတ်တစ်ပါးပဲ'
'ဒါပေမယ့် ကျုပ်ရဲ့လက်သီးဟာလဲ အခမ္ဘားတိုင်မှမဟုတ်ဘဲ'
'ဒါဆိုရင် ဘာလဲ'

'ကျုပ်ရဲ့ သစ္စာအရှိဆုံး အဖော်မွန်ပါ၊ လိုအပ်တဲ့အခါ လူသတ်လက်နက်လဲဖြစ်တယ်'

'ဟုတ်ရဲ့လား'
'ဟုတ်တယ်'

ရှောက်မာက သူ့လက်သီးကို ယုံကြည်စိတ်ချစွာ ပြောလိုက်သည်။
ဘကြီးကြူး ငြိမ်သွားသည်။

ရှောက်မာက ဆက်ပြောသည်။

'ခင်ဗျားဟာ နတ်အစစ်မဟုတ်ဘူး၊ ဒါကြောင့် ဘုန်းတံခိုး မပြည့်စုံဘူး၊ သစ္စာရှိတဲ့အဖော်တစ်ယောက်နဲ့ လူသတ်လက်နက်တိုးလာရင် တစ်နေ့နေ့ ခင်ဗျားအတွက်အလုံးဝင်မှာပါ၊ ကျုပ်လက်သီးသာ ဓားထက်မြန်တယ်'

'ဒီနေရာမှာ မင်းလက်သီးထက်ပိုမြန်တဲ့လက်သီး မရှိဘူးလို့ မင်း ဘယ်လိုပြောနိုင်မှာလဲ'

'ဘာပဲပြောပြော ကျုပ်ထက်မြန်တဲ့လူဆိုလို့ တစ်ယောက်မှ မတွေ့သေးဘူး'





'မင်း တွေ့ချင်တယ်ပေါ့'
'ဟုတ်တယ်'
'ဒါဆိုရင် နောက်ကို လှည့်ကြည့်လိုက်ပါ'
ဘကြီးကြူးက ပြောလိုက်သည်။
ရှောက်မာနောက်ကို လှည့်ကြည့်လိုက်သည်။

စောစောက လူသန်ကြီးနှစ်ဦးကို တွေ့လိုက်ရသည်။

၎င်းတို့သည် ဒဏ္ဍာရီထဲမှ လူသန်ကြီးများကဲ့သို့ပင် သန်မာထွားကျိုင်းလှသည်။

ရှောက်မာထက် ကိုယ်လုံးကြီးသည့်ပြင် ခေါင်းတစ်လုံး ပို၍ မြင့်နေသည်။

ရင်အုပ်များက ကားနေပြီး လက်မောင်းလုံးများကလည်း ကြီးမားလှသည်။

သူတို့တွင်လည်း လက်သီးကိုယ်စီ ရှိကြသည်။

နှစ်ဦးစလုံးက သူတို့လက်သီးများကို ကျစ်ကျစ်ပါအောင် ဆုပ်ထားကြသည်။

သူတို့ လက်သီးများက သံမဏိကဲ့သို့ မာကျောသည့် လက်သီးများဖြစ်သည်။

'ဘယ်ဘက်ကလူက ဝမ်ယမ်းဆေ့လို့ ခေါ်တယ်'

ဘကြီးကြူးက ပြောသည်။

ရှောက်မာ ထိုသူကို အကဲခတ်လိုက်သည်။

ထိုသူကသည် အခြားတစ်ယောက်ထက် အနည်းငယ် ပုသည်။ သို့သော်...

လူတအာထက်တော့ ခေါင်းတစ်လုံး ပိုမြင့်မည်သာဖြစ်သည်။

ထိုသူ၏မျက်နှာက တင်းမာခက်ထန်နေသည်။

ဘယ်ဘက်နားရွက်တွင် နားကွင်းကြီး တပ်ဆင်ထားသည်။

တုံးထားသည့် ခေါင်းတုံးက ပြောင်လက်နေသည်။

'သူက လူပျိုသိုင်းပညာနဲ့ မဟာနတ်မင်းသိုင်းပညာ ကျင့်ထားတယ်၊ ဘယ်လက်သီးနဲ့ ထိုးတဲ့အခါ အချိန်ငါးဆယ်လောက် ရှိတဲ့အားနဲ့ ညီမျှတယ်၊ ညာလက်သီးက ပိုတောင် ပြင်းတယ်'

'တော်တော်ပြင်းတဲ့ လက်သီးပါလား'

ရှောက်မာက ပြောလိုက်သည်။

'ညာဘက်ကလူက ဝမ်ယင်ကန်းလို့ ခေါ်တယ်'

ရှောက်မာက ထိုသူကို အကဲခတ်လိုက်ပြန်သည်။

ထိုသူက အရပ်ပိုမြင့်သည်။

ရုပ်ရည်က သူ့အဖော်နှင့် ဆင်တူနေသည်။

ရွှေနားကပ်ကြီးကို ညာဘက်တွင် တပ်ဆင်ထား၏။

'သူကလဲ လူပျိုသိုင်း ကျင့်ထားတယ်၊ ဓားပြီး တုတ်ပြီး သိုင်းပညာလဲတတ်တယ်၊ သူ့ညာလက်သီးကထိုးလိုက်ရင် အချိန်





လေးဆယ်နဲ့ ညီမျှတဲ့ဖိအားရှိတယ်၊ ဘယ်လက်သီးသာ တစ်ဆနီးပါး ပိုပြင်းတယ်'

'တော်တော်ပြင်းတဲ့ လက်သီးပါလား'

ရှောက်မာက ချီးမွမ်းလိုက်သည်။

ဘကြီးကြူးက ဆက်ပြောသည်။

'သူတို့ဟာ မွန်ဂိုလူမျိုးတွေ၊ ရိုးသားတယ်၊ ဘယ်တော့မှ လူလည်မလုပ်ဘူး'

'ကျုပ် အကဲခတ်မိပါတယ်'

'သူတို့ဟာ လက်သီးအပြင် အသက်ကိုပါ ငါ့ကို အပ်ထားတယ်'

'ကျုပ်လဲ ထင်ပါတယ်'

'သူတို့နှစ်ယောက်ရှိနေမှတော့ ငါက မင်းကို ဘယ်လိုတော့မလဲ'

'လိုပါတယ်'

'ဘာကြောင့်လဲ'

'ကျုပ်က မရိုးသားဘူး၊ ဉာဏ်များတယ်၊ ဒါကြောင့် သူတို့ထက် အသုံးဝင်တယ်'

ရှောက်မာက ပြန်ပြောလိုက်သည်။

'သူတို့လက်သီးနဲ့ ပြိုင်ထိုးမယ်ဆိုရင် မင်း ဘာဖြစ်သွားမလဲ'

'ဒါတော့ ဘယ်ပြောတတ်မလဲ'

မည်သို့ဖြစ်မည်ကို ရှောက်မာ အမှန်တကယ်ပင် မပြောတတ်ပါချေ။

လက်သီးနှစ်လုံး ပေါင်းလိုက်သော ဖိအားမှာ အနည်းဆုံး အချိန်တစ်ရာကျော်မည်သာ ဖြစ်သည်။

သူတို့အား အနိုင်တုမည်ဆိုလျှင် မည်သို့ဖြစ်လာမည်ကို ရှောက်မှာ မည်သို့မှ မမှန်းတတ်။

သို့သော် ရှောက်မှာတွင် အခြားရွေးစရာလမ်း မရှိ။

သူတို့နှစ်ယောက်ကိုအား ရင်ဆိုင်ရတော့မည်။

'သူတို့လက်သီးကို မြည်းစမ်းကြည့်ချင်သလား'

'သိပ်မြည်းချင်တာပေါ့'

ရှောက်မှာက သွက်လက်စွာ ပြောလိုက်လေ၏။



## အခန်း (၄၉)

ခန်းမထဲတွင် ပြတင်းပေါက် မရှိ။

နေရောင်လည်း မရှိ။

နံရံသည် ဖြူဖွေးနေသော်သည်း ခန်းမသည် တစ်နှစ်ပတ်လုံး နေရောင်နှင့် ထိတွေ့မှုမရှိ။

ဝါကျင်ကျင် မီးရောင်သာ ရှိသည်။

သို့သော် မည်သည့်နေရာမှ ထွက်ပေါ်လာမှန်း မသိ။

'မင်း တကယ် စမ်းကြည့်ချင်တယ်ပေါ့'

ဘကြီးကြူးက မေးလိုက်ပြန်သည်။

'တကယ် စမ်းကြည့်မှာပါ'

ရှောက်မှာက ဝံ့ဝံ့စားစား ပြောလိုက်၏။

'မင်း နေခဲ့တာ ခုနေဦးမယ်'

'ကျုပ် ဘယ်တော့မှ နေခဲ့တာမရဘူး'

'ကောင်းပြီ'

ဘကြီးကြူး၏ စကားအဆုံးတွင် လူသန်ကြီးနှစ်ယောက်က ရှောက်မာကို ဝင်ဆွဲသော်၏။

ဝမ်ယန်ထေ၏ ညာလက်သီးက ရှောက်မာ၏ ဘယ်ဘက်ပါးရိုးကို ဦးတည်တိုက်ခိုက်သည်။

ဝမ်ယမ်းကန်းအမူ ရှောက်မာ၏ ညာကုပ်ပိုးကို ဦးတည်တိုက်ခိုက်သည်။

လက်သီးနှစ်လုံးမှ ထွက်ပေါ်လာသော အားရှိန်များက ကြောက်ခမန်းလိလိ။

ရှောက်မာက လှုပ်ပင် မလှုပ်။

ပြင်းထန်သော လက်သီးသည် မြန်ဆန်သော လက်သီး ဖြစ်ရမည်။

မြန်ဆန်သော လက်သီးတိုင်းလိုလို ပြင်းထန်မည်သာပင်။

ပြင်းထန် မြန်ဆန်သော လက်သီး ပစ်သွင်းလိုက်ပါက မြင်သည် ရှိ ပိမ်းချန် လုံးဝ မဖြစ်နိုင်ပေ။





ထိုအချက်ကို ရှောက်မာ ကောင်းစွာ သဘောပေါက်၏။ သူသည် ညာဏ်ရည် ထက်မြက်လွန်းသူဟု မဆိုသာပါ။

သို့သော် အတွေ့အကြုံ ရင့်ကျက်သူ ဖြစ်သည်။ တိုက်ပွဲများစွာ ... သော အတွေ့အကြုံပင်။

သူသည် လုံးဝ မလှုပ်။

လက်သီး နှစ်လုံးစလုံး သူ့ လက်ထဲရောက်လာမှ သူသည် ငါးတစ်ကောင်ကဲ့သို့ လျှောထွက်သွားသည်။

လက်သီး နှစ်လုံးသည် ရှောက်မာကို ထိသွားသည်ဟု ထင်မှတ်ရ၏။

အနီးကပ်မှ ရှောက်မာက တိမ်းရှောင်သွားခြင်း ဖြစ်သည်။

'ဖျောက်...'

အသံတစ်ခု ထွက်ပေါ်လာသည်။

အသံနှင့်အတူ ဝမ်ယန်ထေ၏ လက်သီးက ဝမ်ယမ်းကန်း၏ လက်သီးကို ထိမိသွားသည်။

ထွက်ပေါ်လာသည့် အသံ က ကြောက်မက်ဖွယ် ကောင်းလှသည်။

သို့သော်...

လူ ... ကြီး နှစ် ... သို့ ... လုံး ဝ ... ခြင်း မရှိပါချေ။

သူတို့သည် မှားမှာမတ်မတ် ရပ်နေကြသည်။

ခက်ထန်သော မျက်နှာကြီးများအား ဝေဒနာကြောင့် ရှုံ့တွနေ၏။

နှစ်ယောက်စလုံး ချွေးဒီးဒီး ကျလာသည်။

သို့သော်....

မည်သူကမျှ မညည်းညူပါချေ။

ရှောက်မာသည် ရှောင်ထွက်သွားပြီးနောက် ချက်ချင်း ပြန်လှည့်လိုက်၏။

တစ်ဆက်တည်း ဝမ်ယမ်းထေ့၏ ညာဘက်နံစောင်းကို လက်သီးတစ်လုံး ပစ်သွင်းလိုက်၏။

ဝမ်ယမ်းထေ့ လဲကျမသွားပါချေ။

သူ့တွင် ဒဏ်ရာမရသော လက်သီးတစ်ဘက် ရှိနေသေးသည်။

ထိုလက်သီးဖြင့် ရှောက်မာကို တုံ့ပြန်လိုက်၏။
ရှောက်မာ၏ လက်သီးကို တုံ့ပြန်လိုက်ခြင်းဖြစ်၏။
ရှောက်မာက လက်ကို ပြန်မရုတ်ပါ။
ရှောင်တိမ်းခြင်းလည်းမပြု။
တစ်ရှိန်ထိုး ထိုးတတ်သောအကျင့် ရှိသည်။





'ဖျောက်'
လက်သီးချင်း ထိမိသံက ပြင်းထန်စွာ ထွက်ပေါ်လာ၏။

သည်တစ်ကြိမ် ပို၍ပြင်းထန်၏၊ ပို၍ ကြောက်စရာကောင်းသည်။

လက်သီးချင်း ထိသံက သစ်ကိုင်းကျိုး သံကဲ့သို့ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ရှောက်မာ၏ ခန္ဓာကိုယ်မှာ လေထဲသို့ လွင့်စဉ်သွားသည်။ လေထဲတွင် နှစ်ပတ်သည်ပြီးမှ ရှောက်မာ ပြန်ကြလာ၏။

ဝမ်ယမ်းထေ့က မတ်တတ်ရပ်နေဆဲပင်။
သို့သော်....

အချိန်မရွေး လဲကျလာမည့် ဟန်မျိုးပင်။

သူ့တစ်ကိုယ်လုံးသည် ဝေဒနာကြောင့် တုန်ယင်နေသည်။ ဇောချွေးပြန်နေသည်။

သူ့လက်တစ်ဖက်အား အောက်သို့ တွဲလောင်းကျနေသည်။ လက်ခုံအရိုး ကြေမွနေပြီဖြစ်ကြောင်း ထင်ရှားနေသည်။
သူသည် သေချင်သေသွားပါစေ သိက္ခာတော့ အကျမခံနိုင်။

သူ့ကြောင့် သူ့သခင်မျက်နှာပျက်ရမည့်အဖြစ်မျိုး အဖြစ်မခံနိုင်။

နေသွား သည့်တိုင် မတ်တတ်ရပ်လျက် အသေခံမည်။

ဒါက သူ့ဆုံးဖြတ်ချက်။

ဝမ်ယန်းအထ မလှုပ်ရှားနိုင်တော့ချိန်တွင် ဝမ်ယမ်းကန်းက ရှောက်မာကို မျက်ထောင့်နီဖြင့်ကြည့်ရင်း ရှောက်မာထံသို့ တစ်လှမ်းချင်းလှမ်းလာသည်။

ဝမ်ယမ်းကန်းတွင် လက်သီးတစ်ချက်ကျန်သေးသည်။

သူကဆက်လက်တိုက်ခိုက်မည်သာပင်။

တိုင်းပြည်အပေါ် သစ္စာရှိသော စစ်သည်တော်သည် အချုံး နှင့် ရင်ဆိုင်ရသည့်တိုင် ဆက်လက်တိုက်ပွဲဝင်ကာ အသေခံသွားမည်သာဖြစ်သည်။

ဝမ်ယန်းကန်းကလည်း ထိုသဘောတရားအတိုင်းပင်၊

သူ့သခင်က သူ့ကို မြှောက်စားခဲ့သည်။

ဂုဏ်သိက္ခာကိုတင်ခဲ့သည်။

သူတို့အစွမ်းအစကို ဖော်ကြူးခဲ့သည်၊
သည်တော့ အသေခံတိုက်ရမည်ဟု ဆုံးဖြတ်သည်။
ရှောက်မာ ကြိတ်၍ သက်ပြင်းရှိုက်လိုက်မိသည်။
သူသည် ထိုလူမျိုးကို လေးစားကြည်ညိုသည်။
သို့သော်...





ယခုအချိန်တွင် သူ့အတွက်ရွေးစရာလမ်း မရှိတော့ပါချေ။

ရှေ့ဆက်ရန်သာရှိသည်။

ဝမ်ယန်းကန်း သူ့ထံမရောက်မီမှာပင် သူက ရှေ့သို့ပြေးဆင်းကာ ညာလက်သီးတစ်လုံး ပစ်သွင်းလိုက်၏။

သူသည် ဝမ်ယန်းကန်း၏လက်ကို ထိုးခြင်းမဟုတ်။

ဝမ်ယန်းကန်း၏နှာခေါင်းကို မှန်းဆကာ ထိုးလိုက်ခြင်းဖြစ်သည်။

လူသန်ကြီး၏နှာခေါင်းကို ထိုးခြင်းမှာ လွယ်ကူသောကိစ္စမဟုတ်။

ရှောက်မာသာ ရန်သူ၏နှာခေါင်းကို ထိုးသည်မှာ အကျင့်ရှိလေသည်။

ထို့ကြောင့်...

နှာခေါင်းကိုဦးတည်၍ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်၊
ထို့ပြင်

သူသည် သူကြည်ညိုသောသူ၏ လက်တစ်ဘက်ကို ချန်ထားပေးချင်သည်။
ထို့ကြောင့်...

သူသည်လက်ချင်းမဆိုင်ဘဲ နှာခေါင်းကိုထိုးလိုက်ခြင်း ဖြစ်သည်။

ရှောက်မှာ၏လက်သီးက လွဲချော်သွားခြင်း မရှိပါ၊

အလွန်မြန်ပြီး အလွန်တိကျသော ရှောက်မှာ၏လက်သီးကို ဝမ်ယန်းအန်း ရှောင်တိမ်းချိန်မရလိုက်။

ရှောက်မှာ၏လက်သီးသည် ဝမ်ယန်းကန်း၏နှာခေါင်းပေါ်သို့ အန်းဝင်သွားတော့သည်။



## အခန်း (၅၀)

'ခွပ်'

'အား'

မည်မျှသတ္တိရှိသည်ဖြစ်စေ၊ နှာကျင်မှုဝေဒနာကို ခံစားရပါက မအော်ညည်းဘဲမနေနိုင်ပါချေ၊

စိတ်ဓာမအော်ချင်သည့်တိုင် နှုတ်ကအလိုလိုအော်မိသည်သာပင်။

ဝမ်ယန်းအန်း၏မျက်နှာမှာ ချက်ချင်းသွေးသံရဲရဲ ဖြစ်သွားသည်၊

သူ့နှာခေါင်းမှာ ကြေမွသွားသည်၊

သူ့မျက်စိထဲတွင် ကြယ်ပွင့်များ ဟိုသည်ဖြတ်ဖြတ်ပြေးသွားသည်ကို မြင်လိုက်ရ၏။

သူသည် တစ်ဘက်လူကိုမြင်နိုင်စွမ်းမရှိတော့ပါချေ။
သို့သော်...
သူသည် မီးကုန်ယမ်းကုန် ဆက်၍တိုက်ခိုက်ချင်သည်။
သူသည်ယိုင်ထိုးသွားရာမှ ကိုယ်ကိုပြန်မတ်လိုက်သည်။
သူသည် ရှောက်မာရှိရာသို့ မှန်းဆ၍ကြည့်လိုက်၏။

ရှောက်မာကလည်း ဝမ်ယန်းကန်းပြန်လည်တိုက်ခိုက်တော့မည်ကို သိလိုက်သည်။

သူသည် ထိုအခွင့်အရေးမျိုးကိုမပေးနိုင်။

ထိုသူသည် သူ့သခင်အတွက် အာခံမည့်သူ ဖြစ်လေသည်။

ရှောက်မာ ထိုသို့အဖြစ်မခံနိုင်။

တိုက်ခိုက်ခွင့်မပေးနိုင်။

သူတို့တိုက်ပွဲ၏အနိုင်အရှုံးသည် လက်သီးတစ်ချက်သာဖြစ်သည်။

ရန်သူအား လက်သီးတစ်ချက်ကိုဦးသွားသည်နှင့် ရှောက်မာအတွက် တစ်သက်စာဖူလုံသွားနိုင်သည်။

ရှောက်မာသည် ဝမ်ယန်းကန်းဘေးဘက်မှနေ၍ ဝမ်ယင်းဆန့်ထံသို့ ခုန်ဝင်သွားသည်။





တစ်ဆက်တည်း ဝမ်ယန်းကန်း နှာထင်ကိုလက်သီးဖြင့် ထိုးလိုက်သည်။
'ခွပ်'
'ဝုန်း'
ဝမ်ယန်းကန်း လုံးဝမဟန်နိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ ကျသွားသည်။

ဝမ်ယန်းတေ့ကမူ မတ်တတ်ရပ်နေဆဲပင်။

ဝမ်ယန်းတေ့၏မျက်နှာတွင် ချွေးများအပြင် မျက်ရည်များ ရောနှောလျက်ရှိသည်။

သူသည် အရှုံးနှင့်ရင်ဆိုင်ရသဖြင့် ဝမ်းနည်းကြေကွဲနေကြောင်း ထင်ရှားနေသည်။

လူသည် အနိုင်ရသည့်အခါ ပျော်ရွှင်နေတတ်သကဲ့သို့ အရှုံးနှင့် ရင်ဆိုင်ရသည့်အခါ ဝမ်းနည်းကြေကွဲတတ်သည်။

ဝမ်ယန်းတေ့သည်လည်း လူသားတစ်ယောက်ပင်။

ထို့ကြောင့်...
သူသည်လည်း အရှုံးနှင့်ရင်ဆိုင်ရသောအခါ ဝမ်းနည်းကြေကွဲရလေပြီ။
ရှုံးလျှင် သေရုံသာရှိသည်။

သူသည် ဝေဒနာကခံစားနေရသဖြင့် သေလည်းသေချင်နေသည်။

သို့သော်....

ဘကြီးကြူးက သေခွင့်မပေးလျှင် မသေဝံ့။

သည်အထိ သူသည် သခင်အပေါ်တွင်သစ္စာကြီးသည်။

လူသားတစ်ယောက်သည် လူသားတစ်ယောက်အပေါ် သစ္စာကြီးသည်မှာ လေးစားမှုလွန်ကဲသောကြောင့်ပင် ဖြစ်လေသည်။

ဝမ်ယန်းထေ့သည် ဘကြီးကြူးကို ကိုးကွယ်ရာအရှင်သခင်အဖြစ် သတ်မှတ်ထားသူဖြစ်၏။

ထို့ကြောင့်....

သူသည် နေရာမှာပင်ချပ်လျက် ဝေဒနာကို တင်းခံနေလေသည်။

ရှောက်မာအား သူ့ကိုသတိလစ်သွားအောင် လက်သီးဖြင့် ပြေးထိုးစေချင်သည့် ဆန္ဒလည်းရှိနေသည်။

သို့သော်....

ရှောက်မာအား သူ့ဆန္ဒကိုဖြည့်ဆည်းမပေးပါချေ။

ရှောက်မာသည် တစ်ဖက်သတ်အနိုင်ယူတတ်သူမဟုတ်။





ရှောက်မာ လိုက်ကာရှိရာဘက်သို့ လှည့်လိုက်သည်။

ဘကြီးကြူးသည် လိုက်ကာနောက်ကွယ်တွင် ထိုင်နေသည်။

'ခင်ဗျား ဘာကြောင့် အခုလိုလုပ်ချင်ရတာလဲ'

ရှောက်မာအား မေးလိုက်သည်။

'ဘာကိုပြောတာလဲ'

ဘကြီးကြူးက ပြန်မေးသည်။

'ခင်ဗျား သူတို့ကိုအစောကြီးကတည်းက တားဖို့ကောင်းတယ်၊ သူတို့မှာ အခွင့်အလမ်းမရှိဘူးဆိုတာ အစောကြီးကတည်းက သိဖို့ကောင်းတယ်'

ဘကြီးကြူးက ဘာမှမပြောဘဲ ငြိမ်သက်နေသည်။

အမှန်ဆိုလျှင် လူသန်ကြီးနှစ်ယောက်က ပထမအကြိမ် ရှောက်မာကို လက်သီးဖြင့်ထိုးစဉ်ကပင် ဘကြီးကြူး အခြေအနေကို ရိပ်စားမိသင့်သည်။

'ဒါပေမယ့် ခင်ဗျားက လုံးဝမတားဘူး၊ သူတို့သေသွားတာကို ကြည့်ချင်တယ်ပေါ့'

ရှောက်မာက ဆက်ပြောသည်။

'အသုံးမကျတဲ့သူတွေ သေသွားတာဟာ နှမြောစရာမဟုတ်ပါဘူး'

ဘကြီးကြူးက ပြန်ပြောသည်။
သူ့အသံက အေးစက်စက်ထန်နေသည်။
ချိန်းယံသည် ရှေ့သို့ပြေးတက်ပြီး ဘကြီးကြူး၏ နှာခေါင်းကို ထိုးပစ်လိုက်ချင်သည်။

အဆယ်၍ ဘကြီးကြူးတွင် အသက်တစ်ချောင်းသာရှိသည်။

ဘကြီးကြူး၊ တစ်ယောက်တည်းသာရှိသည်ဆိုပါက ထိုသို့ ပြုလုပ်မိမှာ သေချာသည်။

ယခု သူ့အနေဖြင့် တင်ဇွတ်ထိုးလုပ်၍မဖြစ်ပါချေ။

သူ့အသက်ကို ဂရုစိုက်ရသကဲ့သို့ သူ့လူများ၏ အသက်ကိုလည်း တန်ဖိုးထားရပေမည်။

'အမှန်ပြောရရင် သူတို့ဟာ မင်းအသက်ကို အသေသတ်နိုင်တယ်'

ဘကြီးကြူးက ပြော၏။

'ဒါဖြင့် ဘာဖြစ်လို့ အသေမသတ်တာလဲ'

'သူတို့ညံ့လို့ပေါ့၊ သူတို့ဟာ မင်းကို လျှော့တွက်ထားကြတယ်၊ အစွမ်းကုန်ထုတ်မသုံးလိုက်ဘူး၊ ဒါ သူတို့ညံ့တဲ့အချက်ပဲ၊ ရန်သူကို ဘယ်တော့မှ လျှော့မတွက်ရဘူးဆိုတာ သူတို့





နားလည်ပုံမရဘူး၊ သူတို့ဟာ ပညာတတ်ပေမယ့် လူ့အတွေး အတွေးအခေါ် မရှိဘူး'

ရှောက်မာက ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။
ဘကြီးကြူးက ဆက်၍ပြော၏။

'အရှုံးအနိုင်ဆိုတာ ဆံချည်မျှင် တစ်မျှင်လောက်ပဲ ကွာတယ်၊ မင်းဒါလောက် စွန့်စွန့်စားစား လုပ်ဝံ့မယ်လို့ ငါ ကိုယ်တိုင်ကလဲ ယုံဝမျှော်လင့်မထားတာ အမှန်ပဲ'

'ကိုယ့်အသက်ကို နှမြောရင် ဒီလိုပဲ လုပ်ရမှာပဲ၊ အသက်ထက် သိက္ခာကလဲ အရေးကြီးသေးတယ်'

ရှောက်မာက ပြန်ပြောလိုက်သည်။
'မင်း တော်တော်သတ္တိကောင်းပါလား'

'ကျုပ်က သတ္တိကောင်းပြီးသားပဲ၊ သတ္တိမကောင်းခဲ့ရင်လဲ ဒါလောက်အထိ အသက်ရှည်ချင်မှရှည်မယ်'

ဘကြီးကြူး ခေတ္တငြိမ်နေသည်။
ပြီးတော့မှ...
'ထိုင်ပါ'
အသံပြုလိုက်သည်။

ရှောက်မာက နောက်သို့လှည့်ကာ ကျားသားရေဖုံး ထိုင်ခုံတွင် ထိုင်ချလိုက်၏။

ထိုအခါကျမှ ဝမ်ယန်းညီနောင်တို့ ရှောင်ထွက်သွားကြသည်။

ကြမ်းပြင်ပေါ်တွင် ကျနေသော သွေးများကိုလည်း မမြင်ရတော့ပါချေ။

ဤနေရာတွင်ရှိနေသော သူများသည် အလုပ်လုပ်ရာတွင် သေသပ်လှပါသည်။

ဝါချင့်ဖယ်သခင်ကြီး စစ်ဒါးရိုပ်သကဲ့သို့ သေသပ်လှသည်။

ဘကြီးကြူးသည် ဘာစကားမှမပြောသေးဘဲ ငြိမ်နေသည်။

အတန်ကြာတော့မှ ဘကြီးကြူးက...

'ဒီဘစ်ခါထိုင်ခိုင်းတာ မင်းလုပ်ခဲ့တဲ့ကိစ္စကြောင့် ထိုင်ခိုင်းတာမဟုတ်ဘူး၊ မင်းရဲ့လက်သီးကြောင့် ထိုင်ခိုင်းတာ'

'ကျုပ် သဘောပေါက်တယ်'

'မင်းလက်သီးကိုတော့ ငါအသိအမှတ်ပြုလိုက်ပါပြီ'

'ခင်ဗျား ကျုပ်လက်သီးကို အခုထက်ထိ လက်မခံသေးဘူးလား'

ရှောက်မှာက မေးလိုက်သည်။





'မင်းလက်သီးနှစ်လုံးဟာ အကောင်းဆုံး လူသတ်လက်နက်ပဲ၊ ဒါကို ငါနားလည်ပါတယ်'

'ကျေးဇူးတင်ပါတယ်'

'ဒါပေမယ့် လူသတ်လက်နက်တိုင်းဟာ ကိုယ့်ရဲ့အဖော်မွန်လို့ သတ်မှတ်ထားလို့ရတာ မဟုတ်ဘူး'

'ကိုယ့်အသက်ကို အကာအကွယ်ပေးတာတာ ကိုယ့်အဖော်မွန်ပေါ့'

'မဟုတ်သေးပါဘူး'

ဘကြီးကြူးက ပြင်းလိုက်၏။

ရှောက်မှာ ဘာမှဆက်မပြောဘဲ ငြိမ်နေလိုက်၏။

'ရေဆိုတာ လှေကို ခရီးတွင်စေနိုင်တယ်၊ ဒါပေမယ့် လှေကိုလဲ မှောက်ပစ်နိုင်တယ်၊ လူသတ်လက်နက်ဆိုတာ ကိုယ့်နားမှာ ထားပေမယ့် ကိုယ့်အပေါ် သစ္စာရှိချင်မှရှိတယ်၊ သစ္စာရှိဖို့ဆိုတာ မသေချာဘူး၊ ဒါဆိုရင် ပိုပြီးအန္တရာယ် မများဘူးလား'

'ကျုပ် ဘယ်လိုလုပ်ပြမှ ခင်ဗျားက ကျုပ်အပေါ် ယုံကြည်မှာလဲ'

'ဘာပဲပြောပြော ငါ့အနေနဲ့ အချိန်ယူပြီးစဉ်းစားရမှာပဲ'

'စဉ်းစားစရာ မလိုပါဘူး'

'ဘာဖြစ်လို့'

'ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားမှာ စဉ်းစားဖို့အချိန် ရှိပေမယ့် ကျုပ်မှာမရှိဘူး၊ ခင်ဗျား အကူအညီ မပေးနိုင်ဘူးဆိုရင် ကျုပ်က ထွက်သွားရုံပဲရှိတယ်'

'မင်းသွားချင်တိုင်း သွားလို့ရမယ်ထင်သလား'

'ကျုပ်မှာ ခြေထောက်ပါတာပဲ'

'မင်းခြေထောက်ဟာ ဒီနေရာမှာ ဘာမှ အသုံးမဝင်ဘူး၊ ဒီနေရာဟာ ဝင်ချင်တိုင်း ဝင်၊ ထွက်ချင်တိုင်းထွက်လို့ ရတဲ့ နေရာမှတ်သလား'

'ကျုပ်ဟာ ဝင်လို့ရခဲ့တာပဲ၊ ထွက်လို့လဲ ရရမှာပေါ့'

'မင်းထင်သလား'

'ဘာဖြစ်ဖြစ် စမ်းကြည့်ရမှာပဲ'

ရှောက်မာက ပြန်ပြောလိုက်သည်။

'ဟား ဟား ဟား…'

သူကြီးကြူးက အသံထွက်အောင်ပင် ရယ်လိုက်လေ၏။

'ခင်ဗျား မယုံဘူးလား'





'ငါယုံတာ မယုံတာ အသာထားပါ၊ မင်း မိတ်ဆွေတွေကိုလဲသွားကြည့်ပါဦး၊ မင်းမိတ်ဆွေတွေကိုကြည့်ပြီးမှ သွားချင်သွားပေါ့'

ရှောက်မာ ငိုင်သွားသည်။

တစ်ကိုယ်လုံး အေးစက်လာသလို ခံစားလာရသည်။

သူ့မိတ်ဆွေများသည် မည်သည့်နေရာသို့ ရောက်နေသနည်း။

'ဘယ်သူ့ကိုကြည့်ဖို့ပြောနေတာလဲ'

ရှောက်မာက မေးလိုက်သည်။

'မင်းက လက်ဆောင်လာပေးတဲ့ သူထဲမှာ ပထမလူမဟုတ်ဘူး၊ အခြားလူကလဲပဲ မင်းလိုစိတ်ကူးခဲ့တယ်'

'ဘယ်သူ့ကို ဘာလက်ဆောင်ပေးတာလဲ'

'ဓားတစ်ချက်'

'ချွန်ဖဲ့ ဖီလား'

'ဟုတ်တယ်'

ချွန်ဖဲ့ ဖီသည် သူကဲ့သို့ စိတ်ကူးရှိသူပါလား။

ယခု သူ ဘယ်ရောက်နေသနည်း။

'ယခု သူ ဘယ်မှာလဲ'

ရှောက်မာက သူသိချင်သည်ကို မေးလိုက်၏။

'သူရောက်လာတာက မင်းသက်ပိုစေတယ်၊ ဒါပေမယ့် မင်းကို အလျင်ခေါ်လိုက်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက မလိမ်တတ်လို့ဘဲ'

ရှောက်မာ ငိုင်သွားပြန်သည်။

'ထိုင်ပါ'

ဘကြီးကြူးက ပြောလိုက်သည်။

ရှောက်မာ ပြန်ထိုင်ချလိုက်သည်။

ချန်ဖဲ့ဖိ ရောက်နေမှတော့ ရှောက်မာ မည်သို့ ပြန်ထွက်သွားနိုင်ပါမည်နည်း။

မိမိသည် ဘကြီးကြူး ချုပ်ကိုင်မှု အောက်တွင် လုံးလုံးလျားလျား ရောက်သွားပြီဟု ရှောက်မာ တွေးလိုက်မိသည်။

'ဒူ....ဟူ....ဟူ'
မောင်းသံထွက်ပေါ်လာသည်။
တံခါးပွင့်သွားပြန်သည်။
ချန်ဖဲ့ဖို တံခါးဝတွင် ပေါ်လာသည်။

ချန်ဖဲ့ဖိသည် လွန်ခဲ့သော နှစ်ရက်ကထက် ဆယ်နှစ်ခန့် ပို၍အိုသွားသလား မှတ်ရသည်။





တစ်ညတာအတွင်း သူသည် မည်သည့်ကိစ္စ ကြုံခဲ့သနည်း။ မည်သည့်အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရသနည်း။

အေးအန္တရာယ် မည်မျှတွေ့ခဲ့သနည်း။

ရှောက်မာသည် ချန်ဖဲ့ဖိကို မြင်လိုက်သည်နှင့် နှစ်ကြာမြင့်စွာ ကွဲကွာနေခဲ့သည့် မိတ်ဆွေတစ်ယောက်နှင့် တွေ့လိုက်ရသကဲ့သို့ ခံစားလိုက်ရသည်။

ရှောက်မာသည် ချန်ဖဲ့ဖိကိုကြည့်ရင်း မျက်ရည် ကျမိအောင် မနည်းထိန်းထားရသည်။

ချန်ဖဲ့ဖိသည် အသက်ဝိညာဉ် ကင်းမဲ့နေသကဲ့သို့ ငြိမ်သက်နေသည်။

ရှောက်မာကို အေးစက်စက် အသွင်ဖြင့် ကြည့်နေသည်။

အတန်ကြာတော့....

'မင်းလဲလာတယ် မဟုတ်လား'

အေးစက်စက်လေသံဖြင့် မေးသည်။
'ဟုတ်တယ်...ကျုပ်လဲ လာတယ်'
'မင်းရဲ့အခြေအနေ ကောင်းရဲ့လား'
'ကောင်းပါတယ်'
ရှောက်မာက ဖြေလိုက်သည်။

'မင်း ဘယ်တုန်းက ရောက်တာလဲ'

ချန်ဖဲ့ဖိက ဆက်၍ မေးသည်။

'စောစောကပဲ ရောက်တယ်'

'ဘယ်လိုရောက်လာတာလဲ'

'ကုန်သည်ကြီး လိုက်ပို့တာ'

'သူက ခပ်လွယ်လွယ် လိုက်ပို့တာပဲလား'

'အခက်အခဲတော့ ရှိတာပေါ့'

'ဘယ်တွေ ရောက်ခဲ့သေးလဲ'

'နေမင်းစေတမန်ဆီ ရောက်ခဲ့တယ် ဓာတ်ဒီကို တွေ့ခဲ့တယ်'

'သူ့ အခြေအနေ ကောင်းသလား'

ရှောက်မာ ခေါင်းခါပြလိုက်သည်။

ချန်ဖဲ့ဖိ ဆက်မမေးတော့။

အခန်းထဲသို့ တစ်လှမ်းချင်း လျှောက်လှမ်းဝင်လာသည်။

သူသည် ဘာစကားမျှ မပြောတော့သည့်အပြင် ရှောက်မာကို လှည့်၍လည်း မကြည့်တော့ပေ။

ရှောက်မာ ပါးစပ်ပိတ်ထားလိုက်ရသည်။

သူသည် ချန်ဖဲ့ဖိအကြောင်း ကောင်းကောင်းသိသည်။





ယာမန်အချိန်မျိုးဆိုလျှင် သူသည် မည်းလည်း မည်းသည်။ အေးလည်း အေးစက်သည်။

မာလည်းမာသည်။

မီးစွဲလောင်ချိန်တွင် 'အခြားလောင်စာထက် ပို၍ ပူတတ်သည်။

ပူရှိန်သာမက ကြာရှည်လည်းခံသည်။

ကျောက်မီးသွေးသည် မီးစွဲလောင်ရာတွင် မီးညွန့်ဘက်ချင်မှ တက်မည်။

သို့သော်....

ထွက်ပေါ်လာသော အပူငွေ့သည် အခြားအပူငွေ့များ ထက် ပူလောင်သည်။

ချန်ဖဲ့ဖိသည်လည်း ကျောက်မီးသွေးလိုပင်။

သူ၏ ဒေါသမီးသည် အခြားသော ဒေါသမီးများထက် ပူလောင်သည်။

သူသည် ရှောက်မာထက် အသက်ကြီးသည်။

သို့သော်....

ရှောက်မာကို အလွန်ခင်သည်။

သူသည် မည်သူ့ကိုမျှ ဂရုစိုက်လေ့မရှိသော်လည်း ရှောက်မှ၏ သိုင်းပညာကို လေးစားသည်၊

သူသည် မည်သူ့ကိုလည်း သည်းခံလေ့ မရှိသော်လည်း ရှောက်မာကို သည်းခံသည်။

ယခုလည်း သူသည် ရှောက်မာကြောင့် ဤခရီးကို ပါခဲ့ရခြင်း ဖြစ်သည်။

တစ်ချိန်က ရှောက်မာသည် သူ့ကို ကူညီခဲ့ဖူး၏။

ချန်ဖဲ့ဖိ လူတစ်စုနှင့် တိုက်ခိုက်နေစဉ် ရှောက်မာက ဝင်ရောက်တိုက်ခိုက်ခဲ့၏။

သည်တတည်းက သူတို့နှစ်ယောက် ခင်မင်[illegible]းခဲ့၏။

သို့ရာတွင် စကားပြောကတော့ ဆင့်မြတ်လှသည်မရှိ။

တစ်ယောက်နှင့်တစ်ယောက် ဆတ်မည် ပွတ်မည် လုပ်ရင်း မိတ်ဆွေဆက် ရှည်ခဲ့ကြသည်။

ချန်ဖဲ့ဖိ ဤနေရာသို့ ရောက်နေသည်။
အခြားလူများက မည်သည့်နေရာသို့ ရောက်နေပါသနည်း။

သူတို့ ဘေးမသီ ရန်မခ ရှိနေသည်လား။
သို့မဟုတ်....

ဘေးန္တရာယ်နှင့် ရင်ဆိုင်နေရသည်လား။





ရှောက်မာ ဘာမှမသိရသေး။
ချန်ဖဲ့ဖိသည် လိုက်ဘာကို မျက်နှာမူလျက်ရှိသည်။
သူသည် ရှေ့ဆက်လျှောက်သွားပါက သူ့စိတ်ကို သူထိန်းနိုင်တော့မည် မဟုတ်ပါချေ။

ဘကြီးကြူးသည် စောစောကအတိုင်းပင် ထိုင်နေသည်။

ချန်ဖဲ့ဖိက ဘကြီးကြူးပြောလာမည့် စကားကို စောင့်နားထောင်နေသည်။

ဘကြီးကြူးက စကားစသည်။

'မင်း လူသတ်တတ်တယ် မဟုတ်လား'

'လူသတ်ရုံတင် ဘယ်ကမလဲ၊ လူမိုက်တွေရဲ့ အခရေခွံကိုလဲ နွှာတတ်တယ်'

ချန်ဖဲ့ဖိက ပြန်ပြောလိုက်၏။
ဘကြီးကြူးက....

'မင်း ဘယ်လိုလူမျိုးကို သတ်နိုင်သလဲ'

'ခင်ဗျားလက်အောက်တွေထဲမှာ လူသတ်တတ်တဲ့ လူတွေ ရှိနေတာပဲ၊ တချို့လူကို သူတို့သတ်လို့ မရဘူး၊ ဒါပေမယ့်ကျုပ် သတ်လို့ရတယ်'

'မင်းက ကိုယ့်ကိုကိုယ် အတော်ယုံကြည်နေပုံရတယ်'

'ဒါပေါ့'

'ကိုယ့်ကိုယ်ကို အတော်လဲ အထင်ကြီးပုံရတယ်'

'ကျုပ်ကိုကျုပ် အထင်ကြီးရမှာပေါ့၊ ကျုပ်အစွမ်း ကျုပ် သိနေတာပဲ'

'ဒါပေမယ့် ပါးစပ်က ဘယ်လောက် စကားပြောတတ်ပါစေ၊ လူကိုတော့ သတ်လို့ မရပါဘူး'

'ကျုပ်ကတော့ ရတယ်'

'လူတိုင်းကိုလား'

'ဟုတ်တယ်'

'ဒါနဲ့များတောင် ငါ့ဆီကို ဘာဖြစ်လို့လာရတာလဲ'

'အကြုပ်ကိုင်ခံရလို့ပေါ့'

'မင်းကလူကို ဘယ်လိုသတ်သလဲ'

'ကျုပ်မှာ ဓားရှိတယ်လေ'

'ဓားက ဘယ်မှာလဲ'

လူတွေ ရှုတ်တရက် မမြင်နိုင်တဲ့ နေရာမျိုးမှာရှိတယ်၊ လူသတ်ဖို့ လိုအပ်လာပြီဆိုရင်တော့ ဓားအဲလူရဲ့ လည်ပင်းပေါ် ချက်ချင်းရောက်သွားတယ်'





ဘကြီးကြူးက အတန်ကြာမျှ ငြိမ်သက်နေသည်။

'ထိုင်ပါ'

အထိုင်ခိုင်းလိုက်၏။

## အခန်း (၂၁)

ရှောက်မာ ထိုင်သောထိုင်ခုံမှာ ကျားသားရေဖြင့် မွမ်းမံထားသော ထိုင်ခုံဖြစ်သည်။

ထိုထိုင်ခုံမှာ ရိုးရိုး ထိုင်ခုံမဟုတ်။
သို့သော်....

ရှင်ဘုရင်ထိုင်သော ထိုင်ခုံလည်း မဟုတ်ပါချေ။
သို့သော်....
သူထိုင်နေသော ထိုင်ခုံမှာ ကြီးမားလှသည်။
တစ်ဘက်တစ်ချက်တွင် လက်တန်းရှိသည်။
ထိုထိုင်ခုံတွင် ထိုင်မိသူသည်တိမ်ပေါ်ထိုင်မိသည်လား ဟုပင် ထင်မှတ်မှားရလေသည်။





တိမ်သည် အလိုလိုရွေ့လျားတတ်သော အရာဖြစ်သည်။
သို့သော်....

ထိုင်ခုံက အလိုလိုမရွေ့လျားနိုင်ပါချေ။
မည်သည့်ထိုင်ခုံမဆို ထိုအတိုင်းပင်ဖြစ်သည်။

ယခုထိုင်ခုံသည် ပျံသန်းလာသလော၊ မှတ်ရမည်၊
အလိုလိုရွေ့လျားလာသည်ဟု အထင်မှားစရာရှိသည်။

မည်သူအမျှ ထိုင်ခုံ မ လာသည်ကို မမြင်ရပါချေ၊
စင်စစ်....

ထိုင်ခုံသည် သူ့အလိုလို ရွေ့လျားလာသည်၊
လူတစ်ယောက်က မ လာခြင်းဖြစ်သည်။

သို့သော်....
ထိုလူကို လုံးဝမမြင်ရပါ။

ထိုင်ခုံ ရွေ့လျားလာသည်ကိုသာ မြင်နေရသည်၊

ထိုင်ခုံ မ လာသူတို့မှာ ကိုယ်ပျောက်၍လော။

မဖြစ်နိုင်၊
ဖြစ်နိုင်သည်က ထိုင်ခုံမ လာသူတို့မှာ အလွန်သေးကွေးသောကြောင့်ပင် ဖြစ်သည်။

သူတို့သည် အသက် ခုနစ်နှစ် ရှစ်နှစ်ခန့် ရှိသောသေးသေး ကလေးနှင့် တူနေသည်။

သို့သော်....

သူတို့သည် အလေးမဟုတ်။

သူတို့မျက်နှာပေါ်တွင် အရေးအကြောင်းရှိသည်။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများသည်း ရှိသည်။

သူတို့၏ခေါင်းတွင် ခေါင်းစည်းကြိုးများ ပတ်ထား၏။

ကျန်တစ်ယောက်က ငွေခေါင်းစည်းကြိုးပတ်ထားသည်။

ထိုင်ခုံကို ချလိုက်တော့မှ သူတို့ကို ရှောက်မသတ္တိဗ မြင်နိုင်တော့သည်။

'ခါးမှန်သမျှ လူကို အနာတရ ဖြစ်စေနိုင်တယ်၊ဟုတ်တယ် မဟုတ်လား'

ဘကြီးကြူးက လှမ်းပြောသည်။

'ဟုတ်တယ်'

ချန်ဖဲ့ဖိုက ပြန်ပြောလိုက်သည်။

'တစ်လက်မပိုရှည်ရင် တစ်လက်မ ပိုသာတယ်၊ တစ်လက်မ ပိုတိုရင် တစ်လက်မ ပိုအန္တရာယ်များတယ်၊ ဟုတ်တယ်မဟုတ်လား'





'ဟုတ်တယ်'

'ကြောက်စရာ ကောင်းသလား မကောင်းဘူးလားဆိုတာ အတိုအရှည်က အဓိကကျသလား'

'ကျတယ်၊ ကျလဲ မကျဘူး'

'ဘာကြောင့်လဲ'

'ပညာချင်းတူရင် အတိုအရှည်က အဓိကကျတယ်၊ ပညာချင်းကွာရင် အတိုအရှည်က အဓိက မကျတော့ဘူး၊ လက်နက်တူတာတောင် ပညာချင်းကွာရင် အဓိကမကျဘူး'

'လူလဲ ဒီအတိုင်းပဲပေါ့'

'ဟုတ်တယ်'

'လူလဲ အတိုအရှည်ဟာ အဓိကကျသလား'

'မကျဘူး'

'သူတို့ဟာ လူပုကလေးတွေပါ၊ ငယ်ငယ်ကတည်းက ခေါင်းကျင့်လာတယ်၊ အခုဆိုရင် သူတို့အသက်ဟာ လေးဆယ့်တစ်နှစ်တောင် ရှိနေပြီ'

ဘကြီးကြူးက လူပုလေးနှစ်ယောက်အကြောင်း ပြောပြသည်။

'ကျုပ်နဲ့ရွယ်တူပေါ့'

'ဟုတ်မှာပေါ့'

ဓားကို အနှစ်သုံးဆယ် သွေးမည်ဆိုပါက ထက်မြက်လှသော ဓားကောင်းတစ်လက် ဖြစ်လာမှာသာပင်။

ဓားသိုင်းပညာကို အနှစ်သုံးဆယ် လေ့ကျင့်မည်ဆိုပါက ထိုသူ၏ပညာသည် မည်သို့ဖြစ်လာပါမည်နည်း။

ထိုသူသည် ဓားသိုင်းပညာတွင် တစ်ဖက်ကမ်းခတ်နေမည်သာပင်။

အတုမဲ့ ဓားသိုင်းပညာရှင် ဖြစ်လာမည်မှာ သေချာနေတော့သည်။

'ကျုပ် သူတို့ကို သိပါတယ်'

ချန်ဖဲ့ဖိက လူပုအလေးနှစ်ယောက်ကိုကြည့်ကာ ပြောလိုက်သည်။

'သိတယ် ဟုတ်သား'

ဘကြီးကြူကြ တအံ့တသြလေသံဖြင့် ပြန်မေးသည်။

ထိုအခါ ချန်ဖဲ့ဖိသ....

'ဟိုတုန်းက ထိပ်သီး ဓားသမားလို့ သတ်မှတ်ခဲ့ရတဲ့ ယန့်နန်ထင်ဆိုတဲ့သူဟာ အရပ်ခုနစ်ပေလောက်ရှိတယ်၊ အရပ်ရှည်





သလောက် သွက်လက်မြန်ဆန်တယ်၊ သူ့ကိုတယ်သူမှ မမီဘူး၊ အံတုလို့ မရဘူး၊ အတုမဲ့ ဓားသမားပဲ'

ယန့်နန်ထင်သည် လူတိုင်းသိသော ဓားသမားဖြစ်သည်။ သိုင်းလောကတွင် အလွန်ထင်ရှားခဲ့သူဖြစ်သည်။

တစ်ကိုယ်တော် ဓားသမားဖြစ်သော်လည်း တပည့်တပန်း အလွန်ပေါသည်။

ယန့်နန်ထင်ကို မည်သူမဆို လေးစားကြည်ညိုသည်။

အထင်ကြီးသည်။

ယန့်နန်ထင်သည် အပြူရောင်ဓားသမားဖြစ်၍ လူတိုင်းအားကြည်ညိုလေးစားခြင်းဖြစ်သည်။

သူ့စကားသည် တစ်ခါတစ်ရံ ယုံရခက်သည်။

အထူးသဖြင့် သတင်းစကားသည် ပို၍ယုံရခက်သည်။

သတင်းစကားတိုင်း ချဲ့ထွင်ပြောတတ်စမြဲပင်။

ယန့်နန်ထင် အရပ်ခုနစ်ပေမြင့်သည်မှာ ဟုတ်ချင်မှဟုတ်မည်။

သို့တစေ....

သူ၏ဂုဏ်အရှိန်အဝါကိုတော့ မည်သူတစ်ဦးမျှ မီအောင်မလိုက်နိုင်ပေ။

'အခုခေတ်မှာ နာမည်ကြီးတဲ့ ဓားသမားတွေလဲ အရပ် သိပ်မြင့်တယ်၊ သူ့ကို လူထွားကြီးလို့ ခေါ်ကြတယ်၊ ဒါပေမယ့် သူ့ပညာက ပိုင်ကျောင်းယိကို မမီဘူး'

ချန်ဖဲ့ဖီက ပြောသည်။

'ဟုတ်တယ်၊ ယန့်နန်ထင်က ပိုင်ကျောင်းယိကို ဆယ်ကြိမ်တောင် ရှုံးတယ်တဲ့'

ဘကြီးကြူးက ပြန်ပြောသည်။

ရှောက်မာအမူ ဘာမှမပြောဘဲ ငြိမ်သက်နေ၏။

'ပိုင်ကျောင်းယိဟာ ခုခေတ်ဓားသမားတွေထဲမှာဆိုရင် အရပ်အမြင့်ဆုံး ဓားသမား မဟုတ်ဘူး'

'ငါသိတာပေါ့'

'ဓားသမားထဲမှာ အရပ်မမြင့်ဆုံး ဓားသမားကတော့ ရွှေငွေ ဓားညီနောင်ပဲ'

ချန်ဖဲ့ဖီက ပြောလိုက်သည်။

ဘကြီးကြူးက...

'မင်း အတော်နှံ့စပ်သားပဲ'

'ရွှေငွေဓားညီနောင်ရဲ့ လက်ချက်နဲ့ သေသွားတဲ့လူဟာ အနည်းဆုံး တစ်ရာလောက် ရှိနေပြီ'





'မင်းပြောတဲ့ အရည်အတွက်က တော်တော် နီးစပ်ပါတယ်'

'သူတို့ရဲ့ဓားဟာ သူတို့ရဲ့ ခေါင်းစည်းကြိုးပဲ၊ ဓားတစ်လက်က ရွှေရောင်၊ ဓားတစ်လက်က ငွေရောင်၊ ရွှေဓားက လေးပေရှည်တယ်၊ လူအပုပြီး ဓားအရှည်တယ်၊ လေထဲမှာ ခုနှစ်ပုံဖိုက်ခိုက်တတ်တယ်၊ ဒီအခါမှာ ဘယ်သူမှ မရှောင်နိုင်ဘူး၊ သေဖို့ဝင်ရတာချည်းပဲ'

'ဟုတ်တယ်၊ ရှောင်နိုင်တဲ့လူက အင်မတန်ရှားတယ်'

ရှောက်မာ၏ စကားကို ဘကြီးကြူးက ထောက်ခံလိုက်သည်။

လူပုကလေးနှစ်ယောက်မှာ မျက်လုံးပေကလပ် ပေကလပ်နှင့်ချန်ဖဲ့ဖီကို ကြည့်နေသည်။

'သူတို့ကို နိုင်ချင်တယ်ဆိုရင် နည်းလမ်းတစ်ခုပဲ ရှိတယ်'

'ဘယ်လိုနည်းလမ်းလဲ'

ဘကြီးကြူးက မေးသည်။

'ဓားလုံး၀ ဆွဲထုတ်လို့မရအောင် လုပ်ရလိမ့်မယ်'

ချန်ဖဲ့ဖီ ပြောသော စကားလုံးသည် အရေအတွက်အားဖြင့် ဆယ့်အုံလုံးသာ ရှိသည်။

ပထမစကားလုံး ထွက်သွားချိန်တွင် ချန်ဖဲ့ဖိက သူ့ဓားကို ဆွဲထုတ်လိုက်ပြီး ဖြစ်သည်။

ဒုတိယစကားလုံး ထွက်သွားချိန်တွင် သူ့ဓားက ရွှေဆောင်ဓားဆောင်သူ၏ လည်မျိုဆီသို့ ရောက်သွားသည်။

တတိယစကားလုံး ရောက်သွားချိန်တွင် သူ့ဓားက ငွေဆောင်ဓား ကိုင်ဆောင်ထားသူ၏ လည်မျိုဆီသို့ ရောက်သွားပြန်သည်။

စတုတ္ထစကားလုံး ရောက်သွားချိန်တွင် သူ့ဓားက ရွှေဆောင်ဓား ကိုင်ဆောင်ထားသူ၏ လည်မျိုဆီသို့ ပြန်ရောက်သွားပြန်သည်။

စကားဆယ့်နှစ်လုံး ပြောမိချိန်တွင် ချန်ဖဲ့ဖိ၏ ဓားသည် ရွှေဓားရှင်နှင့် ငွေဓားရှင်တို့၏ လည်တိုင်ကြားတွင် ခြောက်ကြိမ်စီ ကူးလူးရွှေ့လျားခဲ့ပြီး ဖြစ်၏။

နောက်ဆုံးစကား ထွက်သွားချိန်တွင် ချန်ဖဲ့ဖိ၏ ဓားက ဓားအိမ်ထဲသို့ ပြန်ရောက်သွားပြီဖြစ်၏။

ချန်ဖဲ့ဖို ဓားစွမ်းကို ရှောက်မှာပင်လျှင် အံ့သြတုန်လှုပ်သွားသည်။

ချန်ဖဲ့ဖိ ဓားစွမ်းထက်သည်ကို ရှောက်မှာ သိသည်။





သို့သော်....

သူနှင့် ကွဲကွာခဲ့သည့် သုံးလေးနှစ်အတွင်း ယခုလောက် တိုးတက်နေလိမ့်မည်ဟု မထင်မိပါချေ။

ချန်ဖဲ့ဖိ၏ ဓားစွမ်းက အံ့မခန်းပါတကား။

ရွှေဓား ငွေဓား ညီနောင်နှစ်ဖော်မှာ ငိုင်တိုင်တိုင် ဖြစ်သွားကြသည်။

သူတို့နှစ်ယောက်စလုံး ဓားကို လုံးဝထုတ်ခွင့် မရခဲ့ပါချေ။

အကယ်၍ တစ်ယောက်ယောက်က ထုတ်ခွင့်ရမည်ဆိုပါက လည်း ချန်ဖဲ့ဖိ၏ဓားက ကျန်တစ်ယောက်၏ လည်မျိုကို ဖောက်ထွင်းသွားမည်သာဖြစ်၏။

သူတို့သည် ဝမ်ယန်းညီနောင်ကဲ့သို့ ရိုးရိုးအအမဟုတ်။
ဝမ်ယန်းညီနောင်တို့၏ ဖြစ်ရပ်မှ သင်ခန်းစာကို ရယူထားပြီးဖြစ်သည်။

ထို့ကြောင့်လည်း တစ်ယောက်ယောက်က ဓားကို မထုတ်ရဲခြင်း ဖြစ်သည်။

တစ်ယောက်က ဓားကိုထုတ်လိုက်လျှင် ကျန်တစ်ယောက်မှာ မရှုမလှ သေဆုံးသွားမည်သာဖြစ်သည်။
သူတို့သည် တစ်ယောက်ယောက် သေဆုံးသွားမည်ကိုမမြင်လိုကြ။

တစ်ယောက်ယောက် အဆုံးမခံနိုင်။ နှစ်ယောက်စလုံး သည်း အသေမခံနိုင်။

သူတို့နှင့်ဦးပင် တောချေးများ ပြန်လာသည်။ ချန်ဖဲ့ဗိုကို မျက်လုံးအပြူးသားနှင့် ကြည့်နေသည်။

## အခန်း (၅၂)

ခန်းမတစ်ခုလုံး ငြိမ်သက်သွားသည်။

အပ်ကျသံ ကြားလောက်အောင် တိတ်ဆိတ်သွားသည်။

အတန်ကြာတော့မှ...

'တယ်မြန်တဲ့ ခေါင်းပါလား'

အကြီးကြူးသံ ထွက်ပေါ်လာသည်။

မလွဲမရှောင်သာ ဝန်ခံလိုက်ခြင်းပင်။

ချန်ဖဲ့ဗိုသည် မိမိကိုယ်မိမိ နှိမ့်ချသောအကျင့် မရှိပါ။

မိမိကိုယ်မိမိ နှိမ့်ချလျှင် တစ်ပါးသူက အထင်သေးမည်ဟု ယူဆထားသည်။

စိတ်မတတ်အရှုံသည်၊ သိမ်ငယ်လိမ့်မည်ဟု ထင်ထားသည်။

ရှောက်မသည်၊ ထို့အတူပင်၊

စကားကို ဘယ်တော့မှ နှိမ့်ချပြောလေ့ မရှိ။

စိတ်ဓာတ်မာကျောသလို စကားသံကလည်း အမြဲမာထန်သည်။

'ကျုပ်လက်သီးကလဲ မနွေးပါဘူး'

ရှောက်မာသာ လှမ်းပြောလိုက်သည်။

ထိုအခါ ဘကြီးကြူးက....

'မင်းလက်သီးက မြန်သလား၊ သူ့ခါးက ပိုမြန်သလား'

လှမ်းမေးလိုက်သည်။

'ဒါတော့ ဘယ်သိပါ့မလဲ'

ရှောက်မာက ပြန်ပြောလိုက်သည်။

'မင်းတို့ချင်း စမ်းမကြည့်ချင်ဘူးလား'

'တစ်နေ့နေ့တော့ စမ်းချင်စမ်းရလိမ့်မယ်'

'လောလောဆယ် စမ်းကြည့်ပါလား'

'လောလောဆယ်တော့ မစမ်းနိုင်သေးဘူး၊ လောလောဆယ် ဒါက အရေးမကြီးဘူး'

'ဘာက အရေးကြီးသလဲ'

'ကျုပ်တို့မိတ်ဆွေတွေ ဒီတောင်ကို ရှောရှောရှူရှူ ကျော်ဖြတ်နိုင်ဖို့က အရေးကြီးတယ်၊ နာမကျန်းဖြစ်နေသူတစ်ယောက်





ရဲ့ အသက်ကို ကယ်ဖို့က အရေးကြီးတယ်၊ လူဆိုတာ ကိုယ်တိုင် နာမကျန်းဖြစ်မှ ထိုဒုက္ခကို သိနိုင်တယ်'

'ဟုတ်တယ်၊ ဒီတောင်က ကျုပ်တို့မိတ်ဆွေတွေ ကျော်နိုင်ဖို့က အရေးအကြီးဆုံးပဲ'

ချန်ဖဲ့ဖိကလည်း ရှောက်မာ၏ စကားကို ထောက်ခံလိုက်သည်။

'သူတို့ ဒီတောင်ကို ကျော်ဖြတ်နိုင်မယ်ဆိုရင် မင်းတို့ရဲ့လက်သီးကိုရော ခါးကိုပါ ငါ့ပြအပ်မလား'

ဘကြီးကြူးက မေးလိုက်သည်။

ရှောက်မာက ချန်ဖဲ့ဖိကို လှမ်း၍ ကြည့်လိုက်သည်၊

'အပ်မယ်'

'ဟား....ဟား....ဟား'

ဘကြီးကြူးက အားပါးတရ ရယ်လိုက်သည်၊

'တကယ့်ကို မိတ်ဆွေကောင်း ပီသပါပေတယ်၊ မိတ်ဆွေကောင်း ဆန်လွန်းပါပေတယ်'

ဘကြီးကြူး၏ ရယ်သံသာ ရုတ်တရက် ပေါ်လာပြီး ရုတ်တရက် ရပ်တန့်သွားသည်။

သူရယ်လိုက်ချိန်တွင် လိုက်ကာပေါ်၌ တပ်ဆင်ထားသော ခေါင်းလောင်းငယ်လေးများ အချင်းချင်း ထိခတ်သွားပြီး အသံထွက်ပေါ်လာသည်။

ရယ်သံရပ်သွားတိုင်း ခေါင်းလောင်းချင်း ထိခတ်သံသာ ထွက်ပေါ်နေသပင်။

အခန်းကြားမှ ရပ်တန့်သွား၏။

အကြီးကြီး၏ လေသံသည် ထိပ်တန်းရောက်ရှိနေပြီ [illegible] ရှောက်မာမှ ချန်ဖို့ပါ သိရှိလိုက်ရသည်။

'မင်းတို့ [illegible] ရှိတယ်၊ မင်းတို့နှစ်ယောက် နဲ့ဆိုရင် ဆယ့်နှစ်ယောက် ရှိတယ်၊ သုံးယောက်က နေ့စဉ် စေတမင့်ဆီ ရောက်နေတယ်၊ ကျန်တဲ့သူတွေက ဘယ်မှာလဲ'

'သေကောင်းတွေ နေရာမှာ ရှိတယ်'

ချန်ပဲ့ဖိုက ပြောလိုက်သည်။

'အဲဒီနေရာက ဘယ်မှာပဲ စိတ်ချရသလဲ'

အကြီးကြီးက ထပ်၍ မေးလိုက်သည်။

ချန်ပဲ့ဖိ ပါးစပ်ပိတ်သွားလေသည်။

ချန်ပဲ့ဖိ တံခါးကမ မပြောဝံ့ပါ။





လူစိမ်းများအတွက် ဝံပုလွေသားစပ်ပေါ်တွင် သေးကင်း ထည့်နေရာရှိသည်ဟု မည်သူမျှ မပြောနိုင်ပါချေ။

'ဒီအပေါ်မှာ သေကောင်တွေ နေရာဆိုလို့ တစ်နေရာ တည်းပဲ ရှိတယ်'

'ငြိမ်ချမ်းရေး ညွှန်ကြားရေးလား'

ရှောက်မာက ဖြတ်မေးလိုက်သည်။

'ဟား...ဟား...ဟား'

အကြီးကြီးက ရယ်လိုက်သည်။

သူရယ်လိုက်သဖြင့် လိုက်ကာပေါ်မှ ခေါင်းလောင်းသံ လေးများ ထိခတ်သံ မြည်သွားပြန်သည်။

'ငြိမ်ချမ်းရေး ညွှန်ကြားရေး မဟုတ်ရင် ဘယ်နေရာလဲ'

ရှောက်မာက မေးလိုက်ပြန်သည်။

'အဲဒီနေရာပဲ'

ရှောက်မာ ကြောင်၍ မြန်းလိုက်မိသည်။

ထိုနေရာ၌ပင် သူတို့ လူသစ်ယောက် သေဆုံးခဲ့သည်ကို သတိရသွားသောကြောင့်ပင် ဖြစ်သည်။

'အဲဒီနေရာမှာ ဘယ်သူမှလာပြီး ပြဿနာရှာဝံ့မှာ မဟုတ်ဘူး၊ တိန်ပီ၊ ကျင့်ဝတ်ဟို စီးရောက်လာရင်တောင် ပြဿနာ ရှာဝံ့မှာ မဟုတ်ဘူး'

တိန်းစီနှင့် ကျင့်တင့်ဟိုတို့သည် သိုင်းလောကတွင် နာမည်ကြီး ဓားသမားဖြစ်၏။

နှစ်ယောက်လုံးကို ရှောက်မာ သိသည်။

တိန်းစီနှင့် ရှောက်မာသည် ပို၍ အတွဲများခဲ့၏။ ပညာသင်ဘက် ညီအစ်ကိုတော်များလည်း ဖြစ်၏။

အချိန်မရ၍ ရှောက်မာသည် သူတို့ကို ရှာဖွေ၍ မခေါ်ခဲ့မိခြင်း ဖြစ်သည်။

အချိန်သာ ရပါက မုချမှာ ခေါ်ခဲ့မည်သာ ဖြစ်သည်။

'အခြားနေရာဆိုရင်ကော'

ရှောက်မာက မေးလိုက်သည်။

'အခြားနေရာဆိုရင် သူတို့ရဲ့ အသက်ဟာ အချိန်မရွေး ပျောက်သွားနိုင်တာပေါ့'

ဘကြီးကြူးက ပြောလိုက်၏။

ရှောက်မာ ငိုင်ကျသွားသည်။

ဘကြီးကြူး သက်သက်ခြောက်လှန့်နေခြင်း မဟုတ်။

ဝံပုလွေတောင်သည် ဘယ်နေရာမှ စိတ်မချရသော နေရာဖြစ်သည်။





'သူတို့ အခု နေကောင်းကောင်းမွန်မွန်ပဲလား'

ရှောက်မာက ချန်ဖဲ့ဖိကို လှမ်းမေးလိုက်သည်။

'နေကောင်းကောင်းမွန်မွန်ပါပဲ'

အဖြေပေးသူမှာ ချန်ဖဲ့ဖိမဟုတ်။

ဘကြီးကြူး ဖြစ်သည်။

ကြူးဝူသည် ဝံပုလွေတောင်၏ ဘုရင်ဆိုလျှင် မမှားနိုင်ပါပေ။

အားလုံးက သူ့ကို ဘကြီးကြူးဟု ရိုသေလေးစားစွာ ခေါ်ကြသည်။

သူ့ထက် အသက်ကြီးသူအပင်လျှင် ဘကြီးကြူးဟု ခေါ်သည်။

နှန်နှန်တို့တစ်တွေမှာ ဘကြီးကြူးထံ ရောက်နေပုံရသည်။

ရှောက်မာ ရင်ထိတ်သွားသည်။

ချန်ဖဲ့ဖိ၏လက်ချောင်းများသည်လည်း တုန်ယင်လာလေသည်။

လက်ဖဝါးတွင်လည်း ချွေးစို့လာသည်။

ထိုလက်သည် ဓားကိုင်သောလက် ဖြစ်သည်။

သာမန် အချိန်မျိုးဆိုလျှင် ခြောက်နာရီပြီး ငြိမ်နေတတ်သည်။

ယခုမူ စိုစွတ်၍ တုန်ယင်နေ၏။

ချွန်ဖဲ့ ဖိ စိတ်ထိန်းနိုင်စွမ်း မရှိတော့အလို ဖြစ်လာသည်။ တစ်ခုခု လုပ်ချင်လာသည်။

အကြောင်းကား ကြူကူ၏ ဆိုင်ရှင်းကို သဘောပေါက် သွားသောကြောင့်ပင် ဖြစ်သည်။

ရွှောက်မကလည်း သဘောပေါက်ပါသည်။

ညနေရှာသည့် ခ ပုလွေတောင်၏ တစ်ခုသည်းသော တော အင်ရှားနေရာ ဖြစ်သည်။

[illegible] ကျိုး ရှမ်းရှမ်း၊ နှန်နှန်တို့ မောင်နှမနှင့် အတော်ကြာ သေး တိုးသည့် ဆောင်းဟောင်းမှုန်မှုန် ရှိနေသည်၊ တော အင်နေသည်ဟု ကြူကူက ပြောနေသည်။

ထိုသို့ဆိုလျှင် ၎င်းတို့သည် ညနေရာတွင် ရှိနေကြောင်းမှာ ထင်ရှား[illegible]လေပြီ။

ထို့ပြင်တစ်ပါကလည်း ကြူကူအတစ်ခုနေရာရှာတွင် အဓောင့် အရှောက်နှင့် ထားမေး[illegible]ထားမည်။ -





မည်သို့ပင်ဆိုစေ ရွှောက်မ၏ မိတ်ဆွေများသည် ကြူကူ လက်ထဲရောက်နေသည်မှာ မြကြီးလက်ခတ်မလွဲ သေချာနေ ပေပြီ။

'သူတို့ ဘယ်သို့ကြောင့် ဒီကို ရောက်လာရတာလဲ'

ရွှောက်မက မေးလိုက်သည်။

'ငါလည်း မသိပါ'

ပြောသူမှာ ချွန်ဖဲ့ ဖိလည်း မဟုတ်။

ကြူကူ လည်း မဟုတ်။

အခန်းထဲသို့ ဝင်လာသူ ဖြစ်သည်။

ထိုသူက ချိစိန်းယိင် ဖြစ်၏။

ရွှောက်မက ချိစိန်းယိကို တွေ့လိုက်ရသောအခါ ဒေါသ ထောင်းခနဲ ထွက်သွား၏။

လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိ၏။

ချွန်ဖဲ့ ဖိ ညာလည်း ဒေါသထွက်သွားပုံရသည်။

ချွန်ဖဲ့ ဖိချက်ချင်း ရဲကျက်လာ၏။

ချိစိန်းယိကို စူးစူးစိုက်စိုက် ကြည့်သည်။

'ခင်ဗျားက အရှင်းအဝယ်တစ်ခု လုပ်ချင်ပြီပေါ့ ဟုတ် လား'

ရှောက်မာက မာမာထန်ထန် မေးလိုက်သည်။
ချိုစိန်းယိက မဲ့ပြုံးပြုံးလိုက်သည်။
ပြီးတော့မှ....
'ဒီတစ်ခါတော့ အရှုံးပေါ်တယ်၊ ငွေမချုံးပေမယ့် လူရှုံးတယ်'
'ခင်ဗျားကလဲ ရှုံးတဲ့အလုပ်ကို လုပ်တတ်တယ် ဟုတ်လား'
ရှောက်မာက ခနဲ့တဲ့တဲ့ မေးလိုက်သည်။
'ဒီအစ်ကြိမ်ပါပဲ၊ နောက်ဆို ဘယ်တော့မှ မလုပ်တော့ပါဘူး၊ သူတို့က ငါ့ဆီကို ရောက်လာတဲ့ ဈေးသည်တွေမို့ လိုက်ဂူထဲမှာ ဘုမသိဘမသိ သေသွားလို့ ဘယ်ဖြစ်ပါ့မလဲ'
'လိုက်ဂူ ဟုတ်လား၊ ဘယ်နေရာမှာလဲ'
ရှောက်မာက မေးလိုက်သည်။
ချိုစိန်းယိက....
'တိမ်ပျံရတံခွန်နောက်မှာရှိတဲ့ လိုက်ဂူပေါ့၊ အဲဒီနေရာက စိတ်ချရတယ်လို့ ချန်ဖဲ့ဖိက ထင်နေတယ်၊ တကယ်တော့ အဲဒီနေရာက ပြန်လမ်းမရှိတဲ့ သေတွင်းကြီး ဖြစ်နေတယ်'
အားလုံးငြိမ်နေကြသည်။
ရှောက်မာနှင့် ချန်ဖဲ့ဖိသည် ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။
'ဝံပုလွေတောင်မှာနေတဲ့လူအားလုံး အဲဒီနေရာကို သိတယ်၊ ရှေ့မှာ ရေတံခွန်ရှိတယ်၊ ကျောက်တောင်တွေနဲ့ ပိတ်ဆို့နေတယ်၊ လိုက်ဂူထဲရောက်သွားရင် ဘယ်သူမှ အပြင်ပြန်ထွက်လို့ရမှာမဟုတ်တော့ဘူး၊ နောက်ဘက်မှာလဲ ထွက်ပေါက်မရှိဘူး၊





လိုက်ဂူထဲဝင်လိုက်ရင် သူတို့မှာ ပြေးပေါက်ရှိမှာ မဟုတ်တော့ဘူး'
ချန်ဖဲ့ဖိ၏မျက်နှာမှာ ပို၍ နီရဲလာသည်။
မျက်လုံးများက သွေးရောင်လွှမ်းလာ၏။
'ဒီလိုနေရာတွေ့ဖို့ဆိုတာ တကယ့်ကို မလွယ်ဘူး'
ရှောက်မာက ပြောလိုက်သည်။
'ဟုတ်တယ်၊ တစ်ယောက်ယောက်က လိုက်မပြရင် ရှာလို့တွေ့မှာမဟုတ်ဘူး'
ချန်ဖဲ့ဖိက ပြောလိုက်သည်။
'ဘယ်သူက လိုက်ပြီးပြမှာလဲ'
ရှောက်မာက မေးလိုက်သည်။
ချန်ဖဲ့ဖိက....
'အမဲလိုက်ခွေးပဲပေါ့'
ဟု ဖြေသည်။
'အမဲလိုက်ခွေး....ဟုတ်လား'
'ဟုတ်တယ်၊ ကျားကို ထောင်ချောက်ရှိရာနေရာကို လိုက်ခေါ်ဖို့ ခွေးကို မုဆိုးက အလျှော့လွှတ်လိုက်တယ်၊ ဒါမှလဲ ကျားက ထောင်ချောက်ထဲ ဝင်တိုးမိမယ်၊ ဒီလိုခွေးမျိုးဟာ အမဲလိုက်ခွေးလို့ ခေါ်တယ်'
ချန်ဖဲ့ဖိက ရှင်းပြသည်။
'အဲဒီအမဲလိုက်ခွေးဟာ ဘယ်သူလဲ၊ ခင်ဗျား သိသလား'
'သိပ်သိတာပေါ့'

'ဘယ်သူလဲ'

'ငါပဲ၊ အမဲလိုက်ခွေးဟာ ငါပဲ'

ချိစိန်းယိက ခပ်သွက်သွက်ဖြေလိုက်သည်။



## အခန်း (၅၃)

ရှောက်မာ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။

'မင်းလက်သီးနဲ့ ငါ့ကိုထိုးချင်နေပြီလား'

ချိစိန်းယိက မေးလိုက်သည်။

'မထိုးချင်ပါဘူး'

'မကြိုက်ဘူး၊ မင်းကိုချစ်နေပါတယ်'

'မထိုးဘူး၊ ချစ်လက်သီးက ခွေးကိုမထိုးဘူး၊ လူကိုပဲ ထိုးချင်တယ်'

ရှောက်မာက ပြောလိုက်သည်။

မှန်၏

ထိုသူ၏ချိုက်ချည် ခွေးဟိန်းသောင်နှင့်ခြားပါ။

ထိုသူ၏အကျင့်အကြံသည် မြေခွေးထက် ကောက်ကျစ်လေ သည်။

ရှောက်မှာ၏လက်သီးက ခွေးကိုဘယ်ခဲ့ဘာ့မှမထိုး လူကို သာ ထိုး၏။

'ငါက ကျေးဇူးပြန်ဆပ်မယ်လို့ အဘွားကြီးကိုပြောခဲ့တယ်၊ ပြီးတော့ စကားနားထောင်မယ်လို့ ဘကြီးကြူးကို ကတိပေး ခဲ့တယ်၊ အခုဆို နှင်ခုစလုံးကို ငါ အကောင်အထည်ဖော် လိုက်ပြီ'

ရှောက်မှာက ဘာမှမပြောဘဲ ချီစိန်းယိကိုသာ စိုက်ကြည့် နေသည်။

ချန်ဖဲ့ဖိကလည်း လက်ဖဝါးနှစ်ဘက်ကို ဆုပ်လိုက်ဖြန့်လိုက် လုပ်ရင်း ချီစိန်းယိကို ဝါးစားတော့မည်ကဲ့သို့ ကြည့်နေလေ သည်။

လူပုအလေးနှစ်ယောက်က တစ်ချိန်လုံး ငြိမ်သက်နေလေ သည်။

ကြူးဝူကလည်း ငြိမ်နေလေ၏။

'မင်းတို့က ဘကြီးကြူးဆီပို့ခိုင်းတယ်၊ အခု မင်းတို့ကို ငါက ခေါ်လာပြီ၊ ဘကြီးကြူးကလဲ မင်းတို့ကိုခေါ်လာဖို့ မှာ ထားတယ်၊ ဒါကြောင့် အဘွားကြီးကို ကျေးဇူးပြန်ဆပ်ရာလဲ





ရောက်တယ်၊ ဘကြီးကြူးရဲ့အမိန့်ကိုလိုက်နာရာလဲ ရောက်မယ်၊ စီးပွားရေးသမားမို့ လူအားအားကိုအသင်ပြေအောင် ဆက်ဆံရ မယ်၊ ဘယ်သူ့ကိုမှ အမုန်းပွားအောင်မလုပ်ရဘူး'

ချီစိန်းယိက ဆက်၍ပြောသည်။

'ခင်ဗျားက လျူတာလျံဆိုတဲ့ အမျိုးသမီးကြီးကို ဘာဖြစ်လို့ သတ်ရတာလဲ'

ရှောက်မှာက မေးလိုက်သည်။

စင်စစ်....

ချီစိန်းယိ၏လုပ်ရပ်ကို ဖော်လိုက်ခြင်းဖြစ်၏။

လျူတာလျံသည် ဘကြီးကြူး၏မွေးစားသမီး ဖြစ်ကြောင်း ချီစိန်းယိ ပြောခဲ့၏။

ထိုကိစ္စနှင့်ပတ်သက်၍ ရှောက်မှာကို သွယ်ဝိုက်၍နှုတ်ပိတ်ခဲ့ သည်။

အစကတော့ ထိုကိစ္စကို ရှောက်မှာထုတ်ဖော်ပြောဖို့ စိတ် မကူးခဲ့။

ယခုမူ ချီစိန်းယိ၏အကျင့်အကြံကို ကြူးဝူသိစေလို၍ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

'ငါက သူငါ့ကိုအနှောင့်အယှက်ပေးနေပေမယ့် သတ်ချင်ပါဘူး၊ သတ်ခိုင်းလို့သတ်ရတာ'

'ဘယ်သူက သတ်ခိုင်းတာလဲ'

'ငါ့ကိုလူသတ်ခိုင်းနိုင်တဲ့သူက ဘကြီးကြူးပဲရှိတယ်'

ဘကြီးကြူးကိုယ်တိုင်က လျူတာလျူ ကို သတ်ခိုင်းကြောင်း သိလိုက်ရသည့်အတွက် ရွှေကမ်မာ အံ့ဩသွားရ၏။

သူ၏ထုတ်ဖော်မှုမှာလည်း ဘာမှအသွမ်းရောက် ဖြစ်သွားရတော့သည်။

'လျူတာလျူ မှာ ဘာအပြစ်ရှိလို့လဲ'

'ဝါက စီးပွား ရှာသမားပဲ၊ စီးပွားရေးအကြောင်းပဲ နားလည်တယ်'

လူသတ်တာလဲ စီးပွားရေးပဲလား'

ရွှေကမ်မာက မေးလိုက်သည်။

'ကျိန်းသေအမြတ်ရတဲ့လုပ်ငန်းဟာ အလွန်ကောင်းတဲ့ စီးပွားရေး လုပ်ငန်းပဲ'

ချိစိန်းယိက ပြန်ပြောလိုက်သည်။

'လျူတာလျူ ကိုသတ်တော့ အမြတ်ရသလား'





'ရတာပေါ့'

'ဘယ်လောက်ရသလဲ'

'ဘကြီးကြူးကျေနပ်အောင် လုပ်ပေးလို့ရတဲ့ အမြတ်ဟာ မှန်းဆလို့မရဘူး'

'ကျုပ်လဲ ဒီလုပ်ငန်းမျိုးလုပ်ချင်ပါတယ်'

ချန်ဖဲ့ဖိက ဝင်ပြောလိုက်သည်။

'ဝါလဲသိပါတယ်'

'ဒါပေမယ့် ငါကလဲ ရွှေကမ်မာလက်သီးလိုပဲ၊ လူကိုပဲ သတ်ချင်တယ် ခွေးကိုမသတ်ချင်ပါဘူး'

စင်စစ်....

ချင်ဖဲ့ဖိ ချိစိန်းယိကိုသတ်ချင်နေသည်။

ဘယ်လိုမှ သတ်၍မဖြစ်နိုင်မှန်း သိသဖြင့် မခံချင်အောင် ပြောနေခြင်းဖြစ်သည်။

'ခွေးမသတ်ဘူးဟုတ်လား၊ အေးလေ ဟုတ်မှာပါပဲ'

ချိစိန်းယိက ခေါင်းတညိတ်ညိတ်လုပ်ကာ ပြောသည်။

ချိစိန်းယိက မတော်မဲ့မြင်ပြောနေသဖြင့် ချန်ဖဲ့ဖိ ပို၍ဒေါသထွက်လာရသည်။

'ဒါပေမယ့် တစ်ခါတလေတော့ ချွင်းချက်ထားရတယ်၊ တစ်ခါတလေ ခွေးသားဟာစားလို့ကောင်းတယ်'

ချန်ဖဲ့ဖိက တင်းမာသောမျက်နှာထားဖြင့် ပြောလိုက်သည်။

ချိစိန်းယိ မပြုံးနိုင်တော့ချေ။

ချန်ဖဲ့ဖိ၏မျက်နှာကိုကြည့်ရာ တုန်လှုပ်သွားရ၏။

ချန်ဖဲ့ဖိ၏မျက်လုံးများက ကြောက်စရာကောင်းလောက်အောင် စူးရဲနေသည်။

မျက်နှာပေါ်တွင် လှိုင်းဝတ်ရိပ်များ လွှမ်းနေသည်။

ချိစိန်းယိသည် ချာခနဲလှည့်ကာ တံခါးဝဆီသို့တန်းပြေးတော့သည်။

သို့သော်...

တံခါးကိုဆွဲမဖွင့်နိုင်မီမှာပင် ခေါးကရောက်လာပြီ ဖြစ်လေသည်။

လေးပေရှည်သောခေါးပျော့က ချိစိန်းယိထံသို့လွင့်ပျံသွားသည်။

'ဒုတ်'

'အား'





ချိစိန်းယိ၏ကျောပြင်ကို ခေါးထွက်ချင်းခတ်သွား၏။

ဒုတ်ဟူသောအသံနှင့် ချိစိန်းယိ နံရံတွင် သံနှင့်အရိုက်ခံရသကဲ့သို့ ဖြစ်သွားသည်။

ချိစိန်းယိ အံ့အားမသင့်တဲ့သေသွားရသည် ဆိုရမည်။

အဘယ်ကြောင့်ဆိုသော် တစ်စုံတစ်ယောက်သည် ဤနေရာတွင် လူသတ်ဝံ့လိမ့်မည်ဟု မထင်ထားသောကြောင့်ပင်။

ချန်ဖဲ့ဖိသည်။ လူသတ်လျှင် ပြဿနာကြီးကြီးပေါ်လာနိုင်သည်ကို သိ၏။

သို့သော်...

သူ့စိတ်သူမထိန်းနိုင်၍ သတ်လိုက်ခြင်းဖြစ်၏။

ရွှေကမာသည်လည်း ချန်ဖဲ့ဖိ ယင်းသို့ပြုမူလိမ့်မည်ဟု မထင်မိပါချေ။

ထို့ကြောင့်...

ရွှေကမာသည် ချန်ဖဲ့ဖိကို အံ့သြခြင်းကြီးစွာဖြင့် ကြည့်နေလေ၏။

လူပုကလေးနှစ်ယောက်မှာလည်း မျက်လုံးများအကြောင်သားဖြစ်နေသည်။

အံ့သြတုန်လှုပ်နေသည်။

ချန်ဖဲ့ဖိ၏အော်သံအဆုံးတွင် ခန်းမတစ်ခုလုံး ငြိမ်သက်သွားသည်။

အတန်ကြာမှ ကြူးဝူအာ...

'မင်း တယ်သတ္တိကောင်းပါလားကွ'

ဟု အော်ပြောလိုက်၏။

ချစ်ဖဲ့ဆီက ငြိမ်နေသည်။

'ဘာလဲ ရှိကကသားအား သတ္တိကောင်းတဲ့ သူပဲ'

ရှောက်မောက ဝင်ပြောလိုက်သည်။

'မင်းက ဗိုလ်နေ ဘမှာထားပြီးလူ ကောင်ဝိုတဲ့ တယ်ပေါ် ပဲ့တ်လား'

ကြူးဝူက ချစ်ဖဲ့ ဖိုကို မှိုမိန်းလိုက်၏။

'အခုန်ဆိုရင် သူမလုပ်ဝံ့ပါဘူး၊ ဒါပေမယ့် သူ အစဉ်အလာကိုတော့ မပျက်မခံချင်ဘူး'

ရှောက်မောက ဝင်ပြောသည်။

'ဘာမျိုးအစဉ်လဲ'

ကြူးဝူက ဖြေကမေးသည်။

'လိမ်ကလိန် သူမကြိုက်ဘူး၊ သူ့ကိုလိမ်တဲ့သူ ဘယ်တော့မှ ကြွေကြွမခံဘူး'

'ဒီကစည်းစမ်းရှောက်ကိုရော မင်းသိသလား'

ကြူးဝူက မေးသည်။

'ဘာ စည်းကမ်းရှောက်ကလဲ'

'လူ့ဆိုတဲ့ သူ့ အသက်ခံမှာလား'

'တယ်ဓကောင်တဲ့ စည်းကမ်းချက်ပါလား'

ရှောက်မောက ပြောလိုက်သည်။

ထိုအခါ ကြူးဝူက—

'ဒါကြောင့် ငါတို့ဒီစည်းကမ်းချက်တို့ အပျက်မခံနိုင်ဘူး'

'ကျုပ်လဲ ဒီအတိုင်းပါပဲ'

'ဒါဆိုရင် ငါ့မစားသူ့ကိုသတ်လိုက်'

'ကောင်းပြီ'





ရှောက်မောက ပြန်ပြောလိုက်သည်။

တစ်ဆက်တည်း ချာခနဲ လှည့်ကာ ချစ်ဖဲ့ ဖိနှင့်မျက်နှာချင်း ဆိုင်လိုက်သည်။

'ကျုပ်ရဲ့လက်သီးက မြန်သလား၊ ခင်ဗျားရဲ့ဓားက မြန်သလားဆို ကျုပ်စမ်းကြည့်ချင်ကာ ကြာပြီ၊ အခုတော့ အခွင့်အလမ်း ပေါ်သွားပြီ'

ရှောက်မောက လက်သီးဆုပ်ရှာပြောလိုက်သည်။

အခန်း (၂၄)

ချန်ဖဲ့ဖိက လွှားခနဲ ချန်အောသူ့ဓါးကို ပြန်လည်ဆွဲနှုတ်လိုက်သည်။

ချန်ဖဲ့ဖိ လက်ထဲရှိ ဓါးသွားပေါ်တွင် သွေးများ စွန်းပေနေသည်။

ရှောက်မာသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

ရှောက်မာ၏ မျက်နှာက မာန်ပါနေ၏။

ရန်သူကို တိုက်ခိုက်တော့မည့် အသွင်မျိုး၊ ကျား၏ မာန်ကဲ့သို့ ခက်ထန်နေ၏။

ချန်ဖဲ့ဖိ၏ မျက်နှာမှာ ဖြူဖတ်ဖြူရော် ဖြစ်နေ၏။

သူ့အမူအရာက ခံစားချက် ကင်းမဲ့နေသလိုပင်။





'ဓါးသွားပေါ်က သွေးစတွေကို သုတ်ပစ်လိုက်ပါ'

ရှောက်မာက ပြောလိုက်သည်။

'ဘာဖြစ်လို့လဲ'

'ချန်ဖဲ့ဖိက မေး၏။

'ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က ခင်ဗျားကို မသတ်နိုင်ရင် ခင်ဗျားက ကျုပ်ကို သတ်မှာပဲ၊ သူများသွေးတွေ ပေနေတဲ့ ဓါးနဲ့ ကျုပ်လည်ပင်း ပေါက်သွားမှာကို ကျုပ် လုံးဝမလိုလားဘူး၊ ကျုပ် ခွေးသားစားတဲ့လူ မဟုတ်ဘူး'

ရှောက်မာက သူ့သဘောထားကို ပြောလိုက်၏။

ထိုအခါ ချန်ဖဲ့ဖိက....

'ကောင်းပြီ၊ ခင်ဗျားပြောတာ သဘာဝကျပါတယ်'

ချန်ဖဲ့ဖိက ကျားလသရေထိုင်မှုဖြင့် ဓါးတွင် စွန်းပေနေသော သွေးများကို သုတ်လိုက်သည်။

ထိုအချိန်တွင် ရှောက်မာက လိုက်အောဘက်လှည့်တော—

'မဖြစ်ဘူး၊ တယ်နည်းနဲ့မှ မဖြစ်ဘူး'

အော်လိုက်သည်။

'ဘာပြောနေတာလဲ'

ကြူးဝိုင်းက နားမလည်သလို ပြန်မေးသည်။
ထိုအခါ ရှောက်မာက...

'ကျုပ် သူ့ကို သတ်လို့မဖြစ်ဘူး'

'ဘာဖြစ်လို့လဲ'

'ကျုပ် တစ်ခုစဉ်းစားမိလို့'

'ဘာများလဲ'

'ဒီနေ့ညမှာ လူသတ်တဲ့သူ အသတ်ခံရမယ်လို့ ခင်ဗျားအစည်းကမ်းချက် ချထားတယ် မဟုတ်လား'

'ဟုတ်တယ်လေ'

'သူသတ်တာဟာ လူမဟုတ်ဘူး၊ ခွေးဖြစ်နေတယ်'

ရှောက်မာက ပြောလိုက်သည်။

တစ်ယောက်သည် သူ့ကိုယ်သူ ခွေးဟု ဝန်ခံနေပါက အခြားသူများက လူဟု သတ်မှတ်စရာ မလိုတော့ပေ။

ရှောက်မာက ဆက်၍—

'ခွေးကို သတ်တဲ့သူ အသတ်ခံရမယ်လို့ မသတ်မှတ်ထားပါဘူး၊ ဘယ်နေရာမှာမှ ဒီလိုစည်းကမ်းချက်မျိုး ရှိတယ်လို့ မကြားဖူးပါဘူး'





'ဟား ဟား ဟား'

ကြူးဝိုင်းက အားပါးတရ ရယ်လိုက်သည်။
သူ့ ရယ်သံကြောင့် လိုက်ကာ လှုပ်ယမ်းသွား၏။

လိုက်ကာနောက်မှ ခေါင်းလောင်းသံလေးများ မြည်သံထွက်လာသည်။

'မှန်ပေသပေါ့ကွယ်၊ မင်းပြောတာမှန်တယ်၊ သူ့ကို ခွေး ဖြစ်ရဲ့လား မချောဆော ... ဝန်ခံတာနဲ့ အတူတူပဲ၊ လူတစ်ယောက်ဟာ သူ့ကိုယ်သူ ခွေးလို့ ဝန်ခံနေရင်တော့ လူလို သတ်မှတ်စရာ မလိုတော့ဘူး'

ကြူးဝိုင်းက ပြောလိုက်သည်။

ထို့စဉ်

'ဒူ...ဟူ...ဟူ...ဟူ'

ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။

တံခါးပွင့်ထွက်သွားသည်။

'ချိန်းယိအလောင်းကို ရှင်းလိုက်ကြမော်'

ကြူးဝိုင်းက အမိန့်ပေးလိုက်သည်။

လူပု နှစ်ယောက်က ချိန်းယိအလောင်းကို ဆွဲထုတ်သွားကြ၏။

တစ်ဆက်တည်း နှာပင်...

လူလေးယောက် ဝေါယာဉ်တစ်စီးကို ထမ်းလျက် ခန်းမထဲ ဝင်လာသည်။

ဝေါယာဉ်နောက်တွင်လည်း လူနှစ်ယောက် လိုက်ပါလာသည်။

လိုက်ပါလာသူမှာ ရှမ်းရှမ်းနှင့် ကျွန်းလုံးကျီဖြစ်သည်။

ဝေါယာဉ်ထဲတွင် နန်းနန်းတို့မောင်နှမရှိနေကြောင်း ထင်ရှားနေသည်။

'မင်းတို့အားလုံး မိတ်ကောင်းဆွေကောင်း ပီသပါပေတယ်၊ ဒီတော့ ငါကသဲ မင်းတို့ချင်း တွေ့နိုင်အောင် စီစဉ်ပေးရမှာပဲ'

ကြူးဝူက ပြောလိုက်သည်။

'တွေ့ပြီး ဘာလုပ်မှာလဲ'

ရှောက်မာက အထက်ပါအတိုင်း မေးလိုက်ချင်သည်။

သို့သော်...

မမေးဘဲ နေလိုက်သည်။

တိခုကိစ္စက သာမန်ကိစ္စမဟုတ်ပါ။





မထင်မှတ်သောအချက်များ ပါရှိနေသည်။

တောင်ပေါ်တက်လာစဉ်က လုံးဝမျှော်လင့်မထားသော အဖြစ်များကို ကြုံလာရသည်။

ထို့ပြင် လက်ရှိအခြေအနေကလည်း အချိန်မရွေး ပြောင်းလဲသွားနိုင်သည်။

ပြောင်းလဲချက်ဟူသမျှသည် ကြူးဝူ၏ နှုတ်ဖျားတွင် ရှိနေသည်။

ရှောက်မာ အထက်ပါအတိုင်း တွေးမျှကာ စိတ်လှုပ်ရှားလာရ၏။

တောင်ပေါ် တက်မိသည်နှင့် ကျား၏ ကျောကုန်းပေါ် တက်မိသည်နှင့် တူနေသည်။

သူသည် သူ့အဘောနှင့်သူ ကျေကျေနပ်နပ်ဖြင့် တောင်ပေါ်သို့ တက်လာခြင်းပင်။

လောလောဆယ် သူ့အနေဖြင့် အခြေအနေကိုသာ စောင့်ကြည့်ရသောပင်။

ကံဆိုးလျှင် သူ ကျားစာဖြစ်သွားနိုင်သည်။

ထိုသို့ ဖြစ်သွားပါလည်း သူ့အနေဖြင့် မည်သူ့ကိုမျှ အပြစ်တင်စရာ မလိုပါချေ။

သို့သော်....

သူ့မိတ်ဆွေများ သေသွားမည့်အဖြစ်ကိုတော့ သူ အဖြစ်မခံနိုင်ပါချေ။

ချန်ဖဲ့ဖိ၊ ကျွန်းလုံးကျီနှင့် 'လောက်ဖိတို့သည် သူခေါ်လာ၍ ပါလာခြင်းပင်ဖြစ်သည်။

သို့တိုင် သေသွားပါက သူ့ကြောင့်ဟုသာ ဆိုနိုင်သည်။

နှိုးနှိုးတိုက်တတွန်းလည်း မသေစေချင်ပေ။

အထူးသဖြင့် သူ့ချစ်သူနှင့် လူမမာ၏ အသက်ကို သူ ပို၍ တန်ဖိုးထား၏။

ကံကောင်းနေသေးသည်က သူသည် ယခုတိုင် အသက်ရှင် လျက် ရှိနေသေးခြင်းပင်။

သူ့အသက်ကို သူပိုင်နေသေး၏။

အသက်ရှင်လျက် ရှိသည့် အခွင့်အရေးကပင် သူ့အတွက် မျှော်လင့်ချက်ရှိနေသေးသည်ဟု ဆိုနိုင်၏။

အခြေအနေ မည်သို့ပင် ပြောင်းလဲစေကာမူ သူ့အသက်ကို မိတ်ဆွေများနှင့် ချစ်သူအတွက် စတေးခံရုံသာရှိသည်။

ထိုသို့ဖြစ်သွားလျှင် သေရကျိုး နပ်သည်ဟု ရှောက်မာ ယူဆ၏။

အများအတွက် သူ့အသက်တစ်ချောင်းကို တန်ဖိုးထားဖို့ မလိုဟု ရှောက်မာ ခံယူထား၏။

လူသည် တစ်နေ့ သေရမည်သာပင်။

အများအတွက် သေရသည်က သာမန်သေရသည်မျိုးထက် တန်ဖိုးရှိသည်ဟု ရှောက်မာ သင်ခြင်တတ်သသည်။

တန်ဖိုးရှိရှိသေရလျှင် သေရကျိုးနပ်သည်ဟု ဆိုရမည်ပင်။

တစ်ခုလည်း ရှိသေးသည်။

မိတ်ဆွေများနှင့် ချစ်သူအတွက် ဆောင်ရွက်စရာကိစ္စရှိနေ၍ တစ်ရက် အသက်ရှင်လျှင် ထင်ရက်ပိုပြီး အကျိုးရှိနိုင်သည်။





နောက်ဆုံး မုချ သေရမည်ဖြစ်သည့်တိုင် အများအကျိုးအတွက် အလေအလွင့်မဖြစ်စေအောင် မိမိကိုယ်ကို မိမိ ကာကွယ်ရမည် သာပင်။

ထို့ကြောင့်....

သူ့အနေနှင့် လောလောဆယ် သေ၍ မဖြစ်သေးပေ။

လူများစု အသက်ရှင်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးစား ရှဦးမည် မဟုတ်ပါလား။

## အခန်း (၅၅)

ရှမ်းရှမ်း ဖြည်းဖြည်းချင်း လျှောက်နေသည်။
သူမ ဟန်ပန်က အားချိန်နဲ့ နေပုံပင်။
ကျန်းလုံကျိသည် ရှမ်းရှမ်းနောက်မှ ကပ်ပါလာသည်။
သူ့မျက်လုံးက ရှမ်းရှမ်းထံတွင်သာ စွဲနေသည်။
သို့တိုင်အောင် ရှမ်းရှမ်းက ကျန်းလုံကျိကို လှည့်၍ပင် မကြည့်။

သူမနောက်ပါးတွင် လူတစ်ယောက် ရှိနေသည်ကို မသိသကဲ့သို့ ဖြစ်နေသည်။

ကျန်းလုံကျိကလည်း ရှမ်းရှမ်း သူ့ကို ဂရုမစိုက်သည့် အတွက် မည်သို့မျှ သဘောမထား။
ခွင့်လွှတ်ထားသည်။





ကျန်းလုံကျိသည် ရှမ်းရှမ်းကိုသာ ဂရုစိုက်၏။
သူ့ကိုယ်သူ ဂရုမစိုက်ချေ။
မေတ္တာတရားဟူသည် ဆန်းကြယ်လှ၏။

သူ့ရင်ထဲမှ မေတ္တာတရားလည်း အလွန်ပင် ဆန်းကြယ်နေသည်။

သူသည် သိုင်းလောကအတွင်း နှစ်ရှည်လများ ကျက်စားခဲ့သည်။

ဖြစ်သလို နေထိုင်ခဲ့သည်။

ယခု လူ အသက်ထောက်လေ ပြီဖြစ်သည်။
လူ့အသက် ငါးဆယ်ကျော်ခဲ့ပြီ။

ရှမ်းရှမ်းနှင့် လုံးဝမလိုက်ဖက်ကြောင်း သူ့ကိုယ်သူလည်း သိနေပေသည်။
သို့သော်....
သူက လူသားထဲမှ လူသားတစ်ယောက်ဖြစ်၏။
သွေးနှင့်ကိုယ်သား နှင့်ကိုယ်လည်း ဖြစ်သည်။

အထူး ကျန်းမာဝနှင့် နှစ်ပေါင်းများစွာ နေလာရသော အခါ သူသည် တစ်ခုခုကို တောင့်တလာမိ၏။
ထိုအရာမှာ မေတ္တာပင် ဖြစ်ပေလိမ့်မည်။
နှစ်သိမ့်တွယ်တာစရာ တစ်ခုခုကို သူ တောင့်တမိသည်မှာ အမှန်ပင်။

သူက ရှမ်းရှမ်းအပေါ် သုံးလေးကြိမ်တွယ်ခဲ့ဖူးသည်။
မေတ္တာသက်ဝင် ချစ်ခင်မိခဲ့၏။
ထိုမေတ္တာသည် သာမန် ဖိုမချင်း တပ်မက်ပုံမျိုးနှင့် မတူပါချေ။
သူသည် ရှမ်းရှမ်းကို ရယူလိုခြင်းသက်သက်နှင့် တွယ်တာနေသည် မဟုတ်ပါချေ။
ရှမ်းရှမ်းကို သူ စောင့်ရှောက်ချင်သည်။
ရှမ်းရှမ်းအတွက် သူ အနစ်နာခံချင်သည်။

ရှမ်းရှမ်း နှလုံးစိတ်ဝမ်း ချမ်းမြေ့ပျော်ရွှင်အောင် သူ့ဘဝခုခုကို အမြဲလုပ်ပေးချင်၏။

သူ့မေတ္တာကား ပေးဆပ်ရသော မေတ္တာမျိုးပင်။

ထိုမေတ္တာမျိုးကို ရှောက်မှာ ကောင်းစွာ သဘောပေါက်သည်။
ထို့အတူ လေးစားမိသည်။
အကြောင်းကား...

ထိုမေတ္တာမျိုးသာလျှင် စစ်မှန်သော မေတ္တာမျိုး ဖြစ်သည်ဟု ယုံကြည်သောကြောင့်ပင်။
ထိုမေတ္တာမျိုး ထားရှိသူကို လေးစား ကြည်ညိုထိုက်သည်ဟု ယုံကြည်၏။
ဝေါယာဉ်ထမ်းလာသော အထမ်းသမားတို့သည် ကျွန်းမာသန်စွမ်းပြီး သွက်လက်မြန်ဆန်၏။





အနက်ရောင် ဝတ်ဆင်ထားပြီး ခေါင်းကိုယ်စီ စည်းထားကြသည်။

သူတို့သည် တောင်ပေါ်တက်လာစဉ်က ခေါ်လာသော အထမ်းသမားများ မဟုတ်ကြ။

ကြူဂူ စီစဉ်ပေးထားသော အထမ်းသမားများပင် ဖြစ်ပေလိမ့်မည်။

ဝေါယာဉ်ရပ်တန့်သွား၏။

ရှမ်းရှမ်းသည် ဝေါယာဉ်ဆီသို့ လျှောက်သွားပြီး လိုက်ကာကို လှန်လိုက်၏။

နန်းနန်းသည် ရှမ်းရှမ်းလက်ကိုကိုင်ကာ ဝေါယာဉ်ပေါ်မှ ဆင်းလာသည်။

နန်းနန်းမှာ ပင်ပန်းနွမ်းနယ်ဟန် မရှိသည့်ပြင် ရွှင်လန်းတက်ကြွနေပုံရသည်။

ပို၍ လှပလာသည်ဟု ထင်မှတ်ရလေသည်။
နန်းနန်းမှာ လာစဉ်ကပင် ဝေါယာဉ်ပေါ်တွင်ထိုင်လျက် သူမကိုယ် သူမ ပြုပြင်ခြယ်သခဲ့ဟန်တူ၏။
သူမမှာ လှပရုံသာမက ညက်လည်းထက်၏။
အမျိုးသမီးတို့၏ အထက်မြက်ဆုံးလက်နက်မှာ လှသောရုပ်သွင်နှင့် ကိုယ်နေဟန် ဖြစ်ကြောင်း သူမ ကောင်းစွာ သဘောပေါက်နေပုံရ၏။

ရောက်လာသော အာဏာ ညောင်က ထမ်ဂါ အထင်ကြီးခဲ့သည်။
မည်သည့် အချိန်ပဖြစ်ဖြစ် သူမ၏ မျက်နှာပေါ်တွင် ရွှင်လန်းမှု ကင်းခဲ့သည်ကို မတွေ့ရပေချေ။

အပူရှပ်ကို ဟန်လုပ်၍ ထိန်းချုပ်ထားရှိ၏။

နန်းနန်းက ရှောက်မာကို တစ်ချက် စောင်း၍ ကြည့်လိုက်သည်။

ထို့နောက်....

လိုက်လာ ဘက်သို့ မျက်နှာမူကာ အရိုအသေပြုလိုက်သည်။
'ကျွန်မက နန်းနန်းပါ။ ဘကြီးကြူးနဲ့ လာတွေ့တာပါ'
နန်းနန်းက နှုတ်ခွန်းဆက်၍ လိုက်သည်။

သူမ အသံက ချိုသာနေ၏။
ဟန်ပန်ကလည်း ယဉ်ကျေးသိမ်မွေ့လှသည်။

ဘကြီးကြူးသည် အသက်ကြီးသူတစ်ယောက် ဖြစ်ကောင်း ဖြစ်လိမ့်မည်။
သို့သော်....
ယောကျ်ားတစ်ဦးဖြစ်သည်။
မည်သည့် ယောကျ်ားမဆို မိမိကို မြင်ပါက စိတ်ဝင်စားရမည်ဟု နန်းနန်းယုံကြည်ထား၏။
ယင်းယုံကြည်ချက်မှာ ဘကြီးကြူးအား ရင်ဆိုင်နိုင်သည့် တစ်ခုတည်းသော လက်နက်ပင်။
သို့သော်....





ဘကြီးကြူးက ထိုသို့မျှ မတုံ့ပြန်ပေ။
နန်းနန်းက ဆက်၍ပြော၏။

'ကျွန်မက ပါမွားမိန်းကလေးပါ၊ ဒါပေမယ့် တစ်ခါတလေတော့ ဘကြီးကြူးကို ကူညီနိုင်ပါလိမ့်မယ်၊ ဘကြီးကြူး ခိုင်းစရာရှိတာခိုင်းပါ၊ ကျွန်မ အတတ်နိုင်ဆုံး လုပ်ပေးပါ့မယ်'

သူမ၏ စကားမှာ ရိုးရိုးစင်းစင်းသာဖြစ်သည်။
သို့သော်....
အဓိပ္ပာယ် ဆောင်နေလှ၏။
မည်သည့်အဓိပ္ပာယ် ဆောင်နေကြောင်း ရှင်းနေသည်။

မည်သည့်ယောကျ်ားမဆို သူမ၏ ဆိုလိုရင်းကို သဘောပေါက်မည်သာ ဖြစ်၏။

ကြူးမှ ငြင်းဆန်လိမ့်မည် မဟုတ်ဟု နန်းနန်းက အပိုင်တွက်ထား၏။

နန်းနန်းက အလှဆုံးဟန်နှင့် ရှေ့ဆက်လျှောက်ရန် ဟန်ပြင်လိုက်သည်။
ဘကြီးကြူး ဆိုသူနှင့် ရင်းနှီးစွာ ဆက်ဆံခွင့်ရလျှင် အရာရာ အဆင်ပြေသွားမည်ဟု ထင်၏။
သို့သော်....
ဘာတစ်ကြိမ်တွင်မှ သူမ အသုံးပြုသည့် လက်နက်မှာ တိုးဝင်ရောက်မှု မရှိပေ။

'ရပ်လိုက်'

ကြူးဝူအ လေသာမာမာနှင့် အော်လိုက်၏၊

နန်နန် ရပ်လိုက်ရသည်။

သို့သော်....

သူမက အနောက်တန်းကြိမ်ကြိုးစားသည့် အနေနှင့်....

ကျွန်မ ဘကြီးကြူးကို သိပ်ပြီး လေးစားကြည်ညိုနေတာနဲ့ ကြည့်ချင်လို့ပါ၊ ကြည့်ခွင့်တောင် မပေးတော့ဘူးလား'

နန်နန်က ချိုသာနွဲ့နှောင်းသည့် လေသံဖြင့် ပြောလိုက်၏။

'မင်း ရှေ့ကကျောက်လှေကားကို မြင်တယ် မဟုတ်လား'

ကြူးဝူက မေးလိုက်သည်။

'ဟုတ်ကဲ့ပါ'

နန်နန် ကျောက်လှေကားကို မြင်ပါသည်။

သူမ၏ ရှေ့တည့်တည့် ပေနှစ်ဆယ်အကွာတွင် ကျောက်လှေကားတစ်ခုရှိသည်။

လှေကားထစ်များက ပြောင်လက်နေသည်။

'ဘယ်သူပဲဖြစ်ဖြစ် ကျောက်လှေကားထစ်ပေါ် နင်းလိုက်တာနဲ့ အသက်ခံရမှာပဲ'

ကြူးဝူက မာန်ထသော လေသံနှင့်ဆက်၍ ပြောသည်။

ကျောက်လှေကားထစ်နှင့် လိုက်ကာမှာ ပေနှစ်ဆယ် ကွာလှမ်းနေသည်။





အဘယ်ကြောင့် ကြူးဝူသည် သူ့ထံ တစ်စုံတစ်ယောက် လာမည်ကို စိုးရိမ်နေရသနည်း။

နန်နန် နားမလည်။

မေးလည်း မမေးဝံ့။

သူမ အသုံးပြုသည့် လက်နက်က ထိရောက်မှုမရှိတော့။

သည်ထက်ကြိမ်တွင်တော့ သူမ အရှုံးပေးရမည့်ကိန်း ဆိုက်နေသည်။

သည့်အတွက် သူမသည် ရှက်လည်းရှက်လာရသည်။

ရှောက်မှာတို့ကို မသိမှုသာ မျက်လုံးဝေ့၍ ကြည့်လိုက်၏။

'နင့်မောင်လေး အသည်းအသန် ဖြစ်နေတယ် မဟုတ်လား'

ကြူးဝူက မေးသည်။

'ဟုတ်ပါတယ်၊ အခြေအနေ တော်တော်ဆိုးပါတယ်၊ ဒါကြောင့် ဘကြီးဆီလာပြီး....'

နန်နန် စကားပြောနေစဉ် ကျန်းလုံကျိုသာ ကျောက်လှေကားဆီသို့ မသိမသာ ချဉ်းကပ်သွား၏။

သူ့အပြုအမူကို မည်သူမျှမရိပ်မိကြ။

သို့သော်....

နန်နန့်စကားမဆုံးမီ ကြူးဝူအ တားလိုက်၏။

'ရပ်လိုက်'

အောင်ဟစ်ဟန့်သားလိုက်သည့်အသံ ကြောင့် လိုက်လာသူမှာ တုန့်ခါသွားသည်။

ခေါင်းလောင်းသံကလည်း အဆက်မပြတ် မြည်သွား၏။

သည်တစ်ခါ အောင်ဟစ်လိုက်သည့်အသံက ပို၍ကျယ်သည်။

ပို၍တန်သည်။

လူအားလုံး၏ရင်ကိုပင် တုန့်ခါသွားစေ၏။

ကျန်းလုံကျိမှာ ရှေ့သို့ဆက်လျှောက်သွား၏။

'မင်း ငါ့ကို လိမ်လို့မရဘူး၊ မင်း...'

အခါတိုင်းဆိုလျှင် ကျန်းလုံကျိ၏လှုပ်ရှားဟန်မှာ လေးလံလှ၏။

ယခုမူ...

အရေးကြုံ၍ ထက်လုံကောင်းသည် ထင်ရ၏။

ကျန်းလုံကျိ၏လှုပ်ရှားဟန်မှာ သွက်လက်မြန်ဆန်လှ၏။

အထက်ပါစကား ပြောနေချိန်မှာပင် ကျန်းလုံကျိက ရှေ့သို့ ဆယ်ပေခန့် တက်သွားပြီးဖြစ်သည်။

ထိုအချိန်တွင် လူတစ်ယောက်က လိုက်လာသူနောက်ကွယ်မှ ပြေးထွက်လာသည်။

သူ့လှုပ်ရှားဟန်က ပို၍မြန်၏။

သွက်၏။





သူ့ရုပ်သွင်ကို သေသေချာချာ မမြင်ရ လာချိန်ပင် ထိုလူသာ ကျန်းလုံကျိထံ ခုန်ဝင်လာ၍ ကျန်းလုံကျိ၏ရင်ဘတ်ကို ခြေဖြင့် ကန်ထည့်လိုက်၏။

ကျန်းလုံကျိသည် သိုင်းပညာတတ်သူဖြစ်၏။

တစ်ချိန်ကဆိုလျှင် နာမည်ရသားသော တိုက်ခိုက်ရေးသမားဖြစ်၏။

ယခုမူ...

တစ်ဘက်လူ၏တိုက်ကွက်ကြောင့် လွတ်အောင်မရှောင်နိုင်၊ ကျန်းလုံကျိ၏ခန္ဓာကိုယ် လေထဲမြောက်တက်ပြီးမှ ပြန်ကျလာသည်။

ထို့နောက်...

ကျောက်လှေကားပေါ်မှ အောက်သို့ လိမ့်ဆင်းသွားတော့၏။

ရှမ်းရှမ်းသည် ရှေ့သို့တိုးထွက်လိုက်ပြီး ကျန်းလုံကျိကိုယ်ပေါ် ဝပ်ချလိုက်သည်။

'ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ'

ရှမ်းရှမ်းက ညင်သာစွာမေးလိုက်၏။

ကျန်းလုံကျိ အံကြိတ်ထား၏။

ပါးစပ်ပိတ်ထားသည်။

'ဟင်... ရှင် ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ'

ရှမ်းရှမ်းက ထပ်မေးသဖြင့် ကျန်းလုံကျိ စကားပြောရန် ဟန်ပြင်လိုက်သည်။

ပါးစပ်ဟလိုက်သဖြင့် သွေးများက ပွက်ခနဲ အံ ထွက်လာ သည်။

ရှမ်းရှမ်းမျက်နှာကို စွန်းပေသွားသည်။

သို့တိုင် ရှမ်းရှမ်းက ချဲ ရှာပုံမရ။

သူမမျက်နှာမှ သွေးများကို မသုတ်သေးဘဲ ကျန်းလုံကျို ပါးစပ်တွင် စွန်းပေနေသော သွေးများကို သူမ၏အင်္ကျီဖြင့် သုတ်ပေး၏။

ကျန်းလုံကျိုပါးစပ်မှ သွေးများကိုသုတ်ပေးရင်း ရှမ်းရှမ်း မျက်ရည်ကျလာသည်။

ကျန်းလုံကျိုပါးစပ်မှ သွေးများကို ရှမ်းရှမ်း သုတ်ပေးပြီး ချိန်တွင် သူမ၏မျက်နှာပေါ်၌ သွေးနှင့်မျက်ရည်များ ရော နှောပေကျံနေတော့သည်။

'ဟားဟတ် အဟွတ် ဟွတ်....'

ကျန်းလုံကျိုသည် ရှမ်းရှမ်းမျက်နှာကို မော့ကြည့်ရင်း ရင်း တဟွတ်ဟွတ် ဆိုးနေသည်။

ထို့နောက်....

ကျန်းလုံကျို အားယူ၍ပြုံးလိုက်သေးသည်။

'ငါ...ငါသေတဲ့အချိန်မှာ မျက်ရည်ကျတဲ့လူ ရှိလိမ့်မယ် လို့ ငါ လုံးဝ မမျှော်လင့်ခဲ့ဘူး'

'အို...ရှင့်အတွက် ကျွန်မဝမ်းနည်းတယ်၊ သိပ်ပြီးဝမ်းနည်း တယ်သိလား'





ရှမ်းရှမ်းကပြောရင်း အသံထွက်အောင် ငိုရှိုက်လိုက်၏။

'ငါလိုလူမျိုးတစ်ယောက်ဖေတွက်ကို မင်းဘာဖြစ်လို့ ဝမ်း နည်းရတာလဲ'

'ကျွန်မသိပါတယ် ကျန်းလုံကျိုရယ်၊ ရှင့်မေတ္တာကို ကျွန်မ ခံစားရပါတယ်၊ ကျွန်မလည်း ရှင့်ကို ချစ်နေတာပါ၊ ကျွန်မ ဒုက္ခရောက်နေတုန်း ရှင် ဂရုစိုက်တာတွေ ကျွန်မ ဘယ်လို မေ့လို့ ရမှာလဲ၊ ရှင်က အခုလိုလုပ်လိုက်တော့— ဟင့်....'

ပြောရင်း ရှမ်းရှမ်း ရှိုက်လိုက်ပြန်သည်။

ကျန်းလုံကျို ရှမ်းရှမ်းကို မယုံကြည်နိုင်သလို ကြည့်နေ၏။

ရှောက်မာက ကျန်းလုံကျိုအနား ကပ်လာ၏။

'ခင်ဗျား ဒီလိုတခဖြစ်လို့ လုပ်လိုက်ရတာလဲ'

ခပ်တိုးတိုးမေးသည်။

'အဟွတ် အဟွတ် ဟွတ်...'

ကျန်းလုံကျို မနားတမ်း ချောင်းဆိုးနေပြန်၏။

'ဘာဖြစ်လို့လဲဆိုရင်....'

ထိုစကားအဆုံး ကျန်းလုံကျို နောက်ဆုံးပြောသွားသော စကားပင်တည်း။

## အခန်း (၂၆)

ရှမ်းရှမ်း ခနားတမ်း ရှိုက်ငိုနေ၏။

ကျွန်းလုံကြီး သူ့အပေါ်ထားရှိသော မေတ္တာကို သူမ နားလည်သည်။

သို့သော် —

ကျွန်းလုံကြီး တစ်ခွန်းမဟ။

စကားမဆို။

သူ့မျက်လုံးများကသာ မေတ္တာ၏အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုနေသည်။

ရှမ်းရှမ်း အခုဖြင့် ပြောင်ပြောင်တင်းတင်း တုံ့ပြန်ရန် ခက်နေသည်။





ကျွန်းလုံကြီးသည် သနားစရာကောင်းသော အတိုးအဓိ ဖြစ်သည်။

ဖိနှိပ်ချုပ်စားသူ ဖြစ်သည်။

ဤအချက်ကသည်း ရှမ်းရှမ်းအတွက် ဓာရှတာသက်စရာ ဖြစ်နေပြန်သည်။

မေတ္တာစစ် မေတ္တာမှန်ဆိုသည်မှာ အရွယ်နှင့်မဆိုင်။

အဆင့်အတန်းနှင့်လည်း မဆိုချေ။

လူတစ်ယောက်အား မိမိအပေါ် မေတ္တာစစ်နှင့် ဆက်ဆံလာလျှင် ငဲ့သားစားရမည်၊ တုံ့ပြန်ရမည် ဟု ရှမ်းရှမ်း နားလည်သည်။

သို့သော်...

အချိန်က နှောင်းသွားခဲ့လေပြီ။

ရှမ်းရှမ်းက ရှိုက်နေဆဲပင်။

ရှောက်မာ မျက်ရည်မကျ။

ချုန်ဖဲ ဖီသည်း မျက်ရည်မကျ၊

ရှောက်မာရင်ထဲ၌သာ တင်းကျပ်နေသည်။

နောင်တရနေ၏။

နောင်တရနေသည့်အကြောင်းမှာ သူသည် ကျွန်းလုံကြီးကို ခေါ်ခဲ့မိသောအကြောင်းပင် ဖြစ်သည်။

တစ်နည်းဆိုရသော် အသုံးကျမည်ထင်၍ဖြင့် ခေါ်ခဲ့ခြင်း ဖြစ်သည်။

ကျွန်းလုံးကျွဲသည် အလုံးသည်းကျခဲ့ပေ၏။

ယခုတော့ သေသွားရှာပြီ။

ရှောက်မာနှင့်ချန်ဖဲ့ဖိသည် လိုက်ဖာရှေ့တွင်ရပ်နေသော လူကို စိုက်ကြည့်နေသည်။

ကျွန်းလုံးကျွဲကို တစ်ချက်တည်းနှင့် အသေကန်ခဲ့သူကို စိုက်ကြည့်နေကြခြင်းဖြစ်၏။

ထိုသူမှာ လူပုအသေးလေးဖြစ်သည်။
သို့သော် ကျွန်းမာသန်စွမ်းပုံရသည်။

သူ့ခြေထောက်အနှစ်ပေမျှပင်မရှည်။
သို့သော် ...

သစ်သင် ပင်စည်ကဲ့သို့ တုတ်ခိုင်သည်။
သန်မာသည်။
'တယ်ကောင်းတဲ့ တိမ်ပျံခြေထောက်ပါလား'

ချန်ဖဲ့ဖိက ပြောလိုက်၏။
လူပုလေးက ဘာမှမပြော။
သွားဖြဲပြီး ပြုံးပြနေသည်။
ထိုအချိန်တွင် ကြူးဝူ၏အသံက လိုက်ဖာနောက်ကွယ်မှ ပေါ်ထွက်လာ၏။
'သူက အအ ပဲ၊ စကားဘယ်ပြောတတ်ပါ့မလဲ'
ထိုအခါ ချန်ဖဲ့ဖိက ....





'သိုင်းလောကမှာ နာမည်ကြီးတဲ့ အအ နှစ်ယောက်ရှိတယ်၊ အနောက်မြောက် အအ နှစ်ဖော်လို့ ခေါ်တယ်၊ ဟုတ်မလားတော့ မသိဘူး'
'ဟုတ်တာပေါ့'
ကြူးဝူက ပြန်ပြောလိုက်သည်။
'ဒါဆိုရင် ဒီလူဟာ အနောက်မြောက်ဘက်မှာရှိတဲ့ မိုးမြေကိုက်ဝင် လျှာမရှိတဲ့လူ မဟုတ်လား'
'မင်း တော်တော်နဲ့ စပ်တာပဲ'

'ကျွန်းလုံးကျွဲဟာ ဒီလိုနာမည်ကြီးတဲ့လူရဲ့ လက်ချက်နဲ့ သေသွားရတယ်ဆိုတော့ သေသင့်သေထိုက်လို့ သေရတယ်လို့ပဲယူဆရမှာပဲ'

'ကျောက်လှေဘားထစ်ပေါ် တက်တာနဲ့ အသတ်ခံရမယ်လို့ ငါ ကြိုတင်သတိပေးခဲ့ပါတယ်'

'ခင်ဗျားပြောတဲ့ စကားတစ်ခွန်းကို ကျုပ် မှတ်မိသေးတယ်'

'ဘာစကားလဲ'
'လူသတ်တဲ့လူ အသတ်ခံရမယ် ဆိုတာပဲပေါ့'
ချန်ဖဲ့ဖိ ပြောလိုက်သည်။
အကွက်ကျကျ ပြောလိုက်သော ချန်ဖဲ့ဖိ၏စကားကို ရှောက်မာ သဘောကျသွား၏။

'ဘာလဲ၊ ထင်းက မင်းမိတ်ဆွေအတွက် ဘာလဲ ဘား ချေချင်တယ်ပေါ့ ဟုတ်လား'

ဟုတ်တယ်

'မင်း တစ်နေ့ ... ရှာတာမှာပေါ့ အခုကောလုံး၊ စိတ်မကူးနဲ့၊ လှကားထစ်ပေါ် တက်မိတာနဲ့ မြွေးပျံတွေက မင်းကိုယ်ကို စူးဝင်သွားမယ်'

စကားမဆုံးမီမှပင် လိုက်ကာတစ်ဘက် တစ်ချက်စီရှိ နံရံတို့မှ အမေါက်ငယ်များ အစီအရီ ပေါ်လာသည်၊

အဆုံအတွက် မျှားပြွေးလှသော မြှားပျံများက ချန်ပဲ့ဖိုကို ချိန်ရွယ်ထားသည်၊

ချန်ပဲ့ဖိ တစ်ကိုယ်လုံး အေးစက် တောင့်တင်းသွားသည်၊

မည်သည့်ပစ္စည်းမှ မရှိသော ခန်းမကြီးထဲတွင် နေရာတိုင်းလိုလို လူ့အသက် ခြွေနိုင်သော လက်နက်များ ပေါ်ထားသည်၊

'ကျွန်းလုံကျို သေသွားရပေမယ့် နာမည်ကြီးရဲ့ လက်ချက်နဲ့ သေသွားရတာပေါ့၊ ပြီးတော့ မိန်းမချော ရင်ခွင်ထဲမှာအသက်ထွက်သွားရတာ သေရကျိုး နပ်ပါတယ်'

နန်နန် ညင်သာစွာပင် ပြောသည်၊

'အဟဲဟဲ... မင်းပြောတာ သိပ်မှန်တယ်'

ရှောက်မာ ရယ်ကာမောကာ ဝင်ပြောသည်၊





စင်စစ် ရှောက်မာ၏ ရယ်သံတွင် ငိုသံပါဝက် ရောစွက်နေ၏၊

'သေတဲ့လူက ပြန်ရှင်နိုင်မှာ မဟုတ်ဘူး၊ လူဆိုတာ တစ်နေ့မဟုတ် တစ်နေ့ သေရမှာချည်းပဲ'

နန်နန်က ဆက်၍ ပြောသည်၊

ရှောက်မာ မခံချည့်မခံသာ ဖြစ်သွားရသည်။

'ဒါဆိုရင် ဘာဖြစ်လို့မင်းမောင်လေးရဲ့အသက်ကို ဇီဗောက်ထိ နှမျောရတာလဲ'

ရှောက်မာက လေသံတင်းတင်းဖြင့် အော်မေးလိုက်သည်။

'ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကျွန်မမောင်လေး ဖြစ်နေလို့ပဲ'

သူမ၏ အသံက တည်ငြိမ်လွန်းလှသည်၊

နန်နန်ကပင် ဆက်၍ ပြောသည်။

'ဒီဓာတ်ကို ကျော်နိုင်ဖို့ ရှင် အကာအကွယ် ပေးနိုင်တယ်ဆိုတာ ကျွန်မ အပြည့်အဝ ယုံကြည်ထားတယ်၊ ဒါကြောင့်လဲ ကျွန်မမောင်လေး၊ အသက်ကို နှမျောတာ'

ရှောက်မာ ပါးစပ်ပိတ်သွားတော့သည်။

'ကျွန်မ မောင်လေးဟာ အင်မတန် သနားစရာ ကောင်းပါတယ်၊ ငယ်ငယ်ကတည်းကချူချာတယ်၊ အမြဲလိုလို နာမကျန်းဖြစ်နေတယ်။

ကျွန်မမှာ ချစ်စရာဆိုလို့ ဒီ[illegible]တယ်၊ သူသေသွားရင် ကျွန်မ ဘယ်လိုခံစားရမလဲ စဉ်းစားကြည့်ပါ'

ပြောရင်း အမှုအသံက ဆို့နင့်လာ၏။

မျက်ဝန်းထဲတွင် မျက်ရည်[illegible]လာသည်။

သူမသည် လိုက်ပါလာသော[illegible] ပြုလိုက်ပြန်သည်။

'ဟို နေ့က...

ဘကြီးကြူး အသက်ခြေမယ်ဆိုရင် ပုရွက်ဆိတ် တစ်ကောင်ကို ခြေထောက်နဲ့ နင်းသတ်တာနဲ့ အတူတူပဲ၊ ဒါကြောင့် ကျွန်မတို့ကို ချမ်းသာပေးဖို့ တောင်းပန်ပါတယ်။

ဒီကောင်ကိုကျော်ပြီး ဆေးဆရာဆီမှာ ဆေးကုသခွင့် ပေးပါလို့ တောင်းပန်ပါတယ်'

နန်းနန်းက တောင်းပန်လိုက်သည်။

'ငါက သူ့ကို လွှတ်ပေးချင်တယ်၊ သူက ပုရွက်ဆိတ်မဟုတ်ဘူး၊ ပုရွက်ဆိတ်ဆိုရင် ဝေါယာဉ်စီးမှာ မဟုတ်ဘူး'

ကြူးဝူက လေသံမာမာဖြင့် ပြောလိုက်သည်၊

'သူက ဘကြီးကြူးကို မလေးစားလို့ ဝေါယာဉ်ထဲမှာ ထိုင်နေတာ မဟုတ်ပါဘူး'

'ဒါဆိုရင် ဘာကြောင့်လဲ'

'နေမကောင်း လွန်းလို့ပါ၊ လေစိမ်းတိုက် မခံနိုင်ရှာလို့'

'ဒီနေ့ရာမှာ လေစိမ်းတိုက်သလား'

'မတိုက်ပါဘူး'





'ဒါဖြင့် ဘာကြောင့် ထွက်မလာတာလဲ'

'ဘာကြောင့်လဲဆိုတော့ အဖြစ်မှာက ဝေါယာဉ်ထဲမှာ ထွက်လာ[illegible] မရှိလို့ပါ'

နန်းနန်းက ရှင်းပြလိုက်သည်။

'ဟား ဟား ဟား'

ကြူးဝူက အားပါးတရ ရယ်မောလိုက်သည်၊

'မြီးမှ....

[illegible] စကားဆိုင်ဘင်ပါလား'

'ကျွန်မ အဖြစ်မှန်ကို ပြောနေတာပါ'

'ဒီကောင်ကို ဆွဲထုတ်လိုက်ကြစမ်း၊ သေပြီလား၊ မသေသေးဘူးလားဆိုတာ ကြည့်ကြရအောင်ပါ'

ကြူးဝူ စကားဆုံးသည်နှင့် လူခြောက်ယောက် နံရံနောက်ကွယ်မှ ထွက်ပေါ်လာသည်။

ထိုလူများထဲတွင် ရွှေမား ငွေမား ညိုနောင်အပြင် ပုကျွန်ရော ခြံထဲတွင် တံမြက်စည်းလှည်းနေသည့် အဘိုးအိုပါ ပါလာသည်။

လျှာမရှိသော လူပုကလေးသည် ရှေ့သို့ ခုန်ထွက်လာသည်။

ချန်ဖဲ့ဖိသည် လျှာမရှိသော လူပုကလေးကို သတိထား၍ စောင့်ကြည့်နေ၏။

သူသည် ကျောက်လှေကားကို ခုန်ကျော်ကာ လူပုကလေးအား ဓားဖြင့် ထိုးလိုက်သည်၊

လူပုကလေးကလည်း အလွန်လျင်သည်၊

သေထဲတွင် ဝဲပုံနေချင်းကပင် ကိုယ်ကိုတွန့်ကာ ရှောင်တိမ်းပေးလိုက်၏။

ချန့်ဖဲ့ဖိ၏ဓား လွဲချော်သွားသည်။

လူပုကလေး၏ ခြေထောက်က သူ့ထံ တန်းဝင်လာသည်။

သူတို့နှစ်ဦးသည် အပြန်အလှန် တိုက်ခိုက်နေတော့သည်။

နှစ်ဦးစလုံး အကြမ်းဆုံးတိုက်ကွက်ကိုသုံး၍ တိုက်ခိုက်ကြသည်။

ချန့်ဖဲ့ဖိ ဓားချက်များက တဝှစ်ဝှစ် မြည်နေသကဲ့သို့ လူပုကလေး၏ ထနီချက်များကလည်း တဝီးဝီး မြည်နေသည်။

မည်သူကမျှ ထိအောင် မတိုက်ခိုက်နိုင်ကြသေး။

သို့သော်...

တစ်ယောက်ယောက်ကတော့ သေပွဲဝင်ရမည်မှာ သေချာနေလေသည်။



## အခန်း (၅၇)

ရှောက်မသည် ခြံထဲတွင် တံမြက်စီးလှည်းနေသော အဘိုးအိုကို ရင်ဆိုင်လိုက်သည်။

'မင်းဟာ လူတော်တစ်ယောက်ပါ၊ ဝါ မင်းကို မသတ်ချင်ပါဘူးကွာ'

အဘိုးအိုက ပြောသည်၊

'ကျေးဇူးတင်ပါတယ်'

'ငါ လူသတ်တာ ဝါသနာမပါဘူး'

'ဟယ် ယဉ်ကျေးပါလား'

ရှောက်မက ပြန်ပြောလိုက်သည်။

'မင်း၊ ငါပြောတာ နားထည်ပါကွ'

'ဟုတ်ကဲ့၊ ဒါနဲ့ နေပါဦး၊ ခင်ဗျား နေ့ဘက်မှာ ဒီမှာ ရှိတယ်၊ ညဘက်မှာ ဘယ်သွားနေသလဲ'

'ဝါ ဘယ်သွားတယ်ဆိုတာ မင်း မှန်းဆကြည့်စမ်း'

'လူသွားသတ်နေတာပေါ့၊ ခင်ဗျားကိုယ်တိုင် သတ်ချင်မှ သတ်မယ်၊ ဒါပေမယ့် လူသတ်ပွဲကို ကြည့်ချင်တယ် မဟုတ်လား'

ရှောက်မာသည် ညအချိန် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်များကို ပြန်လည် မြင်ယောင်လာသည်။

ညဝံပုလွေများ ဝိုင်းဝန်းတိုက်ခိုက်သောစဉ် ခြေထောက်ကျိုး ကြီးတစ်ယောက် ကျောက်တုံးပေါ်တွင် ရပ်ကြည့်နေခဲ့သည် မဟုတ်ပါလား'

'နေ့ဘက်မှာ တံမြက်စည်းလှည်းတယ်၊ ညဘက်မှာ လူသတ်တယ်၊ ခင်ဗျား မပင်ပန်းဘူးလား'

'တံမြက်စည်းလှည်းတာရော၊ လူသတ်တာရော စိတ်ဝင်စားစရာ ကောင်းတာချည်းပဲ၊ မပင်ပန်းပါဘူး'

'ဟုတ်မယ်၊ လူတစ်ယောက်ဟာ ကိုယ်ဝါသနာပါတဲ့အလုပ်ကို လုပ်ရရင် ပင်ပန်းတယ် မထင်ဘူး'

မင်းရော ဘာဝါသနာပါသလဲ'

'ခင်ဗျားရဲ့ နှာခေါင်းကို လက်သီးနဲ့ ထိုးမယ်၊ တစ်ချက်နဲ့ မမိရင် မိတဲ့အချိန်အထိ ဆက်ထိုးမယ်၊ အချက်ပေါင်း ထောင်သောင်းချီလို့ ထိုးရပါစေ၊ ကျုပ် မပင်ပန်းဘူး၊ မမောဘူး'





ရှောက်မာက ပြောရင်း လက်သီးဖြင့် မနားတမ်း ဝင်ထိုးသည်။

စကားဆုံးချိန်တွင် ခုနစ်ချက် ထိုးခဲ့ပြီးဖြစ်သည်။

အဘိုးကြီးကို လက်သီးနှင့်ထိုးရန်မှာ အလွန်မလွယ်ကြောင်း သိရှိလိုက်သည်။

အဘိုးအိုသည် အသက်အရွယ်နှင့် မလိုက်အောင် လျင်မြန်လွန်းသည်။

သွက်လက်လွန်းသည်။

ရှောက်မာ၏ လက်သီးချက်များကို ရှိပ်ခနဲ ရှိပ်ခနဲ ရှောင်သွားသည်။

ရှောက်မာ အမောခံနိုင်သည်။

ဇွဲရှိသည်။

သို့သော် နှိန်နှိန်နှင့် လူမမာအတွက် စိတ်ပူနေရ၏။

ငွေမား ငွေခါးညီနောင်နှစ်ဖော်က နှိန်နှိန်တို့ထံ လျှောက်သွားနေပြီ ဖြစ်သည်။

ပုကျွန်က ခပ်လှမ်းလှမ်းတွင် စောင့်ကြည့်နေသည်။

နှစ်ကိုယ်ခွဲပြီး သူတို့အား စောင့်ရှောက်နိုင်မည် မဟုတ်၊ ထို့ဖြင့် မြားတန်းနှစ်တန်းက အသင့်ချိန်ရွယ်ထားသည်ကို ခံနေရသည်။

ရှောက်မာ အသေခံမည်ကို မကြောက်။

အကြောက်ရဆုံးလူမှာ လက်ရှိ ပြိုင်ဘက်လည်း မဟုတ်။
ပုကျန်နှင့် ရွှေမား ငွေမားညီနောင်လည်း မဟုတ်။
အကြီးဆုံးရန်သူမှာ ကြူးဝူ ဖြစ်သည်။
သူသည် ဝံပုလွေဂိုဏ်း၏ အရှင်သခင်။

ကြောက်စရာ ကောင်းသော လေသိုင်းပညာကို တတ်မြောက်ထားသူ။

မို၏ကြောက်စရာကောင်းသည်မှာ သူ၏ ညာဏ်နီညာဏ်နက်ပင် ဖြစ်သည်။

'မမီးတို့က မိတ်ကောင်းဆွေကောင်း ပီသကြတယ်၊ ငါ့မင်းတို့ချင်း တွေ့ခွင့်ပေးရမှာပေါ့'

ကြူးဝူက အထက်ပါအတိုင်း ပြောခဲ့သည်။
ရှောက်မားအမှု ယခုမှ ကြူးဝူ စကားကို သဘောပေါက်သည်။
လူသတ်နည်းအလည်း ကြူးဝူတွင် အမျိုးမျိုး ရှိသည်။
ကြူးဝူသည် အရက်စက်ဆုံးနည်းကိုသာ သုံးမည်ဖြစ်သည်။
အစကတည်းက ကြူးဝူသည် ရှောက်မ၏ လက်သီးနှစ်ဘက်ကို လိုချင်စိတ် မရှိပါ။
ချန့်ဖဲ ဖီ၏မေးကိုလည်း လိုချင်စိတ် မရှိ။
သူ လိုချင်သည်က ရှောက်မာတို့ အားလုံး၏ အသက်သာ ဖြစ်သည်။





လူနာသည် ဝေါယာဉ်ထဲမှာ ရှိနေသည်။
နန်းနန်းက ဝေါယာဉ်အနီးမှ မခွာပါချေ။
သူမသည် သူမထံသို့ လျှောက်လှမ်းလာသော ရွှေမား ငွေမားညီနောင်ကို မြင်သွား၏။

ရှောက်မာက မီးကုန်ယမ်းကုန် ကြဲနေသည်။ ချန့်ဖဲ့ ဖီက အသက်လုပွဲ ဆင်နွှဲနေသည်။

နန်းနန်းက နှစ်ခြိုက်စွာ ရယ်မောနေသည်၊ ရယ်သံက ချိုလွင်သာယာနေ၏။

'မောင်လေးတို့ အသက်ဘယ်လောက် ရှိပြီလဲ'

နန်းနန်းက ရွှေမား ငွေမား ညီနောင်ကို ဆီးမေးလိုက်၏။ မေးမြန်းခြင်းကို နှစ်သက်မည်မဟုတ်မှန်း သိလျက်ကပင် မေးလိုက်ခြင်း ဖြစ်၏။

ရွှေမား ငွေမားညီနောင်က မဖြေ။
နန်းနန်းကို စိုက်ကြည့်လိုက်သည်။
'ရှမ်းရှမ်း...'
နန်းနန်းက ရှမ်းရှမ်းကို ခေါ်လိုက်သည်။
'နင့်ကိုယ်နှင့် ရုပ်ဆိုးတယ်လို့ မထင်ဘူးလား'
ရှမ်းရှမ်း အနီးရောက်လာသောအခါ နန်းနန်းက မေးလိုက်သည်။
'ဒါဖြင့် သူတို့ကို အလှပြလိုက်လေ'

ရှမ်းရှမ်းက ကျော့ရှင်းသော ကိုယ်ဟန်ကို လှုပ်ခါပြလိုက်သည်။

သို့သော် ရွှေမား ငွေမား ညီနောင်က ရှမ်းရှမ်းကို စရှမကိုက်၊ နန်းနန်းကိုသာ ကြည့်နေသည်။

'သူက မလှဘူးလား'

'လှတာပေါ့'

'ဒါဆိုရင် သူ့အလှမြတ်ာ ကြည့်လေ'

'တို့က နင့်ပဲ ကြည့်ချင်တယ်'

ရွှေမား ငွေမား ညီနောင်က ဖိုင်တူခဖြသည်။

နန်းနန်းက ကြွယ်သီး တစ်လုံးကို ဖြုတ်လိုက်သည်။

ရင်ကြား အတွင်း၌ လက်နက်ပုန်း ရှိ၏။

နန်းနန်း လက်နက်ပုန်း ဖြင့် ပစ်လိုက်၏။

'ချင်...'

'ချင်...ချင်'

နန်းနန်း လက်နက်ပုန်းများကို ရွှေမား ငွေမား ညီနောင်က သူတို့၏ဓားများဖြင့် ကာထုတ်လိုက်သည်။

နန်းနန်း ဂုက်ထားသော ဓားကို ဆွဲထုတ်လိုက်သည်။

မဟာတ်သာသည်နှင့် ရွှေမား ငွေမား ညီနောင်ကို ရင်ဆိုင်ရတော့သည်။

'ချင်....'

'ချွမ်း...ချွမ်း'

'ထန်း...ထန်း...ထန်း'

'အိုး....'





နန်းနန်း သိုင်းပညာကောင်းကောင်းတတ်၏။

ထို့ပြင် အတော်လည်း အဆင့်မြင့်သည်။

သို့သော် ရွှေမား ငွေမားညီနောင်ကို မယှဉ်သာပေချေ။

သူတို့မှာ အမြွာပူး ဓားရေးထက်သည်။

လှက်ညီသည်။

ခဏချင်းမှာပင် နန်းနန်း၏ဆံထုံး ပြုတ်ခွေခြင်းကို ခံလိုက်ရသည်။

ဓားနှင်လက်က နန်းနန်းကို မြေဆိုးကြီးများ ရစ်ပတ်ထားသကဲ့သို့ ရစ်ပတ်ထား၏။

သူမ အသက်လုပြီး ရှောင်တိမ်းနေရသည်။

'ရှောက်မာ...ကျွန်မကို မြန်မြန်လာပေးယ'

မဟာတ်သာသာဖြင့် အကူအညီ တောင်းရိုက်ရတော့သည်။

ရှောက်မာကလည်း သူမကို ကူညီချင်ပေ၏။

သို့သော် ထော့ကျိုကြီး၏ တိုက်ကွက်ကို ရှေ့ဖျက်နေရလေသည်။

ပုကျွန်၏ ဆေးတံအိုးထဲမှ ခဲသားများက ပူလောင်လှန်းလှသည်။

ရှောက်မာ နန်းနန်းကို သယ်လိုမှ မကယ်နိုင်အောင် ဖြစ်နေရတော့သည်။

'ရှင်တို့ ကျွန်မကို တကယ်ပဲ သတ်ရဲတယ် ဟုတ်လား'

နန်းနန်းက အော်မေးလိုက်သည်။

ရွှေမား ငွေမား ညီနောင်တို့က နန်းနန်းအား လုံးဝ ဂရုမစိုက်ပါချေ။

နှိနှိကို ဆက်၍ တိုက်ခိုက်နေ၏။
'ထန်း...ထန်း...ထန်း'
'ချွမ်...'
နှန်းနှလက်ထဲမှဓား လွတ်ကျသွားသည်။

ရွှေဓားဓါဓားက နန့်နန့်လည်မျိုဆီသို့ ဦးတည်လာသည်။
ငွေဓားဓါဓားက သူ၏ ရင်ဆီသို့ တန်းဝင်လာသည်။

ထိုအချိန်တွင်...

'သူ့ကို ချန်ထားလိုက်'
ကြူးဝူက အော်လိုက်သည်။
ဓားနှစ်လက်စလုံး ရပ်တန့်သွားကြသည်။
'ငါက ဝေါယာဉ်ထဲမှ သူကိုပဲ လိုချင်တယ်'
'အဲဒါယူမသွား၊ အရှင်ယူမလား'
'သက်...'
ကြူးဝူ တစ်လုံးစည်းသာ ပြောလိုက်သည်။

## အခန်း (၅၀)

စံပုံလှေတောင်ပေါ်မှ လူများသည် လှူ့အထက်ကို စန့်ပိုးထေားတတ်။
ကြူးဝူက သတ်ဆိုလျှင် သတ်မည် သာပင်။
ရှောက်မှာအည်လည်း ဘာမှ မတတ်နိုင်။
သူသည် နန်နန့် မောင်လေးအသက် ရှင်ရေးအတွက် စံပုလှေတောင်ကို ကျော်နိုင်ရန် ကူညီမည်ဟု ကတိပြုခဲ့သည်။
ယခု သူကိုယ်တိုင် အသက်လုနေရသည်။
ဘာမှ မတတ်နိုင်။
သတ်ဖျူသော အမိန့်သံထွက်ပေါ် လာသည်နှင့် ဝေါယာဉ်ထမ်းလာသူ အနက်ရောင်ဝတ်စုံရှင်လေးဦးက ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။

ဓားရှည်သားသက်သည် ဝေါယာဉ်ကို လေးဘက်လေးတန်မှ ထိုးစိုက်လိုက်ကြသည်။

ရွှေခါး ငွေခါးကိုလည်း သူတို့၏ဓားများကို ဝေါယာဉ်ထဲသို့ ထိုးစိုက်လိုက်ကြ၏။

ဝေါယာဉ်ထဲမှလူ မည်သည့်ပင် ရှောင်တိမ်းရှောင်တိမ်း လွတ်မည်မဟုတ်။

အသက်ပျော့ပျော့သာ ရှိသေး လူမမာဆိုတော့ ပို၍ ဆိုးမည်။

နှိုးနှိုးအစ်ကိုယ်သုံး ပျော့ခွေသွားသကဲ့သို့ ခံစားလိုက်ရသည်။

သူမသည် မျက်နှာကို လက်နှစ်ဘက်နှင့် အုပ်ထားလိုက်လေသည်။

ဝေါယာဉ်ထဲတွင် ရှိနေသည်က သူမ မောင်လေး။

သူမ မောင်လေး မရှုမလှအသေဆိုးသွားမည်ကို သူမအနေနှင့် မည်သို့မျှ မကြည့်ရက်။

သို့သော် စိတ်ထဲကမူ ကြည့်ချင်နေ၏။

သူမသည် ဝေါယာဉ်ဆောင့်ကို မှီကာ မျက်နှာကို လက်ဝါးနှစ်ဘက်နှင့် အုပ်ထားခြင်း ဖြစ်၏။

သူမသည် အရဲစွန့်ကာ လက်ချောင်းများကိုဖြဲလျက် ဟနေသော နေရာမှ ဝေါယာဉ်အတွင်းသို့ ကြည့်လိုက်၏။





သွေးကို မမြင်ရ

အော်ညည်းသံကို မကြားရ။

ဓားများအား ဝေါယာဉ်အတွင်းသို့ ထိုးပြီးသည်။ ထိုးဖောက်ဝင်ရောက်သွားသည်။ တုံ့ပြန်မှု တစ်စုံတစ်ရာ ဖြစ်မလာခဲ့ပါချေ။

ဓားကို ကိုင်သူ ခြောက်ယောက်စလုံး မျက်နှာပျက်သွားကြ၏။

ခြောက်ယောက်မျှ အသက်အောင့်တင်းလာကြ၏။

ဝေါယာဉ်တွင်းမှ တဖျောက်ဖျောက်မြည်သံ ကြားလာရသည်။

လူခြောက်ယောက် ဖြိုင်တူ နောက်ပြန်ဆုတ်လိုက်ကြလေသည်။

ဓားခြောက်လက်စလုံးလည်း ဝေါယာဉ်ထဲမှ ပြန်လည်၍ နှုတ်ထားလိုက်ကြသည်။

ဓားကြီးလေးလက်သည် ဓားဦးမရှိတော့ပါ။

ရွှေခါးနှင့် ငွေခါးမှာလည်း ထက်ပိုင်းကျိုးသွားခဲ့ပြီ ဖြစ်သည်။

'ငါတင်တဲ့အတိုင်း ဖြစ်နေသကို။ ဟာဟာ အရွမ်းထက်မှုသကို။ ဟား...ဟား...ဟား'

ကြုံးဝူက ရယ်ကာမောကာ ပြောလိုက်သည်။

...စ်ဆက်တည်းမှ ပင်....

'မြားနဲ့ ပစ်ဟေ့'

အမိန့်ပေးလိုက်သည်။

လေးခွင်းသံကို ကြားလိုက်ရသည်။

တစ်ဆက်တည်း မြားတံများက လေကို တိုးဖြတ်ပြီး ဝေါယာဉ်ထဲ ဖောက်ဝင်သွားသည်။

သို့သော် မြားတံများသည် ဝေါယာဉ်ထဲမှ ပြန်ကန်ထွက်လာသည်။

မြားဦးမပါသော မြားတံများ ဖြစ်နေသည်။

မြားဦး ဘယ်နေရာသို့ ရောက်သွားလေသနည်း။

ထိုအချိန်တွင်....

'ဝှစ်....'

အသံနှင့်အတူ ဝင်းလက်သော အရာများသည် ဝေါယာဉ်ထဲမှ ပြိုင်တူထွက်ပေါ်လာသည်။

ထိုအရာများသည် မြားလာရာ အပေါက်ငယ်များဆီသို့ တန်းဝင်သွားသည်။





'အိုး'

'အား'

'အား'

'အီး'

ပြိုင်တူအော်ညည်းသံများနှင့်အတူ သွေးများသည်အပေါက်များထဲမှ စဉ်ထွက်လာသည်။

အဖြစ်အပျက်ကို အားလုံးမြင်နေရသည်။

ရှောက်မာသည်လည်း မြင်နေရသည်။

စိတ်ထဲတွင် မည်သို့ ခံစားလိုက်ရကြောင်းပင် ရှောက်မာ မသိလိုက်တော့ချေ။

သူတို့ကိုအကာအကွယ်ပေးနေသော ဝေါယာဉ်ထဲမှလူသည် အဆင့်အမြင့်ဆုံးသိုင်းပညာရှင်ဖြစ်ကြောင်း ရှောက်မာသဘောပေါက်သွားသည်။

ထိုသူသည် အဘယ်ကြောင့် လူမမာဟန်ဆောင်ပြီး ဝေါယာဉ်ထဲတွင် အောင်းနေရသနည်း။

သူ့အားအကာအကွယ်ပေးရန် ရှောက်မာကို စာကြောင့် အကူအညီတောင်းခဲ့ရသနည်း။

'ရပ်လိုက်'

ကြူးဝူက အမိန့်ပေးလိုက်သည်။

ရှောက်မာ ချက်ချင်းရပ်လိုက်သည်။

ချောက်မှာ ဘာမသိဘာမသိနှင့် ဝေါယာဉ်ထဲမှလူအတွက် မတိုက်ခိုက်လိုတော့ပါချေ။

ချန်ပဲ့ဖိုကလည်း ရပ်လိုက်သည်။

သူသည်လည်း ချောက်မှာကဲ့သို့ပင် ခံစားမိမည်သာစ။ ခန်းမတစ်ခုလုံး ပြန်လည်ပြီးငြိမ်ကျသွားသည်။

'သူ့ကိုသွားမခန့်နှဲ့လို့ ကျွန်မပြောသားပဲ၊ ကျွန်မပြောတာကို ဘာဖြစ်လို့နားမထောင်ရတာလဲ'

နန်းနန်းက ပြောသည်၊

ထိုအချိန်တွင်....

ဝေါယာဉ်ထဲမှလူက ချောင်းဆိုးနေပြန်သည်။

'အဖြစ်မှန်က ဘူးပေါ်သလိုပေါ်နေပြီပဲ၊ ဘာဖြစ်လို့ ခုထိ ဖျားချင်ယောင်ဆောင်နေရတာလဲ'

'သူ နဂိုကတည်းက ရောဂါရှိတာပဲ'

နန်းနန်းက ပြောလိုက်သည်။

'ဘာရောဂါလဲ'

ကြူးဝူက မေးသည်၊

'စိတ်ရောဂါ'

'တော်တော်ပြင်းသလား'

'ရောဂါက မကျွမ်းသေးဘူး၊ ဆေးကောင်းမတွေ့ရင် ပြန် ကောင်းသွားမှာပါ'





'ဟုတ်ရဲ့လား'

'ဟုတ်တယ်၊ သူ့ရောဂါကိုကုနိုင်တဲ့ဆေး တခြားနေရာမှာ မရှိဘူး'

'ဘယ်မှာရှိသလဲ'

'ဒီမှာပဲရှိတယ်၊ ဒါကြောင့် ဒီတောင်ပေါ်ကိုတက်လာတာ'

'လက်စသတ်တော့ ငါ့ကိုတွေ့ချင်လို့ မင်းတို့သ ပရိယာယ် သုံးလိုက်တာကိုး'

ကြူးဝူက သဘောပေါက်သွားသောလေသံဖြင့် ပြောလိုက် သည်။

နန်းနန်း ဘာမှမပြော ငြိမ်နေလိုက်သည်။

'ဒါဆိုရင် ဘာဖြစ်လို့ဝေါထဲမှာ ပုန်းနေရတာလဲ'

ကြူးဝူက မေးလိုက်သည်။

'နေဦး၊ ကျွန်မမေးလိုက်ဦးမယ်'

ပြောပြောဆိုဆို နန်းနန်းက ဝေါယာဉ်နားကပ်သွားပြီး မေး လိုက်သည်။

'တကြီးကြူးက နင့်ကိုတွေ့ချင်တယ်တဲ့၊ ဘယ်လိုသဘော ရသလဲ'

'အင်း'

ဝေါယာဉ်ထဲမှလူက အင်းတစ်ချက်လိုက်သည်။

နန်းနန်းက ချက်ချင်း လိုက်ကာကိုလှန်လိုက်၏။

လူတစ်ယောက်က နန်းနန်းကိုအားပြုံးလျက် ဓဝါယာဥ်ထဲမှ ဆင်းလာသည်။

ထိုသူ၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်နေသည်။
သိုးမွှေးများသည် သူ့တစ်ကိုယ်လုံး လွှမ်းခြုံထားသည်။
သူသည် ရုပ်ရည်သန့်ပြန့်သော သူတစ်ယောက်ပင်။

'လမ်းလျှောက်လို့ ရနေအားသလား'
နန်းနန်းက လူငယ်ကိုကြင်နာစွာမေးသည်။
လူငယ်က ခေါင်းညိတ်ပြလိုက်၏။
ထို့နောက်....
လူငယ်က လိုက်လာသောက်သို့လှည့်ကာ....

'အခုဆိုရင် ခင်ဗျားကျုပ်ကိုမြင်သွားပြီ၊ ဟုတ်တယ်မဟုတ်လား'

'မင်းကိုကြည့်ရတာ ဖျားနေသလိုပဲ'
ကြူးဝူက ပြန်မေးလိုက်သည်။
ကြူးဝူ၏ရုပ်သွင်ဟန်အမူအရာကို ယခုတိုင်မမြင်ရ။

သို့သော်....
အလွန်စိတ်လှုပ်ရှားနေကြောင်း သိသာနေ၏။
ကြူးဝူသည် ဟန်ကိုယ့်ဖို့ဆိုသည့်မှုကို အတတ်နိုင်ဆုံး ထိန်းသိမ်းထားပုံပင်။
'မင်း ဒီကိုဘာဖြစ်လို့လျှောက်မလာတာလဲ'





ကြူးဝူက မေးလိုက်သည်။
လူငယ်က....
'လာမလို့ပဲ'
လူငယ်သည် သက်ယပ်ပင်ရှေ့သို့ထွက်လာသည်။
သူ့ခြေလှမ်းအနေးကွေးသော်လည်း တစ်ချက်မှ ချပ်မနေဘဲ မသွားပေ။
ကျောက်လှေကားထစ်ကို တက်နေသော်လည်း သူ့ခြေလှမ်းက ရပ်တန့်မသွားပေ။
လှေကားထစ်ကိုနင်းလျှင် အသာတ်ခံရမည်။
ထိုရာဇသံကို လူငယ်ကလုံးဝမှုပုံမရပေ။
လိုက်ကာအနီးရှိနံရံမှ လိုက်ကာများ တွန်းထွက်လာမြန်စေသည်။
သို့သော်....
လူငယ်ကမသိကျိုးကျွံပြုထား၏။
ပွကျန့်၊ လျှာမရှိညစ်ပုလွေ၊ ရွှေငွေဓားညီနေစင်၊ ခြေထောက်ကျိုး အတိုးအို၊ အားလုံးပင်ထိပ်သီးသိုင်းသမားများ ဖြစ်ကြသည်။
သို့သော်....
လူငယ်၏မျက်စိထဲတွင်မူ ယင်းလူစုသည် လူသေကောင်များ ဖြစ်နေသည်။
ကြူးဝူ၏လေသိုင်းပညာသည် အစွမ်းထက်လှသည်။
သိုင်းလောကတွင် သူကဲ့သို့လူမျိုး အလွန်ရှားသည်ဟုဆိုရပေမည်။

လူငယ်ကလည်း နွယ်နွယ်ရရမဟုတ်။
ကြူးဝူထက် အစွမ်းထက်မည့်ပုံပင်။
သို့သော်....
သူ့ပညာကို လူပုံအလယ်တွင် မပြသေးချေ။
သူတို့နှစ်ယောက် တိုက်ရိုက်ထိတ်တိုက်တွေ့လျှင် မည်သူက အသာလေမည်နည်း။
မှန်းဆရခက်လှသည်။
အားလုံးပင် ရင်တမမဖြစ်နေကြသည်။
မကြုံစဖူး ပွဲကြီးပွဲကောင်းကိုမြင်တွေ့ရမည်ကတော့ သေချာနေပေသည်။



အခန်း (၂၉)

လူငယ်က လိုက်ကာနားရောက်နေပြီဖြစ်သည်။
ကြူးဝူသည် ယာဉ်တိုင်လိုက်ကာနောက်ကွယ်တွင် ငြိမ်သက်စွာ ထိုင်နေဆဲ။
သူသည် မုချနိုင်ရမည်ဟု အပိုင်တွက်ထားလေသည်လား။
'သူများတောင်သွားစံ့တယ်၊ ငါက ဘာဖြစ်လို့မသွားဝံ့ရမှာလဲ၊ ငါဆ သူများကြိုးဆွဲရာကနေရတဲ့ မြင်းကြီးလိုဖြစ်နေသလား'
ရှောက်မှာ ထိုသို့တွေးနေမိသည်။
မည်သည့်ကိစ္စမဆို သူသည် စည်းညည်းခံနိုင်သည်။
သို့သော်....
သတ္တိကြောင်သောအဖြစ်မျိုးကိုတော့ အဖြစ်မခံနိုင်။

လောကတွင် လူအချို့ရှိ၏။

သူတို့သည် သေချင်သေပါစေ၊ မည်သည့်နည်းနှင့်မျှ အညံ့မခံနိုင်။

ရှောက်မာသည်လည်း ထိုလူစားထဲကဖြစ်သည်။

ရှောက်မာ ချက်ချင်း ရှေ့သို့ခုန်ထွက်လိုက်သည်။

ကျောက်လှေကားဆင်ကို ခုန်ပျံကျော်လွှားတက်လိုက်၏။

သူ့ကို မည်သူကမျှ သတိမမူမိကြ။

လူအားလုံး လူငယ်ထံသို့အာရုံရောက်နေကြသောကြောင့်ပင်။

သူ့ကိုလူအားလုံး အာရုံစိုက်မိချိန်တွင် လိုက်ကာအတွင်းစင်က ကြူးဝူ၏ရှေ့မှောက်သို့ ရောက်သွားခဲ့ပြီဖြစ်သည်။

လိုက်ကာအတွင်းသို့ ကိုယ့်သဘောနှင့်ကိုယ် ဝင်ရောက်သွားပါက မရှုမလှသေဆုံးရမည်သာဖြစ်သည်။

သို့သော်...

ရှောက်မာ မသေပါချေ။

ကြူးဝူသည် ငြိမ်သက်စွာထိုင်မြဲထိုင်နေသည်။

ရှောက်မာကို ရန်ပြုခြင်းအလျဉ်းမရှိ။

ကြူးဝူကို သေသေချာချာကြည့်မိသောအခါ ရှောက်မာ တစ်ကိုယ်လုံးတောင့်တင်းသွား၏။

ပွဲစင်ပေါ်က ကျောက်ရုပ်အဖြစ် ကူးပြောင်းသွား၏။





ရှောက်မာသည် ကာကယ့်ကျောက်ဆစ်ရုပ် ဖြစ်မသွားပါချေ။

အားမိခံရခြင်းလည်း မရှိ။

သူသည် လုံးဝမျှော်လင့်မထားသော ကိစ္စရပ်ကို တွေ့လိုက်ရသည်က အမှန်ပင်။

ကြူးဝူသည် သေနေပြီဖြစ်ကြောင်း ရှောက်မာသိရှိလိုက်ရသည်။

ယခုမှ သေသွားခြင်းမဟုတ်၊ ကြူးဝူ သေနေသည်မှာ ကြာခဲ့ပြီဖြစ်သည်။

အမွှေးတိုင်များမှ အခိုးငွေ့များက တလူလူလွင့်နေသည်၊

ကြူးဝူသည် ပလ္လင်ကဲ့သို့သော ထိုင်ခုံတွင် ငြိမ်သက်စွာထိုင်နေသည်၊

သူ့မျက်နှာမှ ကြွက်သားများ ရှုံ့တွနေသည်။

အသားများ ကြုံ့ဝင်နေသည်။

အလွန်တည်ကြည်သော ရုပ်သွင်သည် ရင်တုန်ဖွယ် ကောင်းလောက်အောင် အကြည်ရဆိုးနေ၏။

သူမည်သည့်အချိန်က သေခဲ့ကြောင်း မခန့်မှန်းနိုင်ပါချေ။

သူ့အလောင်းက ပုပ်ပွခြင်းမရှိ။

အနံ့ဆိုးမထွက်အောင် ဆေးတစ်မျိုးဖြင့် မွမ်းမံထားပုံရ၏။

တစ်စုံတစ်ယောက်အား သူ့အခလောင်းကို အသုံးချပြီး ဝံပုလွေ ဘောင်ပေါ်တွင် လူအများအား လှည့်စားကာ သြဇာပေးနေခြင်းဖြစ်သည်။

ထိုသူသည် စောစောက အသံရှင်သာ ဖြစ်ပေလိမ့်မည်။ သူ့လျှို့ဝှက်ချက်ကို အသိမခံနိုင်။

ဘယ်သူ့ကိုမှ လိုက်ကာနောက်သို့ ဖာပ်ခွင့်မပေးခဲ့ချေ။

သူ စိတ်ချထားသူမှာ လျှာမရှိသူဖြစ်သည်။

သူမှသည် စကားမပြောနိုင်။

ထို့ကြောင့် ထိုသူ လျှို့ဝှက်ချက်ကို မဖော်နိုင်ပါချေ။

ကျန်းလုံကျိသည် လိုက်ကာနောက်သို့ အသေခံပြီး ခုန်ဝင်ခဲ့သည်။

ထိုစဉ်က ကျန်းလုံကျိ၏ အပြုအမူကို ရှောက်မာ နားမလည်နိုင်။

ယခုမူ သဘောပေါက်သွားပြီဖြစ်၏။
ကျန်းလုံကျိသည် မျက်စိအလွန်လျင်သည်။

နားထိုင်းသော်လည်း နားပါးအောင် လေ့ကျင့်ခဲ့လေသည်။
လူတစ်ယောက် နှုတ်ခမ်းလှုပ်လိုက်လျှင် ဘာစကားပြောသည်ကို သူသိသည်။





ကျန်းလုံ့ကျိအား မျက်စိအလွန်လျင်သဖြင့် လိုက်ကာနောက်ကွယ်မှ....
'ရပ်လိုက်'

ဟု တားလိုက်ရာတွင် ကြူးဝူ ပါးစပ်လှုပ်သည်ကို မြင်သွားသည်။

ထိုအခါ လျှို့ဝှက်ချက်ကို ကျန်းလုံကျိ သိသွားချေမည်။

ထို့ကြောင့်...

ကျန်းလုံကျိက ကြူးဝူကိုယ်စား တစ်စုံတစ်ယောက်အယောင်ဆောင်နေမှန်း သိ၍ လိုက်ကာနောက်သို့ ဝင်ရန် ကြိုးစားခဲ့ခြင်းဖြစ်မည်။

သို့နှင့် အယောင်ဆောင်က ကျန်းလုံကျိကို နှုတ်ပိတ်လိုက်မည်။

ရှောက်မာသည် အကာန်ကြာသည်အာ ထိ ငိုင်တိုင်တိုင်ဖြင့် ရပ်နေသည်။
ရှောက်မာ ထက်မြင်းချပြီး ကိုယ်ကို ငုံ့လိုက်သည်။
ထိုအခါ ဝမ်းနည်းပက်လက် ဖြစ်နေပုံရသော လူငယ်ကို တွေ့လိုက်ရ၏။
လူငယ်သည် ကြူးဝူအား ငြိမ်သက်စွာ ကြည့်နေသည်။
သူ့မျက်နှာတွင် မျက်ရည်များဖြင့် ရွှဲရွှဲစိုနေ၏။
'မင်းဘယ်သူလဲ'

ရှောက်မာ မေးလိုက်သည်။

လူငယ်က ဘာမှ ပြန်မဖြေပါချေ။

'မင်းက နန်းအမျိုးအနွယ် မဟုတ်ဘူး၊ နာမည်က နန်ကျိုယင်လဲ မဟုတ်ဘူး'

လူငယ်က ငြိမ်မြဲငြိမ်နေဆဲ။

'မင်းက ကြူးအမျိုးအနွယ် မဟုတ်လား'

လူငယ်က ငြင်းဆိုခြင်းမပြု၊ ကြူးဝူရှေ့မှောက်တွင် တဖြည်းဖြည်း ဒူးထောက် ထိုင်ချလိုက်၏။

'မင်းက သူ့သားပဲလား'

'ဟုတ်တယ်၊ သူဟာ ကြူးဝူရဲ့သား ကြူးယင်ပါပဲ'

ဖြေသူမှာ လူငယ်မဟုတ်ပါချေ။

လိုက်လာသောနောက်ကွယ်မှ တစ်စုံတစ်ယောက်က ဖြေလိုက်ခြင်းဖြစ်၏။

လူငယ်မှာ မျက်ရည်တွေတွေ ကျနေဆဲပင်။

ပုကျန့် အခန်းထဲရောက်လာသည်။

ကြူးဝူ၏ အလောင်းကို ခပ်လှမ်းလှမ်းမှ ကြည့်နေသည်။

ပုကျန့်သည်လည်း မျက်ရည်စဲလုမတတ် ရှိနေ၏။

'ခင်ဗျားနဲ့သူ ဆက်ဆံတာကြာပြီ၊ မိတ်ဆွေရင်းတွေဖြစ်ပြီ ဟုတ်တယ်မဟုတ်လား'

ရှောက်မာက ပုကျန့်ကို လှည့်မေးလိုက်၏။





'ဟုတ်တယ်၊တို့ ရင်းနှီးတာ နှစ်အတော်ကြာသွားပါပြီ'

'ဒါပေမယ့် ကြူးယင်ဟာ သူ့ရဲ့သားဆိုတာ စောစောတုန်းက ခင်ဗျားမသိပါလား'

'ကြူးယင်ဟာ ဆယ့်သုံးနှစ်သားတုန်းက တောင်ပေါ်က ဆင်းသွားတယ်၊ ဆယ်နှစ်အတွင်း သူဟာ တစ်ခါမှ ပြန်မလာဘူး'

ပုကျန့်က ရှင်းပြလိုက်သည်။

ဆယ်နှစ်ဆိုသည်မှာ နည်းလှသည့် အချိန်မဟုတ်။

လူတစ်ယောက်သည် ထိုနှစ်အတွင်း တစ်နည်းမဟုတ် တစ်နည်း ပြောင်းလဲသွားနိုင်ပေ၏။

'သူ ဘာဖြစ်လို့ ထွက်သွားတာလဲ၊ ဘာဖြစ်လို့ တစ်ခေါက်မှ ပြန်မလာလဲ'

ရှောက်မာက မေးလိုက်၏။

'သူ သိုင်းပညာမှာ ပါရမီထူးတယ်၊ ခြောက်နှစ်သားအရွယ်ကတည်းက သိုင်းပညာကို လေ့ကျင့်ခဲ့တယ်။

ဆယ့်သုံးနှစ်သား အရွယ်မှာ သူ့အဖေနဲ့ မတိမ်းမယိမ်း ဖြစ်နေပြီလို့ သူ့ကိုယ်သူ ထင်လာတယ်။

တစ်ယောက်တည်း သိုင်းလောကထဲ ဝင်ဖို့ ဆုံးဖြတ်ခဲ့တယ်၊ သူ့အဖေက တားတယ်။

သူ့အဖေက ကန့်ကွက်တယ်ပေါ့၊ သူတို့မှာ သားတစ်ယောက်တည်းရှိတော့ သူတို့အနားမှာ နေစေချင်တာပေါ့'

'ဒါကြောင့် ကြူးယင်က နုံးထွက်သွားတယ် ဆိုပါတော့'

'သူက အသက်ငယ်ပေမယ့် အမြော်အမြင်ကြီးတယ်၊ သူ့အဖေလိုပဲ စိတ်ဓာတ်ပြင်းထန်တယ်။

တစ်ခုခုလုပ်မယ်လို့ စိတ်ကူးမိရင် ဘယ်သူမှ တားလို့မရဘူး၊ ဒီမှာနေရင် သူ့အဖေဆီက ပညာပဲ ရမယ်လို့ ယူဆဘာတယ်၊ သူက သိုင်းပညာကို တစ်ဖက်ကမ်းခတ် တတ်မြောက်ချင်တယ်'

ပုကျုန်းက ဆက်ပြောသည်။

ရှောက်မာက ငြိမ်၍ နားထောင်လိုက်၏။

'ဆယ်နှစ်အတွင်း သူ ဘယ်ကိုရောက်နေမှန်း မသိဘူး၊ ဒါပေမယ့် ဒုက္ခတွေလိမ့်မယ်ဆိုတာကိုတော့ ငါရော သူ့အဖေပါ နားလည်ထားကြတယ်'

'ဆယ်နှစ်အတွင်း သူ ဘာတွေလုပ်ခဲ့တယ်ဆိုတာ မင်းသိမှာပေါ့'

နန်နန်က ဝင်လာသဖြင့် ရှောက်မာက မေးလိုက်၏။

'သူ ဒုက္ခရောက်ခဲ့တာ အမှန်ပဲ၊ ဒါပေမယ့် အဆင့်မြင့်သိုင်းပညာ တော်တော်များများ ရခဲ့တယ်၊

သူ့အလဲ သိုင်းပညာသာ ရမယ်ဆိုရင် ဘာလုပ်ရလုပ်ရ လုပ်ရတယ်'





နန်နန်က ပြော၏။

အောင်မြင်မှု ရယူရန်မှာ လွယ်ကူသည့်ကိစ္စမဟုတ်၊ အချိန်ယူရမည် ဒုက္ခခံရမည်။

ကြိုးစားရမည်။

သို့မှသာ အောင်မြင်မှုကို ရနိုင်၏။

'နောက်ပိုင်းမှာတော့ သူ စိတ်ပြောင်းသွားတယ်၊ အထင်နဲ့ လုံးလုံးမတူတော့ဘူး။

သိုင်းပညာ ဘယ်လောက်ပဲတော်တော် ဘာမှ အရာမရောက်ဘူး၊ သိုင်းပညာတော်လေ အထီးကျန်ဆန်လေပဲလို့ ထင်လာတယ်။

ဘာဖြစ်လို့လဲဆိုတော့ သူ့မိသားစုနဲ့ ကွဲကွာနေတယ်၊ မိတ်ဆွေသားဘတ်တော့ မိတ်ဆွေလဲ မရှိဘူး။

သိုင်းပညာ အဆင့်မြင့်လာလေလေ၊ သူဝေဒနာ ခံစားရလေလေ ဖြစ်လာတယ်'

ယင်းခံစားချက်ကို ရှောက်မာ သဘောပေါက် နားလည်သည်။

ခြေသလုံးအိမ်တိုင်ဘဝနှင့် နေဖုးသူခွန်သမျှ ထိုခံစားချက်ကို သဘောပေါက်မည်သာ ဖြစ်၏။

'မင်း သူ့ကို ဂရုမစိုက်ဘူးလား'

ရှောက်မာက နန်နန့်ကို စိုက်ကြည့်ကာ မေးလိုက်၏။

'ဂရုစိုက်တာပေါ့၊ သူလိုချင်တဲ့ မေတ္တာအရှာကို ကျွန်မက အပြည့်အဝ မပေးနိုင်ဘူး၊ ဒါကို သူအလဲ သိနေတယ်'

'သူက ဖခင်ရဲ့ မေတ္တာမျိုးကို တောင့်တနေတယ်ပေါ့'

'သူ အကြည်ညိုဆုံး လူ အချစ်ဆုံးလူဟာ သူ့အဖေပဲ၊ ဒါပေမယ့် သူက စိတ်ဓာတ် မြင့်ထန်တယ်။

ဒီအချက်ကို ဘယ်တော့မှ ဝန်မခံဘူး၊ နောက်ပြီး ခိုးထွက်တဲ့မို့ ပြန်သွားဖို့ မျက်နှာပူနေတယ်။

ဒါနဲ့ သူ တင်းခံနေခဲ့တယ်'

'တို့ သူ့ကို လိုက်ရှာသေးတယ်'

ပုကျွန်က ဝင်ပြော၏။

'အစတော့ ဖခင်ရဲ့မေတ္တာဟာ ဘယ်လောက် တန်ဖိုးကြီးတယ်ဆိုတာ သူ နားလည်တာမဟုတ်ဘူး။

နားလည်တဲ့အခါ ပြန်ချင်စိတ်ပေါ်လာတယ်၊ ဒီအချိန်မှာ ရှင်တို့ရဲ့သတင်း လုံးဝ မကြားရတော့ဘူး'

နန်းနန်းက ဆက်၍ပြော၏။

လောကတွင် ထိုဖြစ်ရပ်မျိုး ရှိနေမည်မှာ အမှန်ပင်။

အယူအဆကွဲခြင်းသည် လူသားများကို ဒုက္ခရောက်စေနိုင်သည်မှာ အမှန်ပင်။

တစ်ချက်မှားသည်နှင့် အဖတ်ဆည်၍ မရနိုင်အောင် ကြေကွဲဝမ်းနည်းမှုနှင့် ကြုံရတတ်၏။





'ကျွန်မတို့ မိသားစုကို သူ စွယ်ခဲ့ဖူးတယ်၊ သူ ဒုက္ခရောက်နေတာကို ကျွန်မ ဘယ်ကြည့်ရက်ပါ့မလဲ။

ဒါကြောင့် သူ့အစား စာတော်တော်များများ ရေးပို့ခိုက်တယ်။

ဖံပုစလွတောင်အရောက် ပို့နိုင်အောင် နည်းအမျိုးမျိုး ကြံခဲ့တယ်၊ ဘကြီးကြူး သူ့ကို လာခေါ်ပါစေလို့ ဆုတောင်းခဲ့တယ်'

'ဒါတွေ တို့ဘာမှ မသိပါလား'

'ကျွန်မတို့ လုံးဝမျှော်လင့်မထားတဲ့ ကိစ္စမျိုး ဖြစ်လာခဲ့တယ်၊ ကျွန်မ စာလှမ်းပို့ပြီး မကြာမီမှာ လူတစ်ယောက် ဖံပုစလွတောင်က ဆင်းလာတယ်။ ဘကြီးကြူးရဲ့ အကြောင်းဖြချက်ပါလာတယ်'

'ဘယ်လို အကြောင်းပြချက်လဲ'

ပုကျွန်အ မေးလိုက်၏။

'အဲဒီလူနာမည်က စုန်ခန်းလို့ခေါ်တယ၊ ကြည့်ရတာ လူရိုးကြီးပဲ၊ ဘကြီးကြူးရဲ့ လူယုံလို့ သူအပြောတယ်'

'ဒီနာမည်ကို ငါ တစ်ခါမှ မကြားဖူးပါလား'

'နာမည်က အတုပဲ၊ ဒါပေမယ့် ဘယ်သူဘယ်ဝါဆိုတာ ကျွန်မတို့ ဘယ်တော့မှ သိနိုင်မှာ မဟုတ်တော့ဘူး'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုရင် ဒီလူဟာ သဘာဝကြောင့်ပြီ၊ သူယူလာတဲ့ ပစ္စည်းက ဖယောင်းလုံး တစ်ခု၊ ကြူးယင်ကိုယ်တိုင် ခွဲကြည့် ရမယ်တဲ့ ဘာဖြစ်လို့ဆိုတော့ ဖယောင်းလုံးထဲမှာ အကြီးကြူး ဏာ သူ့တံဆိပ်ရိုက်တဲ့ လျှို့ဝှက်စာ ရှိနေတယ်။

တခြားလူ မြင်သွားမှာ စိုးလို့တဲ့ ဘာကယ်တော့ ဖယောင်း လုံးထဲမှာ အဆိပ်အငွေ့နဲ့ အဆိပ်အပ်သုံးချောင်း ထည့်ထား တယ်'

ကြူးယင် အငိုက်မိခံလိုက်ရတယ်ပေါ့

ရှောက်မာက ဖြတ်မေးလိုက်၏။

'အ ဖေအ ကိုယ့်ဘာသာကိုယ်လုပ်ကြံလိမ့်မယ်လို့ ဘယ်သူ ထင် မှာလဲ၊ သူလဲပဲ ဒီ အတိုင်းပဲ။

ကံကောင်းတာက သူက အဆင့်မြင့် သိုင်းပညာကို ကျင့် ထားတဲ့သူ၊ ကိုယ်ခံအားကောင်းတယ်။

အဆိပ်တစ်ဝက်ကျော်လောက်ကို ညှစ်ထုတ်နိုင်ခဲ့တယ်'

စုန့်စန်း ကကော

ရှောက်မာ ဖြတ်မေးလိုက်၏။

'စုန့်စန်းကတော့ အဆိပ်မိခံလိုက်ရတယ်နော်၊ သူ့ ထွက် ပြေးမယ်လုပ်တုန်း အဆိပ်တက်လာတယ်၊ တစ်ခဏအောင့်ကြာတော့ ဆူပ်ပွာတယ်

'ဆော်တော် ရက်စက်လှပါလား'

ရှောက်မာက လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း ပြောလိုက်၏။

နှန်းနှန်းကထက်၍ပြော၏။





'ဘယ်မိဘမဆို သားသမီးအပေါ် ဒီလိုမလုပ်ရက်ဘူးဆိုတာ ကျွန်မတို့ သိတယ်။

တစ်ယောက်ယောက်က စုန့်စန်းကို ခိုင်းလိုက်တာပဲ ဖြစ် မယ်၊ သားအဖ ပြန်ဆုံမှာစိုးလို့ အခုလို လုပ်လိုက်တာပဲ ဖြစ် မယ်၊ ဘာဖြစ်လို့လဲဆိုရင်....။

ကြူးယင် ပြန်သွားရင် အဖေရဲ့ အမှုကို ဆက်စုံရမှာပဲ၊ သူကိုယ်တိုင်တတ်တဲ့ သိုင်းပညာ အထွတ်အထိပ် ရောက်နေတယ်၊ ကျွန်မတို့ နောက်တစ်ချက် တွေးမိသေးတယ်

'ဘယ်အချက်လဲ'

ရှောက်မာက မေးသည်။

'လုပ်တဲ့လူက ဒါလောက်တောင် လုပ်ဝံ့တယ်၊ ဒါလောက် တောင် ရက်စက်တယ်ဆိုရင် ဘကြီးကြူးက မအေသေးတာ တောင် အ[illegible]သန့်ဖြစ်နေလိမ့်မယ်လို့ ကျွန်မတို့ ထင်တယ်၊

ကြူးဂူ ကျန်းကျန်းမာမာ ရှိနေမယ်ဆိုရင် ဘယ်သူမှ ဒီလို လုပ်ဝံ့မှာ မဟုတ်ဘူး၊ လုပ်ရဲမှာ မဟုတ်ဘူး'

ပုကျန့်က ဝင်ပြော၏။

'သားအဖပဲ... ယောဇဉ် ရှိကြတာချည်းပဲ၊ ဒီတစ်ခါ တော့ ကြူးယင်က ခေါင်းမမာနိုင်တော့ဘူး။

ဒါပေမယ့် တစ်ခု စဉ်းစားမိပြန်တယ်၊ ဒီလူက ဒီလောက် လုပ်ဝံ့တယ်ဆိုတော့ ဒီတောင်ပေါ်မှာ သြဇာရှိသင့်သလောက် ရှိမှာပဲ။

သူ့လူတွေ အများကြီး ရှိမှာပဲ၊ ကျွန်မတို့လဲ တောင် ပေါ်တက်ရင် ဘကြီးကြူးကို မတွေ့နိုင်တဲ့အပြင် ကျွန်မတို့

ကြောင့် ဘကြီးကြူး ဒုက္ခရောက်သွားနိုင်တယ်ဆိုတာ စဉ်းစားမိတယ်'

ထိုအခါ ပုကျန့်က—

'ကြီးကြူး သေသလွှားရှင်သလားဆိုတာ မင်းတို့ သိမှ မသိတာဘဲ၊ ကြူးယင်က သိုင်းပညာ တော်ပေမယ့် အသိပ်မိ ထားလေမှ

အရေးအကြောင်းကြုံရင် တစ်ပန်းရှုံးတယ်၊ ဒီအကြောင်း တွေလဲ ပါတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျုန်မတို့လဲ ကြာကြာ စောင့်မနေနိုင်ဘူး၊ ဒါကြောင့် ဘေးကင်းတဲ့ နည်းတစ်နည်းကို ရှာခဲ့ကြတယ်'

'ဒါဖြင့် မင်းတို့က ငါ့ကို သတိရလိုက်တယ်ပေါ့'

နန်နန်က ခေါင်းညိတ်ပြလိုက်သည်။

'အမှန်ဆိုရရင် ကျုန်မတို့က ရှင့်ကို မလိမ်ချင်ပါဘူး၊ ဒါပေမယ့် ဒီကိစ္စက ပိုပိရိရိလုပ်မှဖြစ်မယ်။

သတင်းနည်းနည်း ပေါက်ကြားသွားတာနဲ့ ကိစ္စအားလုံး ပျက်သွားနိုင်တယ်။

'ဟုတ်ပါတယ်၊ ငါက မင်းတို့ကို အပြစ်မတင်ပါဘူး၊ ငါ့ ကျေနပ်လို့ လုပ်တာပဲ၊ အပြစ်တင်စရာ မလိုပါဘူး'

ရှောက်မာက ပြန်ပြောလိုက်၏။

'ငါ တစ်ခုပဲ သိချင်တယ်'

ရှန်ပဲ့ဖုံး ဝင်ပြော၏။

'ဘာသိချင်တာလဲ'

ရှောက်မာက မေး၏။





'ဒီလုပ်ကြံမှုကို ကြိုးကိုင်တာ ဘယ်သူလဲ၊ ငါ့ကို သိမှဖြစ်မယ်'

ရှောက်မှာ ငြိမ်နေသည်။

နန်နန်နှင့် ပုကျန့်ကလည်း ထိုအတိုင်းပင်ဖြစ်၏။

အူတုံ့မှာ လူတစ်ယောက်ကို ပြေး၍ သတိရမိ၏။

ထိုသူသည် အခြားသူ မဟုတ်။

သူတော်ကောင်းဝံ့ပုလွေ ဝင်းလျံယီဆိုသူ ဖြစ်၏။

သူသည် ဘကြီးကြူး၏ လက်ရုံးတစ်ဆူဖြစ်၏။

ဤမျှ အရေးကြီးနေချိန်တွင် ဝင်းလျံယီ ဘယ်ပျောက်နေပါသနည်း။

## အခန်း (၆၀)

ကြူးစူ ထိုင်ခဲ့သော ပလ္လင်လို ထိုင်ခုံအောက်တွင် လျှို့ဝှက်မြေအောက်လမ်းတစ်ခုရှိသည်။

ကြူးစူဟန်ဆောင်သူက ထိုမြေအောက်လမ်းမှ ရှောင်ထွက်သွားခြင်း ဖြစ်ပေလိမ့်မည်။

ထိုသူသည် ဝင်းလျံယိပင်လော။

သူသည် မည်သည့်နေရာသို့ ပြောင်းပြေးသွားပါသနည်း။

'ဘယ်လောက်ပြေးပြေး ပြေးမလွတ်ပါဘူး'

ရှောက်မာက ပြောသည်။

'တို့ လိုက်သွားရင်တောင် ဒီလမ်းကို သုံးလို့ရမှာမဟုတ်ဘူး'

ပုကျန့်ကပြောသည်။

'ဘာဖြစ်လို့လဲ'





'ဒီလူက ဆင်မတန် ဉာဏ်များတယ်၊ စိတ်လဲကြမ်းတယ်၊ ဟန်ဆောင်ကောင်းတယ်။

မြေအောက်လမ်းမှာ ထောင်ချောက်တစ်ခုခု ဆင်ထားမှာပဲ။ စိတ်ကို ထိန်းနိုင်ဖို့ အရေးကြီးတယ်၊ တစ်ဇွတ်ထိုး လုပ်လို့မဖြစ်ဘူး'

ပုကျန့်က အတွေ့အကြုံရှိသူပီပီ သတိပေး၏၊
ပုကျန့်စကားကို အားလုံးက လက်ခံကြ၏။
ကြူးယင်၏ ဆုံးဖြတ်ချက်ကို ငံ့လင့်နေကြသည်။

ရှောက်မာ တစ်ဦးတည်းသာ စောင့်မနေနိုင်။
သူသည် အပြင်သို့ ပြေးထွက်သွား၏။
နန်နန်က နောက်မှ ပြေးလိုက်ရင်း...

'ရှင် ဘယ်သွားမလို့လဲ၊ ဘာလုပ်မလို့လဲ'
'ဘယ်သူလဲ'

'မျက်နှာဖုံးနောက်ကွယ်မှာ ပုန်းနေတဲ့ လူတစ်ယောက်ပဲပေါ့'

'ဒီလူက ဝင်းလျံယိပဲလို့ ရှင်ထင်သလား'
'ဟုတ်တယ်'
ရှောက်မာက တိကျပြတ်သားစွာ ပြောလိုက်သည်၊
အပြင်တွင် အလင်းရောင်ရှိနေ၏၊
နေရောင်ပင်ဖြစ်၏။

နေရောင်မှာ ရေတာန်ပေါ်သို့ ဖြာကျဆင်းနေ၏၊
ညနေခင်းမတိုင်မီက အတိုင်း
ရာသီဥတုအေးသာယာနေ၏။

နေရောင်မှာ ရွှေရောင်မျက်နှာဖုံးပေါ်သို့ ရောင်ပြန်ဟပ်သွားသည်။

'သူပဲလား'
'ဟုတ်တယ်၊ သူ့တလွဲရင် ဘယ်သူမှ မဖြစ်နိုင်ဘူး'
ခံပြင်းခြင်းမှာ လူတစ်ဦး၏စိတ်ကို တက်ကြွစေနိုင်သည်။
'မင်းအ အခုထိ ဒီနေရာမှာရှိနေသေးကိုး'

ရှောက်မဇက နေမင်းစေတမန်ကို စေ့စေ့ကြည့်ကာ မေးလိုက်သည်။

'အဲဒါဘာဖြစ်လဲ။ ငါဘာဖြစ်လို့ တခြားနေရာကို သွားနေရမှာလဲ'

နေမင်းစေတမန်က ဘုကျကျပြန်ပြော၏၊
'မင်း တခြားနေရာရှောင်နေသင့်တာပေါ့'
'ဘာဖြစ်လို့လဲ'
'မင်းကိစ္စ မင်းအသိဆုံးပဲ'

ထိုသူမှာ ကြူးဝူ၏ရုပ်အလောင်းကို အသုံးချကာ ဝံပုလွေများက အုပ်စိုးခဲ့၏၊ ကြူးဝူတို့သားအဖ ဆုံမိစေရန် ကြူးဝူကို လှုပ်ကြံခဲ့သည်။





သူက နေမင်းကို ဗန်းပြပြီးလိမ်ခဲ့သည်။
လူငယ်တို့ကိုအပျော်ဘာပါ၊တွင်နစ်မြုပ်စေကာဖျက်ဆီးခဲ့၏။
ထိုကိစ္စတို့ကို ရှောက်မာက ဖွင့်ပြောရန် မလိုတော့ပါချေ၊
နေမင်းစေတမန်ကိုယ်တိုင် သိနေအောကြောင့်ပင် ဖြစ်သည်။

'မင်း မတော်အောင်အကြံပိုင်တယ်၊ ခက်တာက ကြူးယာင်အခုထိ အသက်ရှင်နေတုန်းပဲ၊ ငါလဲ....အသက်ရှင်နေတယ်'

ကြူးယင်သည် ရှောက်မာတို့နှင့် ပေါလှမ်းလှမ်းတွင်ရှောက်နေ၏၊ နေမင်းစေတမန်ကို ရပ်ကြည့်နေသည်။

'ကြူးယင် မအေသေးအော ဘူ့ရဲ့ကုသိုလ်ကံပဲ၊ မင်း မသေအောင်တာဖြစ် ငါ့အတွက်ကံကောင်းတယ်လို့ပြောရမယ်'
နေမင်းစေတမန်ကပြောသည်။
'ဘာဖြစ်လို့လဲ'
'ဘာဖြစ်လို့လဲဆိုရင် ကြူးယင်ဟာ မင်းရဲ့ မိတ်ဆွေ မဟုတ်ဘူး၊ လောက်ဖိနဲ့ ရှောက်မင်ဟာ မင်းရဲ့ မိတ်ဆွေရင်း ဖြစ်နေတယ်'
နေမင်းစေတမန်ကပြောသည်။
ရှောင်လင်နှင့်လောက်ဖိမှာ နေမင်းစေတမန် နောက်ကွယ်တွင် ရှိနေသည်။
'မင်းဆီမှာ လက်သီးနှစ်ဘက်ရှိသေးတယ်၊ ဓားသုံးတဲ့ မိတ်ဆွေ တစ်ယောက်လဲ ရှိသေးတယ်၊ ကြူးယင်အတော့ မျော့မျော့လေးပဲ ကျန်တော့တယ်'

'သူ့ကို သတ်ပေးရင် ရှောင်လင်ကို လွှတ်ပေးမယ်ပေါ့'

ရှောက်မာက မေးလိုက်သည်။

'ဟုတ်တယ်'

'မင်းကိုယ်တိုင် ဘာဖြစ်လို့ မသတ်တာလဲ'

'ငါမှာ သိက္ခာရှိတယ်'

နေမင်းစေတမန်က သိက္ခာစကား ပြောလာ၍ ရှောက်မာ ပြုံးလိုက်သည်။

'အသစ်တွေ အားဟာင်းခမ့် ဆိုတဲ့စကားအတိုင်း လူတွေဟာ အသစ်ကိုတွေ့ရင် အဟောင်းကို လှည့်မကြည့်ချင်တော့ဘူး၊ မင်းလဲ နန်နန်ကို တွေ့နေတော့ ရှောင်လင်ကို မေ့ထားလို့ရတယ်၊ ဒါပေမယ့် မင်းက အဲဒီလိုလူစားမျိုး မဟုတ်ဘူးဆိုတာ ငါကောင်းကောင်းသိတယ်'

နေမင်းစေတမန်က ဆက်ပြောသည်။

ရှောက်မာသည် ရှောင်လင်ကို အဆုံးရှုံး မခံနိုင်။

ရှောင်လင်အတွက် သူ့ကိုယ်သူ အဆုံးရှုံးခံနိုင်သည်။

ထိုအချက်ကို နေမင်းစေတမန် ကောင်းစွာ ရိပ်မိလေသည်။

'မင်းရဲ့ လက်သီးနဲ့ ချန်ဖဲ့ဖိရဲ့ခေါင်း ပေါင်းလိုက်ရင် ကြူယင်ကို ကောင်းကောင်းနိုင်မှာပါ'

ကြူယင်သည် ခပ်လှမ်းလှမ်းရှိ သစ်ပင်အကွယ်တွင် ရပ်မြဲရပ်လျက်ရှိသည်။

သူသည် နေမင်းစေတမန်ကို တိုက်ခိုက်ချင်သော်သည်း ငြိမ်သက်နေသည်။

သူသည် တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေသည်။





ရှောက်မာက ဒေါသဖြစ်သွားသော်လည်း လက်သီးမဆုပ်ဖြစ်တော့၊

အဘယ်ကြောင့်ဆိုသော်....

မမျှော်လင့်သော လှုပ်ရှားမှုတစ်ခုက ရုတ်တရက်ပေါ်ထွက်လာသောကြောင့်ပင်ဖြစ်သည်။

မြေကြီးပေါ်ဝပ်ပြီး နေမင်းစေတမန်၏ခြေကို ငုံ့နမ်းခဲ့သော လောက်ဖိသည် ရုတ်တရက် ထခုန်လိုက်သည်။

ထို့နောက် နေမင်းစေတမန်ကို အငင်းဝင်ဖက်ပြီး ရေကန်ထဲသို့ လိမ့်ဆင်းသွားတော့သည်။

ရေကန်ထဲ ဆင်းမသွားမီ လောက်ဖိက...

'မင်း...ငါ့အပေါ် ကောင်းခဲ့တယ်၊ အခုထိ မိတ်ဆွေလို့ သတ်မှတ်တယ်၊ ငါ...မင်းသိက္ခာကျမှာကို ဘယ်ကြည့်နေကပါ့မလဲ'

ဟု ပြောသွားသေးသည်။

ရေကန်ထဲတွင် လောက်ဖိနှင့်နေမင်းစေတမန် လုံးထွေးရင်း နစ်မြုပ်သွားတော့သည်။

လောက်ဖိသည် နေမင်းစေတမန်ကို သေသည်အထိ ဖက်တွယ်သွားမည်ဖြစ်သည်၊

သေမင်းထံသို့ အတူသွားကြခြင်းပင်။

သို့သော်....

လောက်ဖိက မသေမီအချိန်အတွင်း သူ့အမျိုးအပေါ်ကောင်းကျိုးကို ဆောင်ရွက်သွားခဲ့သေး၏။

နေမင်းစေတမန်ကဲ့သို့ ဒုစရိုက်သမားတစ်ယောက်ကို ခြေသမင်းနိုင်ငံသို့ ခေါ်သွားသည်မှာ တစ်နည်းအားဖြင့် လူအကျိုးကို ဆောင်ရွက်လိုက်ခြင်းပင်။

မိတ်ဆွေဟူသော စကားလုံးသည် အလွန်ပင်ရိုးစင်းလှ၏။

သို့သော်....

အင်မတန်နှလုံးနက်သော စကားလုံးလည်း ဖြစ်၏။

ထိုစကားလုံးအတွက် ကြူးယင်က အောက်ပါအတိုင်းမှတ်ချက်ချ၏။

'သိုင်းပညာ ဘယ်လောက်ပဲတော်တော် မိတ်ဆွေစစ်ကို မသိဘူးဆိုတာ ကျွန်တော် အခုမှ သဘောပေါက်တယ်၊ ဆောက်ဗီဟာ သိုင်းပညာနဲ့ ပတ်သက်လို့ နေမင်းစေတမန်ကို မမီနိုင်ဘူး၊ ဒါပေမယ့် သူ့မိတ်ဆွေအတွက် နေမင်းစေတမန်ကို အေမှင်းဆီ မရမက ခေါ်သွားခဲ့တယ်'

လူ့လောကတွင် တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်စိတ် အနစ်နာခံစိတ်ရှိပါက လူ့လောကကြီးသည် အဘယ်မျှနေချင့်စဖွယ် ကောင်းပါမည်နည်း။



## အခန်း (၆၁)

ညနေခင်းဖြစ်သည်။

နေရောင်ခြည်က တောက်ပနေသည်။

နေရောင်ကြောင့် ကန်ရေပြင်မှာ တဖိတ်ဖိတ်လက်နေ၏။

ရှောက်မာနှင့်ကြူးယင်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြ၏။

'နောင်ကြီးဟာ အင်မတန်ကြည်ညိုထိုက်တဲ့ လူတစ်ယောက်ဆိုတာ ကျွန်တော် အခုမှသိရတော့တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နောင်ကြီးဟာ မိတ်ဆွေတွေအပေါ် ယုံကြည်မှုရှိတယ်၊ မိတ်ဆွေတွေကလဲ နောင်ကြီးအပေါ် ယုံကြည်မှုရှိတယ်၊ နောင်ကြီးက မိတ်ဆွေအတွက် အသက်စတေးခံနိုင်တယ်၊ မိတ်ဆွေတွေကလဲ နောင်ကြီးအတွက် အသက်အသေခံဖို့ ဝန်မလေးဘူး'

ကြူးယင်က စကားဆိုသည်။

ရှောက်မာ နှုတ်ဆိတ်နေ၏။

'လောက်ဖိုတာ နောင်ကြီးအတွက် အခုလိုလုပ်လိမ့်မယ်လို့ ဘယ်သူမှ မထင်ဘူး၊ ကျွန်တော်လဲ မထင်ဘူး၊ ဒါကြောင့် ကျွန်တော်ဟာ နောင်ကြီးကို မမီနိုင်ဘူးဆိုတာ သိလိုက်ပါတယ်'

ရှောက်မာ ငြိမ်ငြိမ်နေ၏၊ သူသည် သူ့သိက္ခာကို ထိန်းပေးခဲ့သော လောက်ဖိုအတွက် ကြေကွဲနေရသည်။

'ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကို ကူညီခဲ့တဲ့အတွက်လဲ သိပ်ပြီး ကျေးဇူးတင်တယ်၊ ကျွန်တော်ကလဲ နောင်ကြီး အတွက် ကိစ္စတစ်ခုကို ဆောင်ရွက်ပေးနိုင်ပါလိမ့်မယ်'

ကြူးယင် မည်သည့်ကိစ္စ ဆောင်ရွက်ပေးပါမည်နည်း။

ရှောက်မာ မမေးပါချေ။

'ဘာကိစ္စဆောင်ရွက်ပေးမှာလဲ'

နန်နန်က ဝင်မေးသည်။

'နောင်ကြီး နှစ်သက်မယ့် ကိစ္စဖြစ်သလို အများမေတ္တာလဲ ဖြစ်ပါတယ်၊ ခုအချိန်ကစပြီး ဒီတောင်ပေါ်မှာ လူဝံပုလွေဆိုတာ လုံးဝ မရှိစေရဘူး၊ လူဝံ လူရှုပ်တွေကို အပျော်အပါးနဲ့ ဖျက်ဆီးနေတဲ့ ရှုပ်ပျော်ပျော် ဝံပုလွေဆိုတာလဲ မရှိစေရဘူး၊ ဝံပုလွေတောင်ဟာ နောင်ကြီးတို့လို သစ္စာတရားနဲ့ အေတ္တာသိုင်းသမားများသာ ကျက်စားတဲ့နေရာသာ ဖြစ်စေရမယ်'

'ကျေးဇူးတင်ပါတယ်'

ရှောက်မာက မပြောစဖူး ကျေးဇူးတင်စကားကို လေးလေးနက်နက်ပြောပြီး ကြူးယင်ရှေ့မှ လှည့်ထွက်ခဲ့သည်။

သူသည် ရှောင်လင်ရှိရာသို့ လျှောက်ခဲ့သည်။





ရှောင်လင့်မျက်နှာက ဖြူဖပ်ဖြူရော် ဖြစ်နေဆဲပင်။

သူမသည် ရှောက်မာကို မျက်နှာချင်းမဆိုင်ဝံ့ဘဲ ခေါင်းငုံ့ထားသည်။

'မင်း ငါ့ကို မုန်းမိနိုင်ပြီလား ရှောင်လင်'

'ရှင် ကျွန်မကို လိုက်ရှာနေမှန်း ကျွန်မ သိပါတယ်၊ ကျွန်မအတွက် ရှင် ဘာတွေလုပ်ခဲ့တယ်ဆိုတာလဲ ကျွန်မ သိပါတယ်'

'ဒါဆိုရင် မင်း...'

'ကျွန်မကို ခွင့်လွှတ်ပါ'

ရှောင်လင်က ဖြတ်ပြောလိုက်သည်။

'မင်းကို ခွင့်လွှတ်ဖို့ ငါ လိုက်ရှာနေတာပါ'

ရှောက်မာက ပြောသည်။

'ကျွန်မပြောတာက တစ်မျိုးပါ၊ ရှင်နဲ့ကျွန်မ ဘယ်နည်းနဲ့မှ အတူနေနိုင်တော့မှာ မဟုတ်ဘူး၊ ရှင်နဲ့ကျွန်မက ဘဝခြားသွားပြီ၊ ဘယ်လိုမှ ကျော်မရတဲ့ တံတိုင်းကြီး ခြားနေသလိုပါပဲ၊ အတူနေလို့ မဖြစ်တော့ဘူး'

ရှောင်လင်က ပြောရင်း မျက်ရည်ကျလာသည်။

'ကျွန်မကို တကယ်ချစ်ရင် ကျွန်မကို သွားခွင့်ပြုပါ'

ရှောက်မာ သူမဆန္ဒကို လိုက်လျောလိုက်ရတော့၏။

ရှောက်မာသည် ဆွေးနွေးသော ရှောင်လင်၏ကိုယ်ခန္ဓာသေးသေး မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်နေမိသည်။ ရှောက်မာ စကားတစ်ခွန်းမှ မပြော၊ မျက်ရည်လည်း မကျ၊ သူ့ရင်ထဲက မည်သို့ခံစားနေရသည်ကိုမူ သူတစ်ယောက်တည်းသာ သိသည်။

နန်းနန်းက သူတို့နှစ်ယောက်စလုံးကို အကဲခတ်နေသည်။

'လောကမှာ ကျော်လွှားလို့မရတဲ့ အုတ်တံတိုင်း ရှိသလား'

နန်းနန်းက မေးသည်။ ရွှောက်မာ လှည့်မကြည့်။ ချုန်ဖဲ့ဖိက ဝင်ဖြေသည်။

'မရှိဘူး'

'ဟုတ်တယ် မရှိဘူး၊ မေတ္တာစစ်မေတ္တာရှိဖို့ပဲ အရေးကြီးတယ်၊ မေတ္တာတရားဟာ ဘယ်လောက်မြင့်တဲ့ တံတိုင်းဖြစ်ဖြစ် ကျော်လွှားနိုင်ရမှာပဲ'

'ဟုတ်တယ်၊ တကယ့်မေတ္တာစစ်နဲ့ ချစ်တယ်ဆိုရင် အခက်အခဲကို ကက်တွဲဖြေရှင်းရမှာပေါ့'

ချုန်ဖဲ့ဖိက ပြောလိုက်သည်။

'ရှင် ဘယ်သူ့ကိုရည်ရွယ်ပြီး ပြောနေတာလဲ'

နန်းနန်းက မေးလိုက်သည်။ ချုန်ဖဲ့ဖိက...

'မြည်းလိုက တဲ့ ရွှောက်မာကို ရည်ရွယ်ပြောတာ၊ သူ့မိန်းကလေးကို ခွင့်လွှတ်နိုင်ရင် လိုက်သွားရမှာပေါ့'

ရွှောက်မာက ပြေးထွက်သွားသည်။

ရွှောင်လင်သွားရာနောက်သို့ လိုက်သွားခြင်းပင်။

ညနေဆည်းဆာရောင် တောက်လာသည်။

ရွှောက်မာနှင့်ရွှောင်လင် လက်တွဲသွားသည်ကို နန်းနန်းတို့ တွေ့လိုက်ရလေပြီ။

ဆည်းဆာညနေသည် လှပသာယာနေသည်။ ဆည်းဆာနေရောင်အောက်မှ ချစ်သူတို့က အလှဆုံးပါတည်း။

မောင်နှင်းဆွေ